ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်၊ စနေနေ့။ Saturday, 20 February 2021 ၁၀၂၉၄

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာ

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်

**ချစ်ကြည်လေးစားအပ်ပါသော ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကို မောင်နှမများခင်ဗျား-**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ကျရောက်သည့် (၇၃)နှစ်မြောက် ချင်းအမျိုးသားနေ့မင်္ဂလာအခါသမယ၌ ချင်းပြည်နယ်အတွင်းသာမက မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောက်ရှိနေထိုင်လျက်ရှိကြသော ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဗြိတိသျှကိုလိုနီနယ်ချဲ့တို့သည် ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ကျွန်ပြုပြီးသည့်နောက် တောင်တန်းနှင့် မြေပြန့်ဒေသများကို သွေးခွဲအုပ်ချုပ်ခဲ့ပါသည်။ ချင်းတိုင်းရင်းသားတို့သည် ကိုလိုနီလက်အောက်ကနေလွတ်မြောက်ရန် အသက် သွေးချွေး အိုးအိမ်စည်းစိမ်များစွာကို စတေးပြီး ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေးရရှိပြီးသည့်နောက် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် ချင်းပြည်နယ်၊ ဖလမ်းမြို့၌ လူထုညီလာခံကျင်းပပြီး တိုက်သူကြီးများ(စော်ဘွားများ)အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲကျင့်သုံးရန် ဆုံးဖြတ်ခဲ့ကြပါသည်။ အုပ်ချုပ်ရေးစနစ်ဟောင်းမှ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်သို့ ပြောင်းလဲရန် ဆုံးဖြတ်ခဲ့သည့် ဖလမ်းမြို့၊ လူထုညီလာခံကျင်းပခဲ့သည့် ဖေဖော်ဝါရီလ (၂၀)ရက်နေ့ကို **"ချင်းအမျိုးသားနေ့"** အဖြစ် ၁၉၅၀ ခုနှစ်၊ အောက်တိုဘာလ (၉)ရက်နေ့တွင် ရန်ကုန်မြို့၌ကျင်းပသည့် သတ္တမအကြိမ် ချင်းရေးရာကောင်စီညီလာခံက ရွေးချယ်သတ်မှတ် အတည်ပြုခဲ့ပါသည်။ ၁၉၄၈ ခုနှစ်မှ အစပြုပြီး သတ်မှတ်ခဲ့သည့် ချင်းအမျိုးသားနေ့သည် ယခုအခါ (၇၃)နှစ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ ချင်းအမျိုးသားနေ့သည် ဘာသာစကား၊ ယဉ်ကျေးမှုသမိုင်းအစဉ်အလာနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တူညီသည့် ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် သမိုင်းဝင် နေ့ထူးနေ့မြတ် ဖြစ်ပါသည်။

ချင်းပြည်နယ်သည် သဘာဝပထဝီအနေအထားအရ မြောက်မှတောင်သို့ သွယ်တန်းနေသည့် တောင်တန်းများ၊ ရှားပါးအပင်များပေါက်ရောက်ပြီး ရှားပါးသတ္တဝါများခိုအောင်းရာ ခေါ်နူးစုမ်တောင်၊ လှပသည့် ရိဒ်ရေကန်၊ ကုလားတန်မြစ်၊ မဏိပူရ်မြစ်၊ ဘွေနူးမြစ်၊ ဘုံတလာရေတံခွန် စသည့် လှပသည့် သဘာဝအရင်းအမြစ်များတည်ရှိရာ ပြည်နယ်တစ်ခု ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာသည်နှင့်အမျှ သဘာဝခရီးသွားလုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာမည်ဖြစ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ နေပြည်တော် စည်ပင်ဧည့်ရိပ်သာ၌ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများမှ အရာထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိသည်။

**ထိုးနှံပြီးစီး**

ယနေ့တွင် ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန ခြောက်ခုမှ အရာထမ်း ၄၅၇ ဦးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် အသက်(၆၅) နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဆောင်ရွက်လျက်ရှိရာ မှော်ဘီမြို့နယ်တွင် ၁၇၁ ဦး၊ မင်္ဂလာဒုံမြို့နယ်တွင် ၅၄၀၊ မရမ်းကုန်းမြို့နယ်တွင် ၁၄ ဦးတို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပြီးစီးကြောင်း သိရသည်။

**သတင်းစဉ်**



ကြေးမုံ ယနေ့ ဖတ်စရာ

**ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ**

စာမျက်နှာ » ၄

**ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြပါ**

ဆောင်းပါး စာမျက်နှာ » ၆






ကြေးမုံ

# ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်

နိုင်ငံခြားရေးရာမူဝါဒကော်မတီ၏ (၁/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ဖေဖော်ဝါရီလ ၁၈ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးရာ မူဝါဒကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို ရှင်းလင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒကို လွတ်လပ်၍တက်ကြွသည့် ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို စောင့်ထိန်းသည့် မူဝါဒ (၃) ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ပုဒ်မ-၄၁ တွင် ပြဋ္ဌာန်းထားသည်။ ပုဒ်မ (၄၂-က)တွင် နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု၊ ပုဒ်မ(၄၂-ခ)တွင် နိုင်ငံတော်သည် နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြားတပ်ဖွဲ့ဝင်မှ တပ်ချခွင့်မပြုဟု နိုင်ငံလုံခြုံရေးနှင့်ပတ်သက်၍ နိုင်ငံတကာအပေါ်တွင်ထားရှိသည့် သဘောထားကို အတိအလင်းပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံသည် အင်အားကြီးနိုင်ငံကြီး နှစ်နိုင်ငံကြားတွင် မဟာဗျူဟာကျသည့်နိုင်ငံအဖြစ် ရပ်တည်နေသည်။ "ယင်းနှစ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် မြန်မာနိုင်ငံအနေဖြင့် အထူးသတိကြီးစွာဆက်ဆံရန် လိုအပ်သကဲ့သို့ ယင်းနှစ်နိုင်ငံနှင့် ဆက်ဆံရေးအပေါ်မူတည်၍ မိမိတို့နိုင်ငံကို အခြားနိုင်ငံများက စိတ်ဝင်စားမှု များစွာရှိနေသည်ကို သတိပြုရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် နိုင်ငံခြားရေးမူဝါဒကို အထူးထိန်းသိမ်းဆောင်ရွက်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးချိန်မှစ၍ ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ချမှတ်ကျင့်သုံးခဲ့သည်။ စစ်အေးလွန်ကာလတွင် ကမ္ဘာပေါ်ရှိ နိုင်ငံများသည် မိမိတို့နိုင်ငံ၏အကျိုးစီးပွားကိုရှေးရှု၍ သီးခြားရပ်တည်နေထိုင်ခြင်း၊ အင်အားကြီးအုပ်စု တစ်ဖက်ဖက်သို့လိုက်ပါရပ်တည်ခြင်း တစ်မျိုးမျိုးကို ရွေးချယ်ခဲ့ကြသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏ပထဝီဝင်အနေအထားနှင့် အင်အားကြီးအုပ်စုနှစ်ခု၏ အားပြိုင်မှုအနေအထားကို ဆင်ခြင်၍ မည်သည့်ဘက်မျှမလိုက်သည့် လွတ်လပ်၍တက်ကြွသည့် နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးခဲ့သည်။ အိမ်နီးချင်းနိုင်ငံကြီး နှစ်နိုင်ငံနှင့်အတူ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ယင်းမူကြီး (၅)ချက်ကို မြန်မာ့နိုင်ငံခြားရေးမူအဖြစ် ခေတ်အဆက်ဆက်တွင် ခိုင်မြဲစွာကျင့်သုံး ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ထူးခြားသည့်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံနှင့် တရုတ်၊ အိန္ဒိယ အင်အားကြီး နိုင်ငံကြီးနှစ်နိုင်ငံအပြင် ဘင်္ဂလားဒေ့ရှ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်နေသည်။ ထို့ကြောင့် နိုင်ငံ၏နယ်စပ်ဒေသများ ထာဝရတည်ငြိမ်အေးချမ်းနေစေရန် အရေးကြီးသည်။ ထာဝရတည်ငြိမ်အေးချမ်းပြီး ငြိမ်းချမ်းချစ်ခင်သည့် အိမ်နီးနားချင်းဆက်ဆံရေး ထူထောင်သွားနိုင်ရေးကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

တပ်မတော်သည် နှစ်နိုင်ငံဆက်ဆံရေး၊ နိုင်ငံတကာဆက်ဆံရေးနယ်ပယ်များကို အထူးကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့် သမိုင်းရှိသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာသည်မှအစ အခြား နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် ထဲထဲဝင်ဝင်ပါဝင်လာနိုင်ခဲ့သည်။ အထူးသဖြင့် အိမ်နီးချင်း ငါးနိုင်ငံနှင့် ဆက်ဆံရေးကို ခိုင်မြဲစွာထူထောင်နိုင်ခဲ့သည်။ လက်ရှိကာလတွင် အိမ်နီးနားချင်းဆက်ဆံရေးကို ပိုမိုဦးစားပေး ဆက်ဆံရမည့် အချိန်အခါဖြစ်သည်။ မတူကွဲပြားသော နိုင်ငံများနှင့်ဆက်ဆံရခြင်းဖြစ်၍ နိုင်ငံတစ်နိုင်ငံချင်းအပေါ်တွင် မူတည်၍ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအား ထိတွေ့ဆက်ဆံနိုင်ရေးမူကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံအနေဖြင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနေပြီး နိုင်ငံတော်လုံခြုံရေး၊ နိုင်ငံတော်စီးပွားရေးသည် အရေးပါဆုံးကိစ္စများဖြစ်၍ အိမ်နီးချင်းနိုင်ငံများနှင့် အစဉ်အလာမပျက် ချစ်ကြည်ရင်းနှီးစွာဆက်ဆံပြီး နိုင်ငံလုံခြုံအေးချမ်းရေး၊ နှစ်နိုင်ငံချစ်ကြည်ရေး၊ နှစ်နိုင်ငံစီးပွားရေး တိုးတက်ကောင်းမွန်ရေးတို့ကို ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။ ယနေ့အချိန်အခါတွင် မသမာသူတို့က ကောလာဟလသတင်းအမှားအမျိုးမျိုးထုတ်လွှင့်ကာ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်အောင် အားထုတ်နေသည်တို့ကို သတိချပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် အစဉ်အဆက်ခိုင်မာစွာကျင့်သုံးခဲ့သော ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး(၅)ချက်နှင့်အညီ နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးရေး၊နိုင်ငံအချင်းချင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို အရှိန်အဟုန်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။ ။

# အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့ အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့်သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ ပြုလုပ်မှုသို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်း အရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားကုန်လေးမျိုး ထောက်ပံ့ပေးအပ်

မုံရွာ ဖေဖော်ဝါရီ ၁၉

စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းနှင့် အဖွဲ့သည် ယနေ့ ညနေ ၃ နာရီက တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သော စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား အခြေခံစားကုန်လေးမျိုး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်လင်းက စစ်ကိုင်းတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် မိမိတို့၏ရုံးလုပ်ငန်းများကို Road Map လမ်းစဉ် (၅) ချက်နဲ့အညီ စေတနာအလေးထား၍ အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြပါရန် ပြောကြားခဲ့သည်။



ဆက်လက်ပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝန်ထမ်းတစ်ဦးလျှင် အခြေခံစားကုန် လေးမျိုးဖြစ်သည့် ဆန် လေးပြည်၊ ဆီ ၅၀ သား၊ ကြက်သွန် သုံးပိဿာနှင့် ဘဲဥ ၁၀ လုံးစီဖြင့် ဝန်ထမ်း ၃၀၀ အတွက် စုစုပေါင်း ဆန် ၁၁၆၈ ပြည်၊ ဆီ ၁၄၆ ပိဿာ၊ ကြက်သွန် ၉၀၀ ပိဿာ၊ ဘဲဥ ၃၀၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၉-၂-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၆၀၀ | ၉,၄၀၀ | ၉၄၈ | ၈, ၈၇၀,၂၀၀ |
| MTSH | ၃,၅၀၀ | ၃,၅၅၀ | ၂၅၂ | ၈၉၂,၀၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၁ | ၂၁,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၉၀၀ | ၈၄ | ၂၄၃,၂၀၀ |
| EFR | ၃,၂၅၀ | ၃,၂၅၀ | ၁၀ | ၃၂,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၁၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၅.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၄၀.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၂.၃၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၇.၈၇၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၄.၈၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၈၁၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၂၁.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၄.၂ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၂.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

# သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိ

**လွတ်ငြိမ်းချမ်းသာခွင့် ဆောင်ရွက်ပေးခဲ့ရာတွင် ပြစ်ဒဏ်ကြီးလေးသူများမှအပ တတ်နိုင်သမျှ ပြစ်ဒဏ်များကို လျှော့ပေါ့ပေးခဲ့ကြောင်း၊ ၎င်းတို့အား ပြင်ပ၌ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နေထိုင်နိုင်ပြီး အခွင့်အရေးများမဆုံးရှုံးစေဘဲ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် နေထိုင်နိုင်စေရန် လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ ကိစ္စရပ်အပေါ် သတင်းမှားများဖြင့် ပြည်သူလူထုအထင်အမြင်လွဲမှားစေရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိအနေဖြင့် သတင်းမီဒီယာကောင်စီအား နိုင်ငံတော်၏ စတုတ္ထမဏ္ဍိုင်အဖြစ် အသိအမှတ်ပြုထားကြောင်း၊ သတင်းများကို ထုတ်ပြန်ရာတွင် မှန်ကန်မှုနှင့် မြန်ဆန်မှုရှိရန်လိုကြောင်း၊ တာဝန်သိနိုင်ငံ့ဝန်ထမ်းများအား ချီးမြှင့်နိုင်ရန် စီစဉ်လျက်ရှိပြီး တာဝန်ပျက်ကွက်သည့် ဝန်ထမ်းများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၂-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

❖ ရှေ့ဖုံးမှ

**ချင်းအမျိုးသားနေ့**သည် ချင်းပြည်နယ်အတွင်း အုပ်ချုပ်ရေးအာဏာနှင့် အခွင့်အရေးအားလုံးကို စော်ဘွားများ၊ တိုက်သူကြီးများ၊ ရွာသူကြီးများကသာ သားစဉ်မြေးဆက် အမွေဆက်ခံကာ ၎င်းတို့လက်ဝယ်ထားရှိသည့် ပဒေသရာဇ်အမွေ၊ ကိုလိုနီအမွေ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ဟောင်းအား ဒီမိုကရေစီစနစ်နှင့် အစားထိုးရန် ဆုံးဖြတ်ခဲ့သောနေ့ဖြစ်ပြီး ချင်းမျိုးနွယ်စုဝင်အားလုံးအတွက် လေးနက်သောအဓိပ္ပာယ်ရှိပြီး အနှစ်သာရပြည့်ဝသော သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပါသည်။

ချင်းတိုင်းရင်းသားတို့သည် နယ်ချဲ့ကိုလိုနီနှင့် ဖက်ဆစ်တို့အား ဆန့်ကျင်တော်လှန်ရေး၊ နိုင်ငံလွတ်လပ်ရေးကြိုးပမ်းမှုတို့တွင် အခြားတိုင်းရင်းသားများနှင့်အတူ လက်တွဲပါဝင်ခဲ့ကြပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်လည်း ချင်းအမျိုးသားများသည် အခြားတိုင်းရင်းသားများနှင့် ကောင်းတူဆိုးဖက်၊ အေးအတူပူအမျှ ပြည်ထောင်စုကြီးအတွင်း အတူတကွလက်တွဲပြီး ညီညီညွတ်ညွတ် နေထိုင်ခဲ့ကြပါသည်။ ချင်းတိုင်းရင်းသားအနွယ်ဝင် အချင်းချင်းသော်လည်းကောင်း ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့်အတွက် ချင်းအမျိုးသားအများစုတို့နေထိုင်ရာ ချင်းပြည်နယ်သည် ယေဘုယျအားဖြင့် တည်ငြိမ်အေးချမ်းခဲ့ပါသည်။

သို့ဖြစ်ပါ၍ တောင်တန်းထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ချင်းတောင်တန်းများအပေါ်တွင် ဆက်သွယ်သွားလာရေးအဆင်ပြေစေရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် လမ်းများအသစ်ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဦးစားပေးဆောင်ရွက်လျက်ရှိပါသည်။ အလားတူ ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းများဖွင့်လှစ်ပေးခြင်း၊ အဆင့်တိုးမြှင့်ပေးခြင်း၊ ပညာရေးဆိုင်ရာအဆောက်အဦများ ပြုပြင်ပေးခြင်းနှင့် ဆရာ/ဆရာမများ တိုးချဲ့ခန့်ထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းနှင့် ဆရာဝန်လိုအပ်မှုဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် ချင်းပြည်နယ်အနှံ့အပြားတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေး၊ ဖလမ်းမြို့တွင် ချင်းပြည်နယ်၏ ပထမဆုံးလေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်းနှင့် ပလက်ဝမြို့တွင် ကုလားတန်မြစ်ဝှမ်းဖွံ့ဖြိုးရေး စီမံကိန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ကဏ္ဍအလိုက် သိသာထင်ရှားသည့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ပါသည်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့်အတူ ချင်းတိုင်းရင်းသားပြည်သူများကလည်း လက်တွဲကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါသည်။

> ☆ **ချင်းတိုင်းရင်းသားများအနေဖြင့် ဒေသအလိုက် ဘာသာစကားနှင့်စာပေ မတူညီကြသော်လည်း "မတူကွဲပြားမှုကို စည်းလုံးမှုအင်အားတစ်ရပ်" (Unity in diversity)အဖြစ် အသုံးချတတ်ပြီး ချင်းပြည်နယ်ကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စွမ်းရည်နှင့်စွမ်းအားရှိသော လူသားအရင်းအမြစ်များ ပိုမိုတည်ဆောက်နိုင်ရန်လိုအပ်**
>
> ☆ **အစဉ်အလာကြီးမားပြီး ချင်းလူမျိုးများ တစ်လုံးတစ်ဝတည်းစုစည်းစေခဲ့သော အောက်ချင်းငှက်ပမာ သစ္စာရှိမှု၊ ပွင့်လင်းမှု၊ အမှန်တရားကိုချစ်မြတ်နိုးမှုများသည် လက်ရှိချင်းတိုင်းရင်းသားများ၏ ဓလေ့စရိုက်များဖြစ်ပြီး ယင်းစရိုက်ကောင်းများဖြင့် နိုင်ငံတော်ကြီးကို စောင့်ထိန်းကာကွယ်ဖို့ တာဝန်ရှိမည်ဖြစ်**

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ ထုံးတမ်းအစဉ်အလာများ၊ ယဉ်ကျေးမှုရိုးရာဓလေ့ပွဲတော်များ၊ ဘာသာစကား၊ စာပေနှင့် တိုင်းရင်းသားအခွင့်အရေးများကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။ ချင်းတိုင်းရင်းသား မျိုးနွယ်စုများအနေဖြင့်လည်း မိမိတို့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများ ဖွံ့ဖြိုးတိုးတက်ပြီး မိမိတို့၏ ရိုးရာယဉ်ကျေးမှုများ မပျောက်ပျက်အောင် မြှင့်တင်ထိန်းသိမ်းရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။ မတူညီသော တိုင်းရင်းသားလူမျိုးစုတို့၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ဘာသာ၊ စာပေတို့သည် ပြည်ထောင်စု၏ ပဒေသာစုံ အလှတရားများပင် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ၊ ဘာသာစကား၊ စာပေများကို ယခုထက်မကတိုးမြှင့်ပြီး ထိန်းသိမ်းကာကွယ်၍ ပြည်ထောင်စုကြီး၏အလှကို ဖန်တီးပုံဖော်ပေးကြရန် တိုက်တွန်းလိုပါသည်။

ချင်းတိုင်းရင်းသားများအနေဖြင့် ဒေသအလိုက် ဘာသာစကားနှင့် စာပေ မတူညီကြသော်လည်း **"မတူကွဲပြားမှုကို စည်းလုံးမှုအင်အားတစ်ရပ်"** (Unity in diversity)အဖြစ် အသုံးချတတ်ပြီး ချင်းပြည်နယ်ကြီးတစ်ခုလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စွမ်းရည်နှင့် စွမ်းအားရှိသော လူသားအရင်းအမြစ်များ ပိုမိုတည်ဆောက်နိုင်ရန် လိုအပ်ပါသည်။ အစဉ်အလာကြီးမားပြီး ချင်းလူမျိုးများ တစ်လုံးတစ်ဝတည်းစုစည်းစေခဲ့သော အောက်ချင်းငှက်ပမာ သစ္စာရှိမှု၊ ပွင့်လင်းမှု၊ အမှန်တရားကို ချစ်မြတ်နိုးမှုများသည် လက်ရှိချင်းတိုင်းရင်းသားများ၏ ဓလေ့စရိုက်များဖြစ်ပြီး ယင်းစရိုက်ကောင်းများဖြင့် နိုင်ငံတော်ကြီးကို စောင့်ထိန်းကာကွယ်ဖို့ တာဝန်ရှိမည်ဖြစ်ပါသည်။

ပြည်ထောင်စုသားအားလုံးနှင့် တိုင်းရင်းသားပြည်သူအားလုံးတို့က လိုလားတောင့်တနေသည့် ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီပြည်ထောင်စု အောင်မြင်စွာတည်ဆောက်နိုင်ရေးအတွက် တပ်မတော်အနေဖြင့် မြန်မာနိုင်ငံ၏ (၁၀)နှစ်တာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းမှာ အမျိုးသားနိုင်ငံရေးကို ဦးထိပ်ထားပြီး ပြည်သူနှင့်လက်တွဲ၍ ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးနှင့်အတူ ချင်းတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့်လည်း ခိုင်မာသည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆက်လက်ပူးပေါင်း ကြိုးပမ်းဆောင်ရွက်ပေးကြရန် အလေးအနက်ထားတိုက်တွန်းရင်း သဝဏ်လွှာပေးပို့လိုက်ပါသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID-19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်း ဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့်အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန်လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကိုရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့ အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၇၅ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးအောင်ကျော်ထွန်းအား ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်သူများသို့ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ပြည်သူများသို့ အသိပေးကြေညာချက်
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

လတ်တလောအခြေအနေတွင် ရောဂါဝေဒနာခံစားရမှုကြောင့် ပြည်သူ့ဆေးရုံများသို့ သွားရောက်ပြသသော်လည်း ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများမရှိသဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကို ခံယူနိုင်ခြင်းမရှိသော ပြည်သူများအနေဖြင့် နစ်နာဆုံးရှုံးမှုများရှိပါက နီးစပ်ရာ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးများ၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များသို့ တိုင်ကြားနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် အကောင်အထည်ဖော်ရေး ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(RCEP) သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် အစိုးရဌာနများနှင့် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**တက်ရောက်**

အဆိုပါ ညှိနှိုင်းဆွေးနွေးပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်နှင့် ဘာသာရပ်ဆိုင်ရာ အရာထမ်းများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက RCEP သဘောတူစာချုပ်ကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်တွင် အဖွဲ့ဝင်နိုင်ငံ (၁၅)နိုင်ငံ၏ စီးပွားရေးဝန်ကြီးများက နိုင်ငံခေါင်းဆောင်များ၏ ရှေ့မှောက်တွင် Virtual ပုံစံဖြင့် လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ RCEP သဘောတူစာချုပ်သည် ကမ္ဘာ့အကြီးဆုံး လွတ်လပ်သည့် ကုန်သွယ်မှု သဘောတူစာချုပ်များတွင် တစ်ခုအပါအဝင် ဖြစ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် ယခင်ကတည်းက လွတ်လပ်သောကုန်သွယ်မှု သဘောတူစာချုပ်ခြောက်ခုတွင် ပါဝင်ခဲ့ပြီးဖြစ်၍ လွတ်လပ်သောကုန်သွယ်မှုနယ်မြေ၏ အကျိုးကျေးဇူးများကို ခံစားရရှိနေပြီးဖြစ်ပါကြောင်း၊ RCEP စာချုပ်တွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ခဲ့သဖြင့် မိမိနိုင်ငံ၏ ပို့ကုန်များ မြှင့်တင်နိုင်ခြင်း၊ သွင်းကုန်အစားထိုးလုပ်ငန်းများကို ဖိတ်ခေါ် ရင်းနှီးမြှုပ်နှံ၍ ကုန်သွယ်မှုလိုငွေ လျှော့ချနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ခြင်းဖြင့် နှစ်စဉ် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုမှတစ်ဆင့် အဆင့်မြင့်နည်းပညာများရရှိခြင်း စသည့် အကျိုးခံစားခွင့်များကို ပိုမိုရရှိမည်ဖြစ်ကြောင်း။

**ဆောင်ရွက်လျက်ရှိ**

RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ အဓိကကျသည့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများသို့ အသိပေးညှိနှိုင်းဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ အသင်းအဖွဲ့များသို့လည်း စာချုပ်ပါ အခန်းအလိုက် ပြဋ္ဌာန်းချက်များအား ရှင်းလင်းပြောကြားသည့် ဆွေးနွေးပွဲများကို ကျင်းပပြီးဖြစ်၍ ပုဂ္ဂလိကကဏ္ဍ၏ အကြံပြုချက်များနှင့် လိုလားချက်များကို သိရှိပြီး စာချုပ်အကောင်အထည်ဖော်ရေး အစီအစဉ်ရေးဆွဲရာတွင် ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယနေ့ ကျင်းပသည့် ညှိနှိုင်းဆွေးနွေးပွဲက RCEP ကို ပုဂ္ဂလိကကဏ္ဍမှ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရန်အတွက် လိုအပ်သည်များကို အကူအညီအထောက်အပံ့ ဖြစ်စေရေးအတွက် အစိုးရဌာနများက ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဌာနအလိုက် မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများတွင် လိုအပ်သည့် နည်းပညာအကူအညီများ၊ မူဝါဒ၊ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးရမည့် ကိစ္စရပ်များကို ပွင့်ပွင့်လင်းလင်း ညှိနှိုင်းသွားရန် ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးရမည့် လုပ်ငန်းများအပြင် လိုအပ်သည့် နည်းပညာ အကူအညီများအတွက် နိုင်ငံတကာနှင့် ဒေသတွင်း အဖွဲ့အစည်းများထံမှ ရယူနိုင်ရန် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေး အမျိုးသားအဆင့်လုပ်ငန်းအစီအစဉ် ရေးဆွဲနိုင်ရေးနှင့် အကောင်အထည်ဖော်မည့် ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းရေးတို့ကို အထက်အဖွဲ့အစည်း အဆင့်ဆင့်သို့ တင်ပြအတည်ပြုချက်ရယူ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ RCEP သဘောတူစာချုပ် အသက်ဝင်ရေးကို ထိုင်းနိုင်ငံက ဆောင်ရွက်ပြီးဖြစ်၍ မြန်မာနိုင်ငံအနေဖြင့်လည်း အဆိုပါစာချုပ်အသက်ဝင်ရေးနှင့် အကောင်အထည်ဖော်ရေးကို အလျင်အမြန် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာဌာနများက စာချုပ်အသက်ဝင်ရေးနှင့် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန် အလေးအနက် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဒုတိယဝန်ကြီးက RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသူများက အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များကို မေးမြန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ RCEP သဘောတူစာချုပ် အကောင်အထည်ဖော်ရေးအတွက် စာချုပ်ပါ ကဏ္ဍအလိုက် အစိုးရဌာနများနှင့် ညှိနှိုင်းဆွေးနွေးပွဲများကို ၂၀၂၁ ခုနှစ် မတ်လ ပထမပတ်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အထက်မော်ဖောင်းကျေးရွာ IDPs စခန်း၌ ကျေးရွာပြည်သူများနှင့် တွေ့ဆုံ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၁၉**

ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်သည် ကောင်စီအဖွဲ့ဝင် ဦးတိန့်ဆောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့နယ် အထက်မော်ဖောင်းကျေးရွာရှိ နေရပ်စွန့်ခွာပြည်သူများ ယာယီရွှေ့ပြောင်းနေထိုင်လျက်ရှိသည့် မော်ဖောင်းလော်ဝေါ် IDPs စခန်း၌ ဖေဖော်ဝါရီ ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် ဘာသာရေးခေါင်းဆောင်များ၊ စခန်းနေမိသားစုများ၊ ကျေးရွာပြည်သူများနှင့်တွေ့ဆုံပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**အားပေးစကားပြောကြား**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီးတို့အား ကျေးရွာနေပြည်သူများက ကြိုဆိုနှုတ်ခွန်းဆက်ကြပြီး ကချင်တိုင်းရင်းသားရိုးရာ မဂ္ဂန်းရှုလစ်နှင့် ရိုးရာငွေဓား၊ ငွေလွယ်အိတ်နှင့် ခေါင်းပေါင်းတို့ကို စခန်းတာဝန်ခံနှင့် တာဝန်ရှိသူတို့က ဂါရဝပြုပေးအပ်ကြပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက ရင်းရင်းနှီးနှီး အားပေးစကားပြောကြားသည်။

ယင်းနောက် စခန်းတာဝန်ခံ ဦးခေါင်လွမ်းက ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအား ကြိုဆိုပါကြောင်းနှင့် စခန်းနေမိသားစုများအတွက်သောက်သုံးရေအလုံအလောက်ရရှိရေး၊ ကျေးရွာအတွက် ရွာတွင်းလမ်း၊ ကျောင်းသွားလမ်း နှစ်ခုကို ကွန်ကရစ်လမ်းခင်းပေးနိုင်ရေး၊ ကျေးရွာ အလယ်တန်းကျောင်းအတွက် ကျောင်းဆောင်သစ်ရရှိရေးတို့အပေါ် တင်ပြတောင်းဆိုမှုကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် နိုင်ငံတော်ကောင်စီ၏ မူဝါဒအတိုင်း ပြည်နယ်ကောင်စီအနေဖြင့် ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အုပ်ချုပ်ရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများကို ယခင်အတိုင်း မပြောင်းလဲဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် အတတ်နိုင်ဆုံး ရပ်ရွာတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တာဝန်ယူစဉ် ကာလအတွင်း ပြည်သူများနှင့် လက်တွဲကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခု ကျေးရွာနေပြည်သူများ၏ သောက်သုံးရေ



အလုံအလောက်ရရှိရေးနှင့် ကျေးရွာတွင်းလမ်းလိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ ကျောင်းဆောင်သစ်ရရှိရေးကို ပညာရေးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအတွက် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နေစဉ်ကာလအတွင်း ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက တတိယအကြိမ် ဆွမ်းဆန်တော်လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာသာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးအမှူးပြုသော ဆရာတော်ကြီး ငါးပါး ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို အမှူးပြုသော ဌာနဆိုင်ရာအကြီးအကဲများက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ရတနသုတ်၊ မေတ္တသုတ်၊ ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားရာတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ဆရာတော်များ၏ ဆွမ်းဘောဇဉ်အတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်စေရန် ရည်သန်လျက် ဝန်ကြီးဌာနက နေပြည်တော်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော်များကို ၂၀၂၀ ပြည့်နှစ် မေလတွင် ၈၅၂ အိတ်၊ အောက်တိုဘာလတွင် ၉၁၄ အိတ် လှူဒါန်းခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဘုရားစေတီပုထိုးများအား ပြည်သူအများ ဖူးမြော်ကြည်ညိုခွင့်ရရှိနိုင်ရေး ညွှန်ကြားချက်များနှင့်အညီ ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိသာသနာတော် တိုးတက်ထွန်းကားစေရန်နှင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်ကြီး တည်တံ့ဝေစည်နိုင်စေရန်အတွက် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆည်းပူးအားထုတ်ရသော ကုသိုလ်ကောင်းမှုများကြောင့် ကိုဗစ်-၁၉ ကပ်ဘေးမှ ကင်းဝေးနိုင်ကြပြီး အေးချမ်းသာယာနိုင်ပါစေကြောင်း လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးထံမှ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက အနုမောဒနာတရားနာကြားကြသည်။



ပျဉ်းမနားမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများအား ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခဲ့ရာ ပျဉ်းမနားမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း လေးကျောင်းတို့တွင် သီတင်းသုံးနေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၆၁၂ ပါး၊ သီလရှင် ၁၂၇ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၇၃၉ ပါးတို့အား ဆွမ်းဆန်တော် ၁၁၃ အိတ်၊ ပုဗ္ဗသီရိမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ခြောက်ကျောင်း၊ သီလရှင်ကျောင်း သုံးကျောင်းတို့တွင် သီတင်းသုံး နေထိုင်တော်မူကြသော ရဟန်း၊ သာမဏေ ၄၁၃ ပါး၊ သီလရှင် ၂၅၅ ပါး၊ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၆၆၈ ပါးတို့အား ဆွမ်းဆန်တော် ၁၀၁ အိတ် လှူဒါန်းခဲ့သဖြင့် ယနေ့ ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားတွင် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၄၀၇ ပါးတို့အား ဆွမ်းဆန်တော် ၂၁၄ အိတ် လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# မြောက်ပြင်ပင်မဓာတ်အားခွဲရုံ(မန္တလေး)မှ ဝန်ထမ်းများအား တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနေမှုအခြေအနေများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းနှင့် အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၁၁နာရီက အောင်မြေသာစံမြို့နယ်အတွင်းရှိ 230/33/11Kv(3x100)MVA မြောက်ပြင်ပင်မဓာတ်အားခွဲရုံ(မန္တလေး)သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ မန္တလေးမြို့တွင်းနှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမတွင် မန္တလေးခရိုင်အတွင်းရှိ သက်ဆိုင်ရာဓာတ်အားခွဲရုံများမှ တာဝန်ခံအင်ဂျင်နီယာများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ် (၅)ရပ်ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး ဓာတ်အားခွဲရုံအသီးသီးတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအား မိမိတို့၏လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် တာဝန်သိစွာဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြသူများကိုလည်း တစ်စုံတစ်ရာ အရေးယူဆောင်ရွက်သွားမည် မဟုတ်ကြောင်းကို တာဝန်ရှိသူအဆင့်ဆင့်က နားလည်သဘောပေါက်စေရန်အတွက် အသိပေးပြောကြားပေးရန် မှာကြားခဲ့သည်။

ဆက်လက်၍ မန္တလေးတိုင်းလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အမှုဆောင်အရာရှိချုပ် ဦးတင်အောင်က မြောက်ပြင်ပင်မဓာတ်အားခွဲရုံ(မန္တလေး)၏ တည်နေရာအကျယ်အဝန်း၊ ရည်ရွယ်ချက်များနှင့် ဝန်ထမ်းအင်အားအခြေအနေများ၊ ဓာတ်အားလိုင်းအမျိုးအစားနှင့် အဝင်ဓာတ်အားလိုင်းများ၊ ၃၃ ကေဗွီအထွက်ဓာတ်အားလိုင်းများနှင့် လိုအပ်သည့်စက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ထားသည့် အခြေအနေများ၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာဆိုင်ရာ အချက်အလက်များ၊ မန္တလေးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများမှ မြို့နယ်များအလိုက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ ယခင်ဓာတ်အားလိုင်း ဖြန့်ဖြူးနေမှုများအား အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ကျန်ရှိနေသေးသည့် ကျေးရွာများကိုလည်း သတ်မှတ်ကာလအတွင်း အမြန်ဆုံးဆောင်ရွက်ပေးသွားရန် စီစဉ်ထားမှုအခြေအနေများ၊ ပွင့်လင်းရာသီကာလအတွင်း လျှပ်စစ်မီးပုံမှန်ပေးလွှတ်နိုင်ရေးနှင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးလျော့နည်းမှုမရှိစေရေးနှင့် အခြားလုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ မြေပုံကားချပ်နှင့်တကွ အသေးစိတ်ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပင်မဓာတ်အားခွဲရုံအတွင်းရှိ Protection Room နှင့် ၃၃ကေဗွီအထွက်ဓာတ်အားလိုင်းများနှင့် ထရန်စဖော်မာများအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး ဓာတ်အားများကို စဉ်ဆက်မပြတ်ပို့လွှတ်နိုင်ရေး၊ ဓာတ်အားခွဲရုံ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးတို့အတွက် သက်ဆိုင်ရာတာဝန်ခံအင်ဂျင်နီယာများက ဂရုပြုဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

အဆိုပါ မြောက်ပြင်ပင်မဓာတ်အားခွဲရုံ(မန္တလေး)အား ရွှေလီရေအားလျှပ်စစ်စက်ရုံမှရရှိမည့် လျှပ်စစ်ဓာတ်အားကို အောင်ပင်လယ်ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် အဝင်/အထွက်ပြုလုပ်ကာ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ ဆက်သွယ်ပေးပို့ပြီး မန္တလေးမြို့နှင့်အနီးတစ်ဝိုက်ဒေသအသီးသီးသို့ လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် စည်ပင်သာကျေးရွာ၊ ထိန်နှစ်ပင်ကျေးရွာ၊ မင်္ဂလာဒုံမြို့နယ် အေးသာယာရပ်ကွက်၊ အနန်းပင်ရပ်ကွက်၊ မှော်ဘီမြို့နယ် ဝါးနက်ချောင်းရွာမကျေးရွာ၊ ဝါးဖြူတောကျေးရွာ၊ အုန်းပင်စုကျေးရွာ၊ ရေတာရှည်ကျေးရွာ၊ မြောင်ကုန်းကျေးရွာနှင့် ဝါးနက်ချောင်းကျေးရွာအုပ်စုရှိ အိမ်ထောင်စု ၆၀၀၀ တို့အတွက် ဆန်နှင့်ဆီများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာနှင့် မှန်ပင်ကျေးရွာတို့ရှိ အိမ်ထောင်စု ၅၀၀ တို့အတွက် ဆန်နှင့်ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့
စနစ်တကျ လက်ဆေးစို့

# ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြပါ

**ကိုထွန်းခင်**

လူတို့သည် ပိုမိုတိုးတက်ကောင်းမွန်သည့် လူနေမှုဘဝပုံစံများရရှိရန် တီထွင်ဖန်တီးနိုင်စွမ်းကို စိန်ခေါ်မှုအသွင်ဖြင့် လက်ခံရရှိခဲ့သည်။ သယ်ယူပို့ဆောင်ရေးတွင် တစ်နေရာမှ တစ်နေရာသို့ သက်သောင့်သက်သာ လျင်မြန်စွာ ရောက်ရှိခရီးတွင်စေရန် မော်တော်ယာဉ်များ ပေါ်ထွန်းလာရေးအတွက် ၁၈ ရာစုအလယ်ခေတ်တွင် ကြိုးပမ်းခဲ့သည်။

**တိုးတက်ဖန်တီးထုတ်လုပ်လာနိုင်**

ကနဦးတွင် ရေနွေးငွေ့ဖြင့် မောင်းနှင်နိုင်သည့် ပထမဆုံးမော်တော်ယာဉ်တစ်စီးကို တီထွင်နိုင်ခဲ့သည်။ နည်းပညာသည် လူနေမှုဘဝများကို အဆင့်မြင့်စေရန် ပြောင်းလဲပေးနိုင်သည့် အသိပညာတစ်ရပ်ဖြစ်ရာ နည်းပညာဖြစ်ထွန်းလာမှုများနှင့်အတူ တစ်ဆင့်ပြီးတစ်ဆင့် လောင်စာဆီအသုံးပြု မောင်းနှင်ရသည့် မော်တော်ကားများကို တိုးတက်ဖန်တီးထုတ်လုပ်လာနိုင်ခဲ့သည်။

ယနေ့ သတင်းအချက်အလက်နည်းပညာခေတ်တွင် လေထုညစ်ညမ်းမှုကို လျှော့ချနိုင်သည့် တီထွင်ဖန်တီးမှုများပါဝင်သော၊ ပိုမိုပြည့်စုံကောင်းမွန်သော မော်တော်ယာဉ်အမျိုးမျိုး၊ ဈေးအကြီးဆုံး၊ တန်ဖိုးအမြင့်ဆုံး ဇိမ်ခံကားများကို ကုမ္ပဏီများစွာတို့က ယှဉ်ပြိုင်ထုတ်လုပ်လာကြသည်။

သို့သော် အမျိုးအစားနှင့် ဈေးနှုန်းမည်မျှပင် ကွဲပြားစေကာမူ မော်တော်ကားတစ်စီး၏အခြေခံသဘောတရားမှာ အတူတူပင် ဖြစ်သည်။ အချိန်မီရပ်တန့် အရှိန်ထိန်းချုပ်နိုင်သည့် ဘရိတ်၊ ကားတစ်စီးလုံး၏ လျှပ်စစ်စနစ်အတွက် အဓိကကျသည့် ဘက်ထရီ၊ လိုရာခရီးရောက်ရှိအောင် ပွဲကိုင်မောင်းနှင်နိုင်သည့် စတီယာရင်၊ ဂီယာ၊ သွားလာရာတွင် လမ်းနှင့် ထိတွေ့နေရသည့် တာယာ၊ ဘီးတို့သည် အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်သည့် မော်တော်ကားတစ်စီးဖြစ်ရန် တပ်ဆင်ရသည့်အစိတ်အပိုင်းများ ဖြစ်သည်။

**နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အခွင့်ကောင်းယူ၍ အကျိုးမလိုလားသူများက နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်နေကြသည်။ အင်ဂျင်ပိုင်း (ဝန်ထမ်းများ)၊ ဘော်ဒီပိုင်း ( ပြည်သူများ) ကို တစ်စစီ သွေးခွဲနေမှုများကိုလည်း မြင်တွေ့ကြားသိလာရ။**

**မရှိမဖြစ်လိုအပ်သည့် အင်ဂျင်အပိုင်း**

ကားတစ်စီး၏ အဓိကကျသော အဆိုပါအစိတ်အပိုင်းများကို ပေါ်လွင်အောင် နိုင်ငံတစ်ခုနှင့် ခိုင်းနှိုင်းဥပမာ ပြရမည်ဆိုလျှင် စတီယာရင်သည် နိုင်ငံကိုဦးဆောင် ကာ မူဝါဒ၊ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည် ဖော်နေသည့် အစိုးရဖြစ်သည်။ အရှေ့တစ်ခုဖြစ်ပေါ်ရန် မရှိမဖြစ်လိုအပ်သည့်အင်ဂျင်အပိုင်းသည် အစိုးရ၏ချမှတ်ထားသော ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ပေးရသည့် ဝန်ထမ်းများ ဖြစ်သည်။ ဘီးများနှင့် မော်တော်ကား၏ ကိုယ်ထည်ဘော်ဒီပိုင်းသည် နိုင်ငံတစ်ခုအတွက် အဓိကကျသည့် ပြည်သူများပင် ဖြစ်သည်။

**ကားတစ်စီး၏ အဓိကကျသော အဆိုပါအစိတ်အပိုင်းများကို ပေါ်လွင်အောင် နိုင်ငံတစ်ခုနှင့် ခိုင်းနှိုင်းဥပမာပြရမည်ဆိုလျှင် စတီယာရင်သည် နိုင်ငံကိုဦးဆောင်ကာ မူဝါဒ၊ လုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်နေသည့် အစိုးရဖြစ်သည်။ အရှေ့တစ်ခုဖြစ်ပေါ်ရန် မရှိမဖြစ်လိုအပ်သည့် အင်ဂျင်အပိုင်းသည် အစိုးရ၏ ချမှတ်ထားသော ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ပေးရသည့် ဝန်ထမ်းများ ဖြစ်သည်။ ဘီးများနှင့် မော်တော်ကား၏ ကိုယ်ထည်ဘော်ဒီပိုင်းသည် နိုင်ငံတစ်ခုအတွက် အဓိကကျသည့် ပြည်သူများပင်ဖြစ်။**

မော်တော်ကားတစ်စီးတွင် စတီယာရင်၊ ကားအင်ဂျင်၊ ဘီးများနှင့် ဘော်ဒီပိုင်းသည် ဟန်ချက်ညီ အပေးအယူမျှထိန်းညှိနိုင်ပါမှ အရှေ့တစ်ခုသည် ခရီးရောက်မည်ဖြစ်သကဲ့သို့ လိုရာခရီးကိုရောက်ရှိအောင် ပွဲကိုင်မောင်းနှင်ရသော စတီယာရင်နှင့်တူသည့် ဦးဆောင်သူ အစိုးရသည် အင်ဂျင်ပိုင်းနှင့်တူသည့် နိုင်ငံ့ဝန်ထမ်းများ၊ ဘော်ဒီပိုင်းနှင့်တူသည့် ပြည်သူများနှင့် အညမည၊ သဟဇာတ ဖြစ်မှသာ နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်မှုအရှေ့ဆီသို့ ရောက်ရှိမည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်၏ ဦးဆောင်အဖွဲ့အစည်းဖြစ်သည့် အစိုးရနှင့် ပြည်သူတို့အကြား ကြားခံဆက်သွယ်ဆောင်ရွက်ပေးရမည့် နိုင်ငံ့ဝန်ထမ်းများသည် ပြည်သူကိုဗဟိုပြုပြီး အရည်အသွေးပြည့်ဝသော၊ ကျင့်ဝတ်သိက္ခာ စောင့်ထိန်းသော နိုင်ငံ့ဝန်ထမ်းများမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် ခရီးပေါက်ရောက်အောင်မြင်မည် ဖြစ်သည်။

ကားတစ်စီးတွင် အဓိကကျသည့် အင်ဂျင်ပိုင်းကဲ့သို့ နိုင်ငံတစ်ခုတွင် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးတွင် ထမ်းဆောင်ရမည့်တာဝန်များ၊ စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းများရှိသကဲ့သို့ အလုပ်တည်မြဲခွင့်၊ လုပ်ငန်းခွင် အာမခံချက်ရခွင့်၊ လုပ်အား၊ အတတ်ပညာ၊ တာဝန်ထမ်းဆောင်မှုနှင့် လျော်ညီသည့် လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်ခံစားခွင့်၊ ရာထူးတိုးမြှင့်ခွင့်၊ ပညာလေ့လာဆည်းပူးခွင့်၊ ခွင့်ခံစားခွင့်၊ ထူးချွန်မှု၊ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်မှုတို့အတွက် ချီးမြှင့်ခြင်းကို ခံစားခွင့်၊ ဆေးစစ်ခံယူမှုနှင့် ဆေးကုသမှုခံယူခွင့်၊ အငြိမ်းစားယူခွင့်၊ တာဝန်ထမ်းဆောင်မှုကို အကြောင်းပြု၍ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် သေဆုံးခြင်းတို့အတွက် အထူးပင်စင်ခံစားခွင့်၊ အမျိုးသမီးဝန်ထမ်းဖြစ်ပါက တူညီသောအလုပ်အတွက် အမျိုးသားဝန်ထမ်းများနည်းတူ အကျိုးခံစားခွင့်အပြင် မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်၊ လုပ်သက်ဆုငွေနှင့် အငြိမ်းစားလစာခံစားခွင့်၊ ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သောအခြားခံစားခွင့် စသည့် အခွင့်အရေး၊ ခံစားခွင့်များကိုလည်း နိုင်ငံတော်မှ ပေးအပ်ထားသည်။

သို့ဖြစ်ရာ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများမည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏အလုပ်ကို တန်ဖိုးထားမြတ်နိုးစိတ်၊ ကျေနပ်ဂုဏ်ယူစိတ် တွန်းအားများဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကိုလေးစားလိုက်နာကာ နိုင်ငံတော်မှ အကောင်အထည်ဖော်နေသည့် လုပ်ငန်းယန္တရားကို ပုံမှန်လည်ပတ်နိုင်အောင် လုပ်ဆောင်နေကြ ရမည်ဖြစ်ပါသည်။

**တစ်စစီ သွေးခွဲနေမှုများကို မြင်တွေ့ကြားသိလာရ**

သို့သော် **နိုင်ငံတော်၌ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကို အခွင့်ကောင်းယူ၍ အကျိုးမလိုလားသူများက နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအကြား စိတ်ဝမ်းကွဲပြားမှုများ ဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ပြုလုပ်နေကြသည်။ အင်ဂျင်ပိုင်း(ဝန်ထမ်းများ)၊ ဘော်ဒီပိုင်း (ပြည်သူများ) ကို တစ်စစီ သွေးခွဲနေမှုများကိုလည်း မြင်တွေ့ကြားသိလာရသည်။**

သို့ဖြစ်ရာ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်းတွင် နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့်ရရှိသူများဖြစ်ပါကြောင်း၊ နိုင်ငံတော်၏အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကဏ္ဍများကို ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရသည့် ဂုဏ်ယူစရာကောင်းသူများဖြစ်ကြပါကြောင်း၊ ထိုဂုဏ်သိက္ခာကို စောင့်ထိန်းကြရမည်ဖြစ်ပါကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ စိတ်ကောင်း စေတနာကောင်း အရင်းခံဖြင့် ပြည်သူကို စံနမူနာကောင်း ပြသနိုင်ကြသူများသာ ဖြစ်သင့်ပါပေသည်။

ထို့ပြင် ယခုအချိန်ကာလတွင် နိုင်ငံ့ဝန်ထမ်းအချို့သည် မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် မိမိတို့လုပ်ငန်းခွင်တာဝန်များမှ ပျက်ကွက်နေကြပါကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်တွင် စေတနာထား၊ တန်ဖိုးထားပြီး လုပ်ငန်းခွင်တွင် အခက်အခဲများကြားမှ တာဝန်ထမ်းဆောင်နေကြသူများကိုလည်း မသမာသူများက နည်းလမ်းအမျိုးမျိုးအသုံးပြုပြီး နှောင့်ယှက်တားဆီးနေသည်ကို တွေ့ရပါကြောင်း။

ပြည်သူလူထုအပေါ် စေတနာထား တာဝန်ကျေပွန်နေကြသည့် နိုင်ငံ့ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ မိမိတို့တာဝန်ကို စိတ်အေးချမ်းသာစွာ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို လုပ်ဆောင်ပေးသွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းခွင်နှင့် ကင်းကွာနေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း မိမိတို့၏စိတ်ခံစားချက်များကို ဦးစားမပေးဘဲ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို ဦးစားပေးပြီး မိမိတို့လုပ်ငန်းခွင်များကို အမြန်ဆုံးဝင်ရောက်ကြရန်ကိုလည်း မိန့်ခွန်းတွင် မေတ္တာရပ်ခံထားသည်။

**နိုင်ငံတော်ယန္တရား မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်**

နိုင်ငံတော်နှင့် နိုင်ငံ့ဝန်ထမ်းများသည် ရေကိုသားသော် အကြားမထင်သကဲ့သို့ တစ်သားတည်း ခွဲခြားမရနိုင်သလို နိုင်ငံသမိုင်းကြောင်းတစ်လျှောက်တွင် သွေးခွဲရန်တိုက်ခြင်းမှ ကောင်းကျိုးမရခဲ့ပုံများကို အားလုံးအသိပင်ဖြစ်ရာ မော်တော်ကားတစ်စီး၏ အင်ဂျင်ပိုင်းနှင့် တူသည့် နိုင်ငံ့ဝန်ထမ်းများသည် (ဘော်ဒီပိုင်း) ပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုကာ အကြောင်းအကျိုး၊ အကောင်းအဆိုးနှစ်တန်ကို ဝေဖန်ပိုင်းခြားနိုင်သော ဆင်ခြင်တုံတရားဖြင့် နိုင်ငံတော်ယန္တရား စဉ်ဆက်မပြတ် မောင်းနှင်ခရီးဆက်နိုင်ရေး ပူးပေါင်းပါဝင်ကြရမည် ဖြစ်ပါကြောင်း။ ။



## ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက ဗိုလ်တထောင်မြို့နယ် ၄၆ လမ်းရှိ စည်ပင် (၁၂)ထပ် ရုံးခွဲ၌ ကျင်းပသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှု လုပ်ငန်းတာဝန်ခံအဖွဲ့ ဌာနမှူး ဦးအေးကျော်အောင်၊ ဒုတိယဌာနမှူးများ၊ လက်ထောက်ဌာနမှူးများ၊ ခရိုင်မှူးများနှင့် မြို့နယ်တာဝန်ခံများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးဗိုလ်ဌေးက “ရန်ကုန်မြို့အတွင်း မိုးမကျမီကာလ၌ ရေစီးရေလာကောင်းမွန်ရေး”နှင့် စပ်လျဉ်း၍ မှာကြားပြီး ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေတို့က အမှာစကား ပြောကြားသည်။

ထို့နောက် ရေစီးရေလာနှင့် ရေဆိုးစီမံခန့်ခွဲမှုလုပ်ငန်းတာဝန်ခံအဖွဲ့ ဌာနမှူး ဦးအေးကျော်အောင်နှင့် အဖွဲ့ဝင်များက လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်း တင်ပြကြသည်။

တင်ပြချက်များအပေါ် မြို့တော်ဝန်က ပေါင်းစပ်ညှိနှိုင်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးကာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တည်ဆဲဥပဒေများနှင့်အညီ သတင်းမီဒီယာသမားများနှင့် သတင်းအဖွဲ့အစည်းများ သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရန် လိုအပ်

**နေပြည်တော်  ဖေဖော်ဝါရီ ၁၉**

သတင်းမီဒီယာဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေတို့အပါအဝင် တည်ဆဲဥပဒေများနှင့်အညီ သတင်းမီဒီယာသမားများနှင့် သတင်းအဖွဲ့အစည်းများသည် သတင်းများရေးသားထုတ်လွှင့်ဖော်ပြရန်လိုအပ်ကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက သတင်းမီဒီယာများသို့ အသိပေးအကြောင်းကြားစာကို ဖေဖော်ဝါရီ ၁၁ ရက် ရက်စွဲဖြင့် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ အကြောင်းကြားစာ၌ သတင်းမီဒီယာဥပဒေအခန်း (၄)၊ ပုဒ်မ ၉ တွင် သတင်းမီဒီယာသမားတစ်ဦးအနေဖြင့် လိုက်နာရန်တာဝန်ရှိသည့် ကျင့်ဝတ်စည်းကမ်းများတွင် (က) သတင်းတိုင်း အချက်အလက် တိကျမှန်ကန်စေရန်နှင့် တတ်နိုင်သမျှ ပြည့်စုံစေရန် စိစစ်ခြင်း (ခ)မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ထုတ်ပြန်သည့်ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာခြင်းဟူသည့်အချက်များ ပါဝင်ကြောင်း။

ထို့အပြင် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄)၊ ပုဒ်မ ၈ တွင် ပုံနှိပ်ခြင်း(သို့မဟုတ်) ထုတ်ဝေခြင်းမပြုရမည့် အချက်များ၌ (က)နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို သော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကို ဖော်ပြခြင်းဟူသည့် အချက်လည်း အပါအဝင်ဖြစ်ကြောင်း။

ယခုအခါ တပ်မတော်အနေဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ နိုင်ငံတော်အရေးပေါ်အခြေအနေ ကြေညာပြီး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းပြီး ဆောင်ရွက်နေမှုကို အာဏာသိမ်းအစိုးရ ဟု မမှန်မကန် ရေးသားသုံးနှုန်းခြင်း အပါအဝင် သတင်းမီဒီယာကျင့်ဝတ်နှင့် မညီညွတ်သည့် ဆောင်ရွက်မှုများ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄)၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)ပါ အကြောင်းအရာများဖော်ပြနေခြင်းတို့ကို အချို့သော သတင်းစာ၊ ဂျာနယ်၊ သတင်းမီဒီယာဝက်ဘ်ဆိုက်နှင့် အွန်လိုင်းမီဒီယာများတွင် တွေ့ရှိနေရပါကြောင်း။

သတင်းမီဒီယာသမားများနှင့် သတင်းမီဒီယာအဖွဲ့အစည်းများအနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအား အာဏာသိမ်းအစိုးရ ဟု မမှန်မကန် သုံးနှုန်းခြင်းမျိုးအပါအဝင် လူထုဆူပူအုံကြွမှုဖြစ်စေရန် သွေးထိုးလှုံ့ဆော်ပေးသည့် လုပ်ဆောင်မှုများ မပြုလုပ်ကြရန်နှင့် သတင်းများဖော်ပြရာတွင်လည်း သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ဆောင်ရွက်ကြပါရန် သက်ဆိုင်ရာမိတ်ဖက်မီဒီယာအဖွဲ့အစည်းများကို အကြောင်းကြားထားပြီးဖြစ်ကြောင်း ဖော်ပြပါရှိသည်။

ထက်လျှံ

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ရှင်းလင်း

**နေပြည်တော်  ဖေဖော်ဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် အမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းများ၏ အသက်သုံးနှစ်အောက် ကလေးများအတွက်ဖွင့်လှစ်ထားရှိသည့် မေမေ့ရင်ခွင်နေ့ ကလေးထိန်းဌာနသို့ သွားရောက်၍ ကလေးငယ်များအား ပြုစုစောင့်ရှောက်မှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များ မှာကြား၍ နေ့ကလေးထိန်းဌာနတွင် သား၊ သမီးရင်သွေးငယ်လေးများအား မုန့်၊ ပဲနို့နှင့် အရုပ်လက်ဆောင်ပစ္စည်းများပေးအပ်သည်။



**ဆွေးနွေး**

ဆက်လက်၍ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များ၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ တင်ပြရှင်းလင်းသည့် အစည်းအဝေးကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လုပ်ငန်းနယ်ပယ်များသည် များပြားကျယ်ဝန်းပါကြောင်း၊ မိမိတို့ဌာန တစ်ခုတည်းသာမက ပြည်သူ့အတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်စပ်ဝန်ကြီးဌာန အချင်းချင်းအပြင် UN၊ NGOs၊ CSO များအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ကြရပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသော မူဝါဒများ၊ လက်မှတ်ရေးထိုးထားသော နိုင်ငံတကာ သဘောတူစာချုပ်များ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများအားအရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးတို့က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ၊ လုပ်ငန်းကော်မတီတို့၏ ဖွဲ့စည်းထားရှိမှု၊ လုပ်ငန်းတာဝန်များနှင့် အမျိုးသားအဆင့်လုပ်ငန်းစီမံချက်နှင့်စပ်လျဉ်း၍ နောက်ခံအချက်အလက်၊ ရေးဆွဲထားရှိမှု၊ လုပ်ငန်းစီမံချက်ပါ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လောက်ကိုင်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော်  ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ကျောင်းဆောင်များအား ဆေးများသုတ်ပေးခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းပြည်မျက်နှာ ရှုကြည့်ပါ

❖ သမီးကလေးပညာတတ်စေဖို့
ပေးဆပ်လို့ရှုန်းကန်ရှာ။
အစွမ်းကုန်ဖြည့်ဆည်းကြ
မိဘနှစ်ဖြာ။
ဘွဲ့ရလို့ အောင်မြင်ကာ
ဝင်ပါပေါ့လုပ်ခွင်ထဲ။
ရုံးတက်ချိန်သမီးကိုကြည့်
ပီတိဖြစ်မြဲ။

❖ မိဘနှစ်ဖြာ ဦးချလို့
လစာလေးကန်တော့ရှာ။
မိသားစုဘဝလေး
အေးချမ်းလှပါ။
လကုန်ရက်ရောက်တိုင်းသာ
မင်္ဂလာမျက်ရည်ဝဲ။
သမီးတို့တစ်အိမ်လုံး
ရွှင်ပြုံးလို့ပဲ။

❖ အပြုံးအပျော်တွေပျက်စီးရေး
ဖျက်ဆီးအတွေးကောင်ထည်ဖော်။
ပလီညာဏ် နှုတ်ခံတွင်းဆီက
C D M အလုပ်မဆင်းဖို့
အတင်းလှုံ့ဆော်။
သတိထားမှတန်မည်နော်
ညာဏ်မြင်မြော်ဆင်ခြင်မှန်း။
C D M အကြံရိုင်းကို
ကျောခိုင်းလိုက်စမ်း။

❖ ဝန်ထမ်းဘဝဟူသည်က
ရခဲတဲ့ဖြစ်စဉ်ပါ။
ကိုယ့်တာဝန်ကျေပွန်ရေး
အလေးထားကာ။
တိုင်းပြည်ရဲ့မျက်နှာ
ထောက်ညှာလို့တွေးဆ။
မိဘတို့မေတ္တာ
ဆင်ခြင်ကာသတိရ။
ရုံးတက်ကာဝတ်စုံလေးတွေနဲ့
ကျေးဇူးဂုဏ်အထပ်ထပ်
ဆပ်လိုက်ပါကြ။   ။

စိုင်းခွန်နောင်(တောင်ကြီး)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

ယမန်နေ့မှအဆက်

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး** က မေးမြန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကြိုဆိုသည့်အနေဖြင့် သတင်းစာရှင်းလင်းပွဲကို ပထမဆုံး တက်ရောက်သတင်းရယူရခြင်းဖြစ်ကြောင်း၊ NLD အစိုးရလက်ထက်မှာ မဲလိမ်၊ မဲခိုးမှုများနှင့်ပတ်သက်၍ ပြည်သူတွေ ဆန္ဒဖော်ထုတ်နေရင်း ရဲကိုဝင်ဆွဲခိုင်းတယ်၊ ချုပ်နှောင်ဖမ်းဆီးတယ်၊ နိုင်ငံတော်အလံကို ရဲတပ်ဖွဲ့ဝင်များက တက်နင်းပြီး ဖမ်းဆီးသည့် အခြေအနေမျိုးတွေထိ မြင်တွေ့ရကြောင်း၊ ယခုအခါ NLD ထောက်ခံသူများအနေဖြင့် ငြိမ်းစုစီနဲ့လည်း ခွင့်ပြုချက်မတင်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေကိုလည်း ချိုးဖောက်ပြီးလုပ်နေကြောင်း၊ ဆန္ဒပြပွဲများကို ဘယ်အချိန်မှာ တိတိကျကျအရေးယူဆောင်ရွက်မည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မယိမ်းမယိုင်သွားမည်ဟု ခံယူထားသည့်အတွက် ဒီမိုကရေစီကျင့်စဉ်၊ ၂၀၀၈ အခြေခံဥပဒေပါ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်နေလျှင် အရေးယူ ဆောင်ရွက်ရန်မရှိကြောင်း၊ ချိုးဖောက်လာသည်များကို အရေးယူ ဆောင်ရွက်ရန်ရှိကြောင်း၊ အရေးယူဆောင်ရွက်နေသည်များကိုလည်း ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်များလည်း မြင်နိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး**က ဆက်လက်မေးမြန်းရာ CDM လုပ်ရန်အတွက် လှုံ့ဆော်သူများက ဝန်ထမ်းများ၏ အိမ်ရာများထိ လမ်းများပိတ်ဆို့ပြီး ဆန္ဒဖော်ထုတ်နေခြင်းများရှိကြောင်း၊ မိမိတို့တိုင်းပြည်တွင် ဒီမိုကရေစီစနစ်ကို စပြီးကျင့်သုံးသည်က ပါတီပေါင်း ၁၀၀ ကျော်ရှိကြောင်း၊ ရွေးကောက်ပွဲဝင်ပြိုင်သည်က ၈၀ ကျော်ရှိကြောင်း၊ မတူညီကွဲပြားသည်များရှိသည့်ကြားတွင် ငါနှင့်မတူ ငါ့ရန်သူဟုလုပ်နေခြင်း၊ ဝန်ထမ်းများတွင်လည်း NLD ပါတီကို ထောက်ခံသူရှိသကဲ့သို့ မထောက်ခံသူများလည်းရှိကြောင်း၊ အဆိုပါကိစ္စများကို ဘယ်လိုတားဆီးမလဲ၊ CDM လုပ်သည့်သူများအစား အစားထိုးရန် ဝန်ထမ်းအဆင်သင့်ဖြစ်ပြီလား သိလိုပါကြောင်းမေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာ ဝန်ထမ်းအိမ်ရာများကို ခြိမ်းခြောက်နေသည်များ၊ လုပ်ငန်းခွင်အထိ ခြိမ်းခြောက်နေသည်များကို တွေ့ရကြောင်း၊ ဝန်ထမ်းများနှင့်ပတ်သက်ပြီး အပြုံးမပျက် ရုံးတက်နိုင်ရေး လိုအပ်သည့် လုံခြုံရေး ဆောင်ရွက်ချက်များကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအား နှောင့်ယှက်နေသူများကို တည်ဆဲဥပဒေများအရ ဆက်လက်ပြီး အရေးယူဆောင်ရွက်ဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ CDM ကိစ္စနှင့်ပတ်သက်ပြီး အချိန်အတိုင်းအတာတစ်ခုထိ စိတ်ရှည်လက်ရှည်စောင့်နေပါကြောင်း၊ ပြီးသွားလျှင် သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း သွားရမည်ဖြစ်ကြောင်း၊ CDM လုပ်နေသည်ကို ဘယ်သူများဖြစ်နေလဲဆိုတာ တွေ့ရမှာဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အထိနာနေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ ပြည်သူလူထုနစ်နာလာသည်ကို Professional ဆန်ရမည့် ဝန်ထမ်းများအနေဖြင့် အဆိုပါလုပ်ဆောင်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ်။

ချက်များသည် မကောင်းဘူးဆိုတာ မြင်လာမှာဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူထားသည်မှာ ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ယနေ့ထိဖြစ်ကြောင်း၊ အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ကောင်းမွန်စွာလည်ပတ်လျက်ရှိကြောင်း၊ ဆန္ဒပြမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများရှိနေသည့်ကြားထဲမှ အဆိုပါကိစ္စရပ်များ လျော့နည်းသွားအောင် ညအချိန်များတွင် လုံခြုံရေးဆောင်ရွက်လျက်ရှိကြောင်း၊ ဆက်လက်ပြီးလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အပေါ် တာဝန်သိ သစ္စာရှိသည့် ဝန်ထမ်းများ၊ ပြည်သူလူထုများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း ပြန်လည်ဖြေကြားသည်။



**Myanmar National Post အယ်ဒီတာချုပ် နောင်တော်လေး**က ဆက်လက်မေးမြန်းရာ CDM လှုပ်ရှားမှုတွင် အဓိကပါဝင်သူ ခုနစ်ဦးနှင့် အနုပညာရှင်များပါဝင်ကြောင်း၊ ပါဝင်သူ ခုနစ်ဦးကို ဖမ်းဝရမ်းထုတ်ထားခြင်းကို တွေ့ရကြောင်း၊ ဖမ်းမိနိုင်မှုအခြေအနေများနှင့်ပတ်သက်ပြီး သိရှိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာ ပုဂ္ဂလိကပိုင်းဆိုင်ရာ မိမိအနေဖြင့် ပြောလိုခြင်းမရှိကြောင်း၊ သူတို့က ဘယ်လိုလူတွေလဲ၊ ဘာအသက်မွေးဝမ်းကျောင်းပြုသူတွေလဲ၊ ဘာတွေရည်မှန်းချက်ရှိလဲ ဝန်ထမ်းလည်းမဟုတ်ကြောင်း၊ ဝန်ထမ်းများ အလုပ်ထိခိုက်သွားလည်း သူတို့က ထိခိုက်စရာမရှိကြောင်း၊ ဒါကြောင့် လုပ်နေခြင်းဖြစ်ကြောင်း၊ သို့သော် နိုင်ငံရေးခံယူချက်ကြောင့် လုပ်နေခြင်းကိုမပြောလိုကြောင်း၊ **နိုင်ငံရေးထိပ်တိုက်တွေ့မှု လမ်းကြောင်းပေါ်တွင် အစိုးရဝန်ထမ်းများကို တွန်းတင်နေခြင်းသည် မှုမမှန်**ဟု ပြောလိုကြောင်း၊ မိမိနိုင်ငံရေး ခံယူချက်ရှိလျှင် မိမိဘာသာ လုပ်စေလိုကြောင်း၊ အဆိုပါကိစ္စရပ်များနှင့်ပတ်သက်ပြီး မိမိတို့အနေဖြင့် အရေးယူဆောင်ရွက်ထားခြင်းများရှိကြောင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဦးဝင်းမြင့်ကို ဘယ်မှာထိန်းချုပ်ထားသလဲ၊ သူတို့ကို ဘယ်လိုဥပဒေတွေနှင့် တရားစွဲဆိုထားလဲဆိုတာ သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးဝင်းမြင့်ကို လုံခြုံသည့်နေရာတွင် လုံခြုံမှုရှိစေရေးအတွက် ထိန်းချုပ်ထားကြောင်း၊ ကျန်းမာရေးအခြေအနေကောင်းမွန်ကြောင်း၊ မိမိတို့အနေဖြင့် အချုပ်ချထားသည့်ပုံစံမျိုးလုပ်ဆောင်ခြင်းမရှိကြောင်း၊ သက်ဆိုင်ရာ နေအိမ်တွေမှာ ရှိကြောင်း၊ ဥပဒေအရ ဆက်လက်ဆောင်ရွက်ရမည့်အပိုင်းများအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေနှင့်ကျော်လွန်ပြီး ဆောင်ရွက်သွားမှာ မဟုတ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ၎င်းတို့နှစ်ဦးကို ဘယ်ဥပဒေတွေနှင့် အရေးယူထားလဲဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အရေးယူခြင်းကိစ္စနှင့် သက်ဆိုင်ရာကို မေးကြည့်စေလိုကြောင်း၊ ဘယ်ဥပဒေတွေနှင့် အရေးယူထားသည်ကို မပြောနိုင်သေးကြောင်း၊ နောက်ရက်တွင်တော့ အမှုတွေနှင့်ပတ်သက်၍ ဆက်လက်ပြီးတော့ ဆောင်ရွက်သွားမည့် လုပ်ငန်းများရှိပြီး ဘယ်ဥပဒေက ဘယ်လိုဆိုတာ ခင်ဗျားတို့လည်း သိနေပြီးဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ဝန်ထမ်းတွေ CDM လှုပ်ရှားမှုနှင့်ပတ်သက်ပြီး ဘယ်လိုဖြေရှင်းရန် ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် CDM ကိစ္စဆောင်ရွက်နေသည့်အတွက် အစိုးရ၏ ဝန်ကြီးဌာနများ၏ အုပ်ချုပ်မှုယန္တရား ရပ်တန့်သွားခြင်းမရှိလည်ပတ်လျက်ရှိကြောင်း၊ မိမိတို့ ယခုလုပ်ဆောင်နေသည်များမှာ ဝန်ကြီးဌာနများမှာရှိသည့် တာဝန်ရှိသူများမှ စည်းရုံးရေးနည်းလမ်းနှင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အကြီးအကဲများမှ စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်ခဲ့သည့်အတွက် အောင်မြင်သင့်သလောက် အောင်မြင်ပြီဖြစ်ကြောင်း၊ ဝန်ထမ်းတော်တော်များများ အလုပ်ခွင် ဝင်ရောက်ပြီးဖြစ်ကြောင်း၊ ဆက်လက်ပြီး စည်းရုံးရေးနည်းလမ်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့သော် စည်းရုံးရေးနည်းလမ်းဆိုသည်မှာ အချိန်အတိုင်းအတာတစ်ခုအထိရှိကြောင်း၊ အချိန်အတိုင်းအတာတစ်ခုအထိမှ ဝင်ရောက်လာခြင်းမရှိခဲ့လျှင် တည်ဆဲဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လှုံ့ဆော်သူများကို တည်ဆဲစည်းမျဉ်းစည်းကမ်းများအပြင် တည်ဆဲဥပဒေများနှင့်အညီ မလွှဲမရှောင်သာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့လည်း မဆောင်ရွက်လိုကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ်မှာ သစ္စာရှိရှိနှင့် ဝန်ထမ်းများ ရုံးတက်နိုင်ရန် မျှော်လင့်လျက်ရှိကြောင်း ဖြေကြားသည်။

**BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က သတင်းများတွင်ကြည့်ရသည်မှာ မြန်မာ့မီးရထားဆိုလျှင် လုံးဝရပ်သွားသည့်အခြေအနေမျိုးကို တွေ့ရကြောင်း၊ ထိုပြဿနာများကို ဘယ်လိုဖြေရှင်းဖို့ စီစဉ်ထားသလဲသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က တပ်မတော်အနေဖြင့် မြန်မာ့မီးရထားလိုနေရာမျိုး၊ တချို့ဆက်သွယ်ရေးနေရာမျိုးများတွင် ဝင်ရောက်ကူညီဆောင်ရွက်ပေးနိုင်သည့် အင်အားရှိကြောင်း၊ တပ်မတော်ပိုင်သည့် ရထားများဖြင့် ပြေးဆွဲပေးနိုင်သည့် အင်အားရှိကြောင်း၊ သို့သော် မလုပ်ဆောင်သေးကြောင်း၊ ဘာကြောင့်ဆိုလျှင် တပ်မတော်အနေဖြင့် အာဏာသိမ်းတာမဟုတ်ဘဲ နိုင်ငံတော်တာဝန်ကို ခေတ္တထမ်းဆောင်ခြင်းဖြစ်သည့်အတွက်ကြောင့် Professionals လုပ်ငန်းတွေကို မိမိတို့ဝင်မလုပ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် စည်းရုံးရေးနည်းလမ်းနှင့်သွားမည်၊ နောက်ပိုင်းတွင် ပြည်သူလူထုက လိုအပ်လာလျှင် ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ယခုဆိုလျှင် ကုလသမဂ္ဂအပါအဝင် အနောက်နိုင်ငံတွေ၏ အရေးယူခြင်းများ၊ ပိတ်ဆို့ခြင်းများရှိကြောင်း၊ ထိုအရာကို မည်သို့ဖြေရှင်းမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် အရေးယူပိတ်ဆို့မှုတွေကို မျှော်လင့်ပြီးသားဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားနိုင်ငံများကိုပါ မိတ်ဝတ်မပျက် ဆက်ဆံရေးကိုပါ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတိုင်းနှင့် မိတ်ဝတ်မပျက် ချစ်ကြည်ရင်းနှီးစွာ ပူးတွဲနေထိုင်ရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက်အမှန်တွေကို သံတမန်ရေးနည်းလမ်းတွေနှင့် နိုင်ငံရေးနည်းလမ်းတွေအရ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘာတွေဖြစ်ပျက်နေပြီး ဘယ်လိုသဘောထားတွေရှိသည်ကို သတင်းများတွင် တွေ့ပြီးသားဖြစ်ကြောင်း၊ တချို့လည်း အလိုဆန္ဒတွေအရ သတင်းကို ခေါင်းစဉ်အမျိုးမျိုးတပ်ကြပြီး မူရင်းစာကိုကြည့်ရင် သိနိုင်ကြောင်း၊ ကုလသမဂ္ဂအနေဖြင့် မူရင်းပြောလိုက်သည်မှာ ဘာလဲသိနိုင်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံခြားဆက်ဆံရေး၊ အပြည်ပြည်ဆိုင်ရာဆက်ဆံရေးတွေအနေဖြင့် ပတ်သက်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။



ဆက်လက်၍ **BBC သတင်းဌာနမှ သတင်းထောက် ဦးအောင်သူရ**က ယခု ဖမ်းဆီးထားသည့်ထဲတွင် ဝန်ကြီးချုပ်များပါဝင်ကြောင်း၊ တချို့ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များကြား သိရကြောင်း၊ ထိုပုဂ္ဂိုလ်များကို ဘယ်လိုဥပဒေများနှင့် ဖမ်းဆီးထိန်းချုပ်ထားသည်ကို သိလိုကြောင်းနှင့် ဘယ်နေရာတွင် ထိန်းချုပ်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် ဥပဒေနှင့်မညီသည်ကို လုပ်ဆောင်မည်မဟုတ်ကြောင်း၊ ဥပဒေအတိုင်း ဆောင်ရွက်သွားမည်၊ ဘာတွေဆောင်ရွက်ထားသည်ကို ဆောင်ရွက်ပြီးသည်နှင့် သိလို့ရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Union Daily သတင်းဌာနမှ သတင်းထောက် ပြည့်ဖြိုးနိုင်**က မေးမြန်းရာတွင် ပထမဆုံးအနေဖြင့် COVID–19 နှင့်ပတ်သက်သည့်ကိစ္စ မေးချင်ကြောင်း၊ COVID–19 ကာကွယ်ဆေးထိုးသည့် အစီအစဉ်များကို ဆက်လုပ်မည်ဆိုလျှင် ပြည်သူတွေထိုးနိုင်သည့် အခြေအနေအထိ ကျယ်ကျယ်ပြန့်ပြန့် ထိုးနိုင်အောင် မည်သို့လုပ်ဆောင်မည်၊ နောက်တစ်ချက်က COVID–19 နှင့်ပတ်သက်သည့်စည်းမျဉ်းများ ဥပမာ ယခုဆိုလျှင် နေပြည်တော်ကိုဝင်လျှင် Quarantine ဝင်ရတာကိုဖြုတ်ပေးတော့မည်ဆိုပြီး သတင်းများထွက်နေကြောင်း၊ ထိုသတင်းများသည် တကယ်ဟုတ်ပါသလား၊ ဖြုတ်ပေးမည်လား၊ ဘယ်လိုအစီအစဉ်များရှိပါလဲ မေးမြန်းသည်။

**စာမျက်နှာ ၉ သို့** ❖

❖ စာမျက်နှာ ၈ မှ

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် COVID-19 နှင့်ပတ်သက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနှင့်လည်း COVID-19 နှင့်ပတ်သက်ပြီး မည်သို့ဆောင်ရွက်မည်ဆိုသည်ကို ၎င်း၏မိန့်ခွန်းများထဲတွင် အသေးစိတ် ပြောကြားပြီးဖြစ်ကြောင်း၊ ဆေးအမျိုးအစားအသစ်တွေ ထပ်မံကူညီမယ်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်အောင်လုပ်မယ်၊ ထို့အပြင် ပုဂ္ဂလိကများအနေဖြင့် လှူဒါန်းနိုင်ရေး၊ ပုဂ္ဂလိကဆေးထိုးနိုင်ရေး၊ ဝယ်ယူပြီး ဆောလျင်စွာ ဆေးထိုးနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ COVID-19 နှင့်ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်နှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အပြင် COVID-19 ရောဂါဖြစ်ပွားမှု အရှိန်လျော့ကျနေသည့်ကာလအတွင်းမှာ COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းများကို ပြန်ဖွင့်မှာဖြစ်ကြောင်း၊ ပညာရေးက နောက်ကျ၍မရကြောင်း၊ ကျောင်းများကို မကြာမီအချိန်အတွင်းမှာ ပြန်ဖွင့်မည်ဖြစ်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများကို စတင်လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ နောက်ကျနေသည်မှာ နှစ်ကျော်သွားပြီဖြစ်သည့်အတွက် ကျန်သည့်နိုင်ငံများမှာလည်း COVID-19 စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျောင်းများဖွင့်နေတာရှိကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌအနေနှင့် ပညာရေးနှင့်ပတ်သက်ပြီး အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့ ခဏခဏပြောခဲ့သလိုပဲ **ကျန်းမာရေး၊ ပညာရေးသည် ဦးစားပေးတစ်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပတ်သက်လျှင် ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ပညာသင်ကြားနိုင်မည်၊ ပညာသင်ကြားနိုင်မှ မိမိတို့တိုင်းပြည်သည် လူရာဝင်မည်ဖြစ်ကြောင်း၊** ၎င်းခံယူချက်များအတိုင်း မိမိတို့ဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဖြေကြားသည်။

ဆက်လက်၍ **Union Daily သတင်းဌာနမှ သတင်းထောက်ပြည့်ဖြိုးနိုင်**က မေးမြန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြောကြားထားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အရင်အတိုင်း ဆက်လက်လုပ်ဆောင်မည်ဆိုလျှင် နိုင်ငံခြားရင်းနှီးမြှုပ်နှံလိုသူများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့ဆက်လက်လုပ်ဆောင်မည်နည်း၊ ဘယ်လို ကတိတွေပေးနိုင်မည်လဲဆိုတာ သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် စီးပွားရေးနှင့်ပတ်သက်ရင် စီးပွားရေးလုပ်ငန်းရှင်တွေပြီးရင် ဗဟိုဘဏ်၊ ဘဏ်များနှင့်တွေ့ဆုံစဉ်မှာ မိမိတို့ ပြောကြားပြီးဖြစ်ကြောင်း၊ နံပါတ်တစ် မိမိတို့ အာမခံချက်ပေးနိုင်တာသည် ယခင်သဘောတူညီပြီးသားသဘောတူညီချက်များရှိကြောင်း၊ ၎င်းသဘောတူညီချက်များကို မိမိတို့ဖျက်ပစ်မှာ မဟုတ်ကြောင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ နံပါတ်နှစ်အနေနှင့် အရင်ကမူဝါဒအရ သဘောတူညီပြီးပြီ သို့သော် လက်တွေ့လုပ်ငန်းမှာတော့ မလုပ်ရသေးကြောင်း၊ အခက်အခဲ အမျိုးမျိုးကြောင့် မလုပ်နိုင်တာရှိကြောင်း၊ ဝန်ကြီးဌာနအလိုက် ထိုသို့သောလုပ်ငန်းများရှိကြောင်း၊ ဒါတွေကို ဆောလျင်စွာပြီးပြတ်အောင် မိမိတို့လုပ်ဆောင်မည်ဖြစ်ကြောင်း၊ အဲဒီလိုလုပ်ပြီး စီးပွားရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်လည်ပတ်အောင် ဆောင်ရွက်မှာဖြစ်ကြောင်း၊ နောက်တစ်ခုက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ဘဏ်လုပ်ငန်းများနှင့်ပတ်သက်ပြီး အာမခံချက် ပေးထားပါကြောင်း၊ ငွေရေးကြေးရေးနှင့် ပတ်သက်ပြီး အာမခံချက်ပေးထားကြောင်း၊ အဓိကပြောလိုတာက ဘဏ်လုပ်ငန်းများ၊ ငွေရေးကြေးရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး ပြည်သူလူထုအနေနှင့် ကောလာဟလများကို မယုံကြဖို့ပြောလိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်နေ့ မိမိတို့ နိုင်ငံ့တာဝန်များကိုစတင်ပြီး တာဝန်ယူသည့်အချိန်မှာ ဘာနှင့်စပြီး တိုက်ခိုက်သလဲဆိုလျှင် အရင်ပုံသေနည်း အဟောင်းအတိုင်းပဲ၊ တစ်သောင်းတန်များ၊ ငါးထောင်တန်များကို ဖျက်သိမ်းတော့မည်ဆိုပြီး တိုက်ခိုက်ပါကြောင်း၊ မိမိတို့သည် ဒီအခြေခံဥပဒေကို သွားနေတာဖြစ်ကြောင်း၊ အခြေခံဥပဒေမှာ တိတိကျကျ ရေးထားပြီးသားဖြစ်ကြောင်း နိုင်ငံတော်ကတရားဝင် ထုတ်ထားသည့် ငွေကြေးကို ဘယ်တော့မှ မဖျက်သိမ်းဘူးဆိုတာ အခြေခံဥပဒေမှာ ပါပြီးသားဖြစ်ကြောင်း၊ ဒီဥပဒေအတိုင်း မိမိတို့လိုက်နာသွားမှာဖြစ်ကြောင်း၊ အာမခံချက်များပါပြီးသားဖြစ်သလို ခုနကပြောသည့် ထပ်ဆင့်အာမခံချက်များကို ပြောပြီးသားဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



ဆက်လက်၍ **Union Daily သတင်းဌာနမှ သတင်းထောက်ပြည့်ဖြိုးနိုင်**က မေးမြန်းရာတွင် အခုလက်ရှိ ဘဏ်လုပ်ငန်းတွေအပါအဝင် ပုဂ္ဂလိကလုပ်ငန်းတွေမှာလည်း CDM လုပ်သည့်သူရှိသလို မလုပ်သည့်သူများလည်းရှိကြောင်း၊ မလုပ်သည့်သူများကို အကြောင်းအမျိုးမျိုးနှင့် ဖိအားပေးခြင်းများ၊ ခြိမ်းခြောက်ခြင်းများရှိကြောင်း၊ အဆိုပါလုပ်ရပ်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သို့အကူအညီပေးမည်၊ မည်ကဲ့သို့အကာအကွယ်ပေးမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ ဝန်ထမ်းများကိစ္စနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာနအကြီးအကဲ အချို့အနေဖြင့် ဆွဲဆောင်စည်းရုံးရေး နည်းလမ်းများဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလက်ရှိလည်း ဆောင်ရွက်နေကြောင်း၊ အချို့နေရာများတွင် မည်သို့မျှထိန်းချုပ်၍ မရတော့ကြောင်း၊ ဦးဆောင်ပြီး လှုံ့ဆော်နေသူများရှိကြောင်း၊ ထိုသူများကို ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများအရ၊ တည်ဆဲဥပဒေအရ အရေးယူထားခြင်းများရှိကြောင်း၊ ဝန်ထမ်းများ၏ လုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်ယှက်နေသူများကို တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်မှသာဖြစ်မည့် အနေအထားဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

**ဆင်ဟွာ သတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး**က ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ပြောကြားချက်မှာ ထိန်းသိမ်းခံ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးဝင်းမြင့် အပါအဝင် အခြားထိန်းသိမ်းထားသူ အားလုံးကို ချက်ချင်းပြန်လွှတ်ပေးရန် တိုက်တွန်းထားမှုရှိကြောင်း၊ ထိုအပေါ်တွင် မည်သို့လုပ်ဆောင်ပေးသွားမည်ကိုလည်း သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် အဓိကကတော့ ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကိုကျော်လွန်ပြီး ဆောင်ရွက်စရာအကြောင်းမရှိကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အချိန်တွင်လည်း ဆောင်ရွက်သမျှကို မိမိတို့ပြောနိုင်သည့်အချိန်တွင် ပွင့်လင်းမြင်သာစွာ ပြောသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုကိုလည်း ပွင့်လင်းမြင်သာအောင် အသိပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ယခုလူထုကလမ်းပေါ်ထွက်ပြီး ဆန္ဒပြနေသည်မှာ ရက်တွေကြာနေပြီဖြစ်ပြီး သူတို့လိုချင်သည့် အချက်အလက်တွေကို သိလောက်ပြီထင်ကြောင်း၊ လူထုကြောင့်ဆိုရင် မဖြစ်နိုင်ဘူးဆိုသည်မှာမရှိလောက်ဘူးလို့ အကုန်လုံးလည်း တွေးနေကြကြောင်း၊ ထိုအရာကို ဘယ်လောက်လုပ်ပေးနိုင်မလဲဆိုတာ သိချင်ကြောင်း၊ လူထုတွေလမ်းပေါ်ထွက်ပြီး တောင်းဆိုကြတယ်၊ ဆန္ဒတွေပြတယ်၊ သမ္မတကြီးလွှတ်ပေးဖို့၊ အတိုင်ပင်ခံ လွှတ်ပေးဖို့အဲဒါတွေနှင့်ပတ်သက်ပြီး ဘာများလုပ်ဆောင်ပေးနိုင်မလဲဆိုတာကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က မိမိတို့ပြောနိုင်သည်မှာ ဥပဒေနှင့်အညီ လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က နိုင်ငံတကာမှ အသိအမှတ်မပြုဘူးဖြစ်နေကြောင်း၊ ထိုအပေါ်မှာ လုပ်ရကိုင်ရသည်မှာ အဟန့်အတားဖြစ်နေသည့်အပေါ်မှာ ဘယ်လိုသဘောထားကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် ထိုအရာမှာ မေးခွန်းကိုပင်မှားနေခြင်းလို့ထင်ကြောင်း၊ နိုင်ငံတကာမှ အသိအမှတ် ပြု၊ မပြုဆိုသည်မှာ လက်ရှိပြောလျက်ရှိသည့် နိုင်ငံတကာမှာ ဘယ်လိုရေးနေလဲဆိုသည်ကို ကြည့်စေလိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများမှာလည်း ဘယ်လိုပြောနေသည်ကိုကြည့်လိုက်လျှင် သိနိုင်ကြောင်း၊ မြန်မာနိုင်ငံမှာ နိုင်ငံတကာသံရုံးအစုံရှိကြောင်း၊ မြန်မာနိုင်ငံ၏ သံအမတ်ကြီးများသည် နိုင်ငံတကာမှာ သံအမတ်ကြီးအဆင့်ဖြင့် အစုံအလင်ရှိကြောင်း၊ နိုင်ငံတကာအစိုးရများ၏ ပြောကြားချက်များ၊ ရေးသားချက်များ အသိအမှတ်ပြုခြင်း၊ မပြုခြင်းဆိုသည်ကို ထင်ရှားစွာတွေ့နိုင်ကြောင်း၊ လိုရာဆွဲပြောနေတာကို မကြည့်စေလိုကြောင်း၊ အပြစ်မဆိုချင်ကြောင်း၊ ၎င်းတို့လိုချင်သဖြင့် ရေးနေခြင်း၊ လုပ်နေခြင်းသာဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် အခြေအနေအမှန်တိုင်းသိဖို့လိုကြောင်း ဖြေကြားသည်။

ဆက်လက်၍ **Voice of Myanmar(VOM) သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်း**က ဆက်သွယ်မှုအနေဖြင့် သတင်းအများတွေဆိုတော့ အင်တာနက်တွေပိတ်ခြင်း၊ Facebook တွေပိတ်ခြင်းကြောင့် တော်တော်ခက်ခဲကြောင်း၊ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်လုပ်နေသည်ဆိုလျှင် ဖမ်းချင်ပါက ဖမ်းလို့ရပြီး ဘာကြောင့်အင်တာနက်တွေပိတ်ပြီးဖမ်းသည့် သတင်းတွေရှိကြောင်း၊ အင်တာနက်ဖွင့်ပေးရန်နှင့် Facebook ကို လွယ်လွယ်ကူကူသုံးလို့ရရန် ဘယ်လိုဆောင်ရွက်ပေးနိုင်မလဲကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် အဓိကအနေဖြင့် တချို့လိုအပ်သည့်ကန့်သတ်မှုတွေလုပ်ရမည် ဖြစ်ပြီး ဘာကြောင့်ဆိုလျှင် တချို့၏ လှုံ့ဆော်မှုများ၊ အခြေအနေကို ပိုပြီးတော့ဆိုးအောင်လုပ်သည့် ဖန်တီးမှုတွေသည် အများအားဖြင့် Online ပေါ်ကလာခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် မလုပ်ချင်ကြောင်း၊ နံပါတ်တစ်အနေဖြင့် သတင်းမီဒီယာတွေအများကြီး ရေးနေခြင်းများ၊ လွှင့်နေခြင်းများ အများကြီးရှိကြောင်း၊မိမိတို့အနေဖြင့် မည်သည့်အရေးယူမှုရှိသလဲ၊ တချို့လှုံ့ဆော်မှုတွေက မလွှဲသာမရှောင်သာပဲ အရေးယူဆောင်ရွက်မှုတွေလုပ်ရကြောင်း၊ ဘာကြောင့်ဆိုလျှင် ထိုအရာများသည် ပြည်သူလူထုကို အထိတ်တလန့်ဖြစ်စေသည့်အရာများ၊ ယခုလက်ရှိအခြေအနေထက် ပိုမိုဆိုးရွားသွားနိုင်သည့် အခြေအနေများ၊ မဟုတ်မမှန်သည့်အရာများကို မိမိတို့အနေဖြင့် မလွှဲမရှောင်သာ လုပ်ဆောင်ရခြင်းဖြစ်ပြီး မလွှဲမရှောင်သာသည့် ကန့်သတ်မှုများ၊ ပိတ်ပင်မှုများ၊ လိုအပ်သည့်ကန့်သတ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြေကြားသည်။

**RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်** က အစိုးရဆန့်ကျင်ရေး ဝေဖန်မှုတွေကို ထောက်လှမ်းရန်အတွက် ဆိုက်ဘာလုံခြုံရေးအရ တရုတ်အကူအညီဖြင့် Firewall များတည်ဆောက်နေသည်ကို ကြားသိရကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ဘာများရှင်းပြလိုပါသလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာ Cyberlaw နှင့်ပတ်သက်ပြီး အဆိုပါ Law သည် မိမိတို့ရေးဆွဲထားခြင်းမဟုတ်ကြောင်း၊ ယခင်အစိုးရလက်ထက်က ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ကောလာဟလများထွက်နေသည်ကို သိရှိကြောင်း၊ မိမိအနေဖြင့် ပြဋ္ဌာန်းမည်၊ မပြဋ္ဌာန်းမည်ကို မပြောနိုင်ကြောင်း၊ အဆိုပါ Law သည် မိမိတို့ထွင်ထားခြင်းမဟုတ်ကြောင်း၊ တရုတ်အကူအညီဖြင့် Firewall များ လုပ်စရာအကြောင်းမရှိကြောင်း၊ လုပ်ချင်လျှင် မိမိတို့တွင် အဆိုပါနည်းပညာနှင့်ပတ်သက်ပြီး လုံလောက်သည့်သူများရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ **RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်**က မေးမြန်းရာ သတင်းလွတ်လပ်ခွင့်နှင့်ပတ်သက်ကြောင်း၊ ကာကွယ်ရေးဦးစီးချုပ်က သတင်းမီဒီယာကို စတုတ္ထမဏ္ဍိုင်အဖြစ်လက်ခံသည်ကို မနေ့ကပြောခဲ့ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်သွားမည်မဟုတ်ကြောင်းလည်း မကြာခဏပြောထားကြောင်း၊ လောလောဆယ် ဖေဖော်ဝါရီ ၁ ရက် တပ်မတော်မှ တာဝန်ယူချိန်မှစ၍ ယခင်ကရှိခဲ့သည့် Democratic Debate လို့ခေါ်သည့် သတင်းမီဒီယာအားလုံးမှာရှိသည့် မိမိသည်လည်း ယနေ့နိုင်ငံရေး Program ၏ Producer ဖြစ်ကြောင်း၊ မိမိတို့သည် တစ်ဖက်တည်းကို ဖိတ်ပြီး ဆွေးနွေးခြင်းမဟုတ်ကြောင်း၊ နှစ်ဖက်စလုံးမှ ပညာရှင်များကိုဖိတ်ပြီး ဆွေးနွေးခြင်းဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်ကစပြီး လွတ်လပ်သည့် Debate များ တိတ်ဆိတ်ငြိမ်သက်သွားကြောင်း၊ တစ်ဖက်မှာ သတင်းလွတ်လပ်ခွင့်အပါအဝင် နိုင်ငံသားများ၏ အခြေခံလွတ်လပ်ခွင့်ကို ထိန်းချုပ်ရန်အတွက် နိုင်လွတ်လုံ ဥပဒေကိုရပ်တန့်လိုက်သည်ကိုတွေ့ရကြောင်း၊ နိုင်ငံတော်အကြည်အညိုပျက်စေမှုဆိုင်ရာ ရာဇသတ်ကြီးပုဒ်မများကို ဖြည့်စွက်ထားသည်ကိုတွေ့ရပါကြောင်း၊တပ်မတော်အနေဖြင့် တာဝန်ယူစဉ် တစ်နှစ်အတွင်းမှာ သတင်းလွတ်လပ်ခွင့်ကို ဘယ်လောက်ထိ တာဝန်ယူနိုင်မလဲ၊ သတင်းထောက်များကို ဖမ်းဆီးတာမျိုး မလုပ်ဘဲ သတင်းထောက်များ၏ သတင်းရေးသားခွင့်ကို ဘယ်လောက်ထိ အာမခံပေးနိုင်မလဲ သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာ ဖေဖော်ဝါရီလ ၁ ရက်ကနေ ယနေ့ထိ သတင်းမီဒီယာများ လွတ်လပ်စွာရေးနေပါကြောင်း၊သတင်းမီဒီယာများ ရေးသားမှုနှင့်ပတ်သက်ပြီး အရေးယူထားခြင်းများရှိလျှင် ထောက်ပြစေလိုကြောင်း၊ သို့သော် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖြစ်ရန်လိုကြောင်း၊ ဥပဒေနှင့်ငြိစွန်းလျှင် ကန့်သတ်မှုများ လုပ်ကောင်းလုပ်နိုင်ရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာနှင့်ပတ်သက်ပြီး အာမခံခြင်း၊ ခံခြင်းသည် လုပ်ပါမည်၊ မလုပ်ပါမည်ဟုလည်း မပြောလိုကြောင်း၊ ဥပဒေနှင့်အညီသာ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများသည် သတ်မှတ်ထားသည့် ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်ပါက သတင်းမီဒီယာသမားများအတွက် ကောင်းသည်ဟု ပြောလိုပါကြောင်း၊ သတင်းမီဒီယာများကို ယခုလို ပြောနေခြင်းသည် ခြိမ်းခြောက်နေခြင်းမျိုးမဟုတ်ကြောင်း၊ ဥပဒေကျင့်ဝတ် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ဆောင်နိုင်ရေး ပြောခြင်းဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**RFA သတင်းဌာနမှ ဒေါ်အေးအေးမွန်**က ဆက်လက်မေးမြန်းရာ နိုင်ငံရေးငြင်းခုံစကားဝိုင်းများ ပြန်လုပ်လျှင် ဖမ်းမည်လားသိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ဆက်လက်ဖြေကြားရာ နိုင်ငံရေးငြင်းခုံစကားဝိုင်းများကို ဥပဒေနှင့်မလွတ်ကင်းသည့်သူများကို တွေ့ဆုံဆွေးနွေးပွဲလုပ်လျှင် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ခံရမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ဆင်ဟွာသတင်းဌာနမှ သတင်းထောက် ဦးရဲမင်းဖြိုး**က ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌမှ တိုက်တွန်းထားမှုရှိကြောင်း၊ မြန်မာပြည်သူများ၏ ဆန္ဒသဘောထားနှင့်အညီ မြန်မာပြည်သူများ၏အကျိုးအတွက် အပြန်အလှန် ဆွေးနွေးညှိနှိုင်းမှုများနှင့်အညီ ပြန်လည်သင့်မြတ်ရေးအတွက် ဆောင်ရွက်ကြရန် တိုက်တွန်းထားမှုရှိကြောင်း၊ ထို့အပေါ်တွင် မည်သို့လုပ်ဆောင်သွားမည်ကိုလည်း သိချင်ကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ပြန်လည်ဖြေကြားရာတွင် မိမိတို့အနေဖြင့် ယခုသတင်းစာရှင်းလင်းပွဲစစချင်း၌ ပြောခဲ့သလို နိုင်ငံတော်တာဝန်ကို ဘာ့ကြောင့်ရယူခဲ့ရသည်ကို ရှင်းပြပြီးဖြစ်ကြောင်း၊ နိုင်ငံရေးယဉ်ကျေးမှုများ၊ ဒီမိုကရေစီ စံချိန်စံညွှန်းများနှင့်အညီ ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်ဖြင့် သွားခဲ့ကြောင်း၊ ဆွေးနွေးညှိနှိုင်းရေးလမ်းစဉ်၌ ဘယ်လိုမှ အလုပ်မဖြစ်သောအချိန်မှ မိမိတို့ နိုင်ငံတော်တာဝန်ကို ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ယခုအချိန်တွင် ဥပဒေကြောင်းအရ လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဥပဒေကြောင်းအရ လုပ်ဆောင်သင့်သည်ကို လုပ်ဆောင်ပြီးသည့်အချိန်တွင် အခြေအနေ အကြောင်းအရာများသည် အမျိုးမျိုးဖြစ်လာနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

**SKY NET Up to Date သတင်းဌာနမှ သတင်းထောက် ဦးအောင်ဇော်ဇော်**က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း CDM လုပ်ဆောင်သည့် နိုင်ငံ့ဝန်ထမ်းများကို လုပ်ငန်းခွင်ပြန်ဝင်ရန်အတွက် စိတ်ရှည်ရှည်ဖြင့် စောင့်ပေးသည်ဆိုသည့် အချက်လည်း ကြားသိရကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများကို စည်းရုံးရေးဆင်းပြီး အချိန်တစ်ခုပေးထားသည်ကိုလည်းကြားသိရကြောင်း၊ ထို့အတွက် မိမိသိချင်သည်မှာ ဝန်ထမ်းများအတွက် အချိန်မည်သို့သတ်မှတ်ထားသည်ကို သိချင်ပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ်ဇော်မင်းထွန်း**က ရှင်းလင်းပြောကြားရာတွင် မိမိတို့အနေဖြင့် အချိန်ကို သတ်မှတ်ထားခြင်းမရှိသေးကြောင်း၊ သို့သော် အချိန်က သိပ်ရှည်မည်မဟုတ်ကြောင်းကို ပြောလိုကြောင်း၊ ဝန်ကြီးဌာနအလိုက်လည်း ဖြစ်ပေါ်တိုးတက်မှုများရှိနေကြောင်း၊ ဖြစ်ပေါ်တိုးတက်မှုများရှိနေ၍လည်း ထပ်မံစောင့်ဆိုင်းနေကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း တာဝန်သိသိ သစ္စာရှိရှိဖြင့် Professional ကျကျ လုပ်ဆောင်သည်က အန္တရာယ်ကင်းမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **မြဝတီ**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဒေါက်တာ ကုမာရာဘိဝံသနှင့် နိုင်ငံတော်သြဝါဒါစရိယ မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစာရိန္ဒာဘိဝံသတို့ အမှူးပြုသော မန္တလေးမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး ၂၇ ပါးကို ယနေ့နေ့လယ်ပိုင်းတွင် အောင်မြေသာစံမြို့နယ်ရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)၌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးပြီး ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

အလားတူ နိုင်ငံတော်သြဝါဒါစရိယ အင်းစိန်ရွာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသနှင့် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် နာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော် ၄၇ ပါးတို့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဘုရားခန်း၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဆေးအဖွဲ့က ကျန်းမာရေးစစ်ဆေးပေးပြီး ပထမအကြိမ်အဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထိုသို့ ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုများကို တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များက သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ဖေဖော်ဝါရီ ၁၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၉ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၉-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၁၈-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၁,၄၁၁)အား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၇၂၈)ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၈) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၂၀၉)ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၃,၁၉၄)ဦး ရှိပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၅၂၆၅၁၃ | ၁၈၇၀၅၁၇၅ | ၅၀၅၃၂၅ |
| ၂။ | အိန္ဒိယ | ၁၀၉၆၈၈၁၈ | ၁၀၆၇၁၈၂၆ | ၁၅၆၁၇၉ |
| ၃။ | ဘရာဇီး | ၁၀၀၃၀၆၂၆ | ၈၉၉၅၄၄၆ | ၂၄၃၆၁၀ |
| ၄။ | ရုရှား | ၄၁၃၉၀၃၁ | ၃၆၇၉၉၄၉ | ၈၂၃၉၆ |
| ၅။ | ဗြိတိန် | ၄၀၈၃၂၄၂ | ၂၃၃၁၀၀၁ | ၁၁၉၃၈၇ |
| ၆။ | ပြင်သစ် | ၃၅၃၆၆၄၈ | ၂၄၇၁၂၇ | ၈၃၃၉၃ |
| ၇။ | စပိန် | ၃၁၂၁၆၈၇ | ၂၄၄၂၇၉၅ | ၆၆၇၀၄ |
| ၈။ | အီတလီ | ၂၇၆၅၄၁၂ | ၂၂၈၆၀၂၄ | ၉၄၈၈၇ |
| ၉။ | တူရကီ | ၂၆၁၆၆၀၀ | ၂၅၀၄၀၅၀ | ၂၇၈၂၁ |
| ၁၀။ | ဂျာမနီ | ၂၃၇၂၂၀၉ | ၂၁၇၆၃၀၀ | ၆၇၅၄၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၂၆၃၂၉၉ | ၁၀၆၉၀၀၅ | ၃၄၁၅၂ |
| ၂။ | ဖိလစ်ပိုင် | ၅၅၇၀၅၈ | ၅၁၂၇၈၉ | ၁၁၈၂၉ |
| ၃။ | မလေးရှား | ၂၇၇၈၁၁ | ၂၃၉၉၇၁ | ၁၀၄၃ |
| ၄။ | မြန်မာ | ၁၄၁၇၂၈ | ၁၃၁၂၀၉ | ၃၁၉၄ |
| ၅။ | စင်ကာပူ | ၅၉၈၄၆ | ၅၉၆၇၉ | ၂၉ |
| ၆။ | ထိုင်း | ၂၅၂၄၁ | ၂၄၀၇၀ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၃၆၂ | ၁၆၂၇ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၄၈၄ | ၄၇၀ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၁ | ၀ |



# ကိုဗစ်-၁၉ ရောဂါအား တိုက်ဖျက်မည်ဟု အီတလီဝန်ကြီးချုပ်သစ် ကတိပြု

**ရောမ ဖေဖော်ဝါရီ ၁၉**

အီတလီဝန်ကြီးချုပ်သစ် မာရီယိုဒရာဟိက ၎င်း၏အစိုးရအဖွဲ့သစ်သည် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရန် အတတ်နိုင်ဆုံး လုပ်ဆောင်သွားမည်ဟု ကတိပြုပြောကြားခဲ့သည်။

ဝန်ကြီးချုပ်သစ်ဒရာဟီသည် ၎င်းအစိုးရအဖွဲ့ဝင်အောက်ခြေအထိ ကျယ်ပြန့်သောအုပ်ချုပ်မှုကို ဖေဖော်ဝါရီ ၁၃ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

**ပြိုကွဲခဲ့ရ**

အီတလီနိုင်ငံတွင် ယခင်ညွန့်ပေါင်းအစိုးရအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့ခြင်းအပေါ် စီးပွားရေးအရ တုံ့ပြန်မှုနှင့်ပတ်သက်ပြီး အငြင်းပွားမှုများကြောင့် လွန်ခဲ့သည့်လအတွင်း ပြိုကွဲခဲ့ရသည်။

အီတလီဝန်ကြီးချုပ်သစ်က ဖေဖော်ဝါရီ ၁၇ ရက်တွင် ၎င်း၏ ပထမဆုံးမိန့်ခွန်းကို အထက်လွှတ်တော်၌ ပြောကြားခဲ့သည်။

၎င်းကိုယ်တိုင်အပါအဝင် အီတလီအစိုးရအဖွဲ့ဝင်များသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးတွင် အီတလီပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်ရန်တာဝန်ရှိကြောင်း အီတလီဝန်ကြီးချုပ်သစ် အစ်ယာရီယိုဒရာဟီက ပြောကြားသည်။

အီတလီနိုင်ငံ၏ စီးပွားရေးကို ပြန်လည်တည်ဆောက်ရန်အတွက် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နည်းလမ်းများကို ပြောင်းလဲရန် ရည်ရွယ်ကြောင်း ဥရောပသမဂ္ဂဗဟိုဘဏ်၏ အကြီးအကဲဟောင်းလည်းဖြစ်သူ ဝန်ကြီးချုပ် ဒရာဟီက ပြောကြားသည်။

ဘာသာပြန်-ဇော်ဝင်း

ကိုးကား-အင်န်အိတ်ချ်ကေ



# ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးစီမံချက်သစ်အတွက် ကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံလိုအပ်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

**ဂျီနီဗာ ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်မှုစီမံချက်အား အကောင်အထည်ဖော်တော့မည်ဖြစ်ရာ ယင်းစီမံချက်အတွက် အဖွဲ့ဝင်နိုင်ငံများမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၆ ဘီလီယံခန့်ပံ့ပိုးပေးရန် လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဖေဖော်ဝါရီ ၁၈ ရက်တွင် ကြေညာသည်။



**ညီတူမျှတူရရှိရေး**

အဆိုပါ စီမံကိန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရေး၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုလျှော့ချရေး၊ သတင်းမှားများအား တန်ပြန်တိုက်ဖျက်ရေး၊ အားနည်းသူများအား အကာအကွယ်ပေးရေး၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူဦးရေနှင့် ယင်းရောဂါကြောင့် သေဆုံးသူဦးရေလျှော့ချရေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၊ ကိုဗစ်-၁၉ ရောဂါ ရှာဖွေနည်းနှင့် ရောဂါကုသနည်းအပါအဝင် ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးအတွက် လိုအပ်သော ကိရိယာအထောက်အပံ့များ ညီတူမျှတူရရှိရေးတို့ ပါဝင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ် တီဒရော့စ်အာဒါနွမ်ဂီဘာရေးယီးယပ်စ်က ပြောကြားသည်။

မဟာဗျူဟာ စီမံကိန်းအတွက် လိုအပ်သော ရန်ပုံငွေစုစုပေါင်းအနက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံခန့်ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ACT Accelerator ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးအဖွဲ့အတွက် သုံးစွဲမည်ဖြစ်သည်။ အဆိုပါအဖွဲ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတီထွင်ထုတ်လုပ်မှု၊ ကိုဗစ်-၁၉ ရောဂါ ရှာဖွေကုသနည်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အားသာတူညီမျှအသုံးချရေးအတွက် ဖွဲ့စည်းထားသည့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတစ်ဖွဲ့ဖြစ်သည်။

**ငွေကြေးပံ့ပိုးပေး**

ကမ္ဘာ့ကျန်းမာရေး အဖွဲ့သည် ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၈ ဘီလီယံခန့်ဖြင့် ၎င်း၏ပထမဗျူဟာစီမံကိန်းကို ယမန်နှစ်က စတင်ခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် အဆိုပါစီမံကိန်းအား စတင်အကောင်အထည်ဖော်ရန် မူလက အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ဘီလီယံခန့် တောင်းခံခဲ့သော်လည်း ၁ ဒသမ ၅၈ ဘီလီယံခန့်သာ မတည်နိုင်ခဲ့ကာ ယင်းရန်ပုံငွေ၏ ၉၀ ရာခိုင်နှုန်းကို ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရှေ့တန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား ငွေကြေးပံ့ပိုးပေးလျက်ရှိသော နိုင်ငံများအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ သိပ္ပံဆိုင်ရာနှင့် နည်းပညာဆိုင်ရာ အဓိကလုပ်ငန်းတွင် ကူညီပံ့ပိုးပေးလျက်ရှိသော နိုင်ငံများနှင့် ဒေသများအတွက်သုံးစွဲရန် ဝေခွဲသတ်မှတ်ပေးထားကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ

ဘာသာပြန်-ဂျေတီ

# အယ်လ်ဂျီးရီးယားနိုင်ငံက ခြောက်လခန့်အတွင်း ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေး Sputnik V ထုတ်လုပ်မည်

**ကိုင်ရို(အီဂျစ်) ဖေဖော်ဝါရီ ၁၉**

အယ်လ်ဂျီးရီးယားနိုင်ငံက ခြောက်လခန့်အတွင်း ရုရှားကိုဗစ်-၁၉ ကာကွယ်ဆေး Sputnik V ထုတ်လုပ်မှုစတင်မည်ဟု သမ္မတ အဒယ်လ်မာဂျစ်တက်ဘုန်းက ပြောကြားလိုက်သည်။

"ကိုဗစ်-၁၉ ကာကွယ်ဆေး ထုတ်လုပ်ဖို့ ရုရှားနိုင်ငံနဲ့ ကျွန်တော်တို့ သဘောတူခဲ့ပါတယ်။ ခြောက်လအတွင်း အယ်လ်ဂျီးရီးယားနိုင်ငံမှာ ကာကွယ်ဆေးထုတ်လုပ်မှု စတင်မှာဖြစ်ပါတယ်"ဟု ယမန်နေ့နှောင်းပိုင်းက ပြည်သူများသို့ ပြောကြားသည့် ရုပ်သံမိန့်ခွန်းတစ်ခုအတွင်း အဒယ်လ်မာဂျစ်က ပြောသည်။ အယ်လ်ဂျီးရီးယားနိုင်ငံက ဇန်နဝါရီ ၃၀ ရက်တွင် စတင်ခဲ့သည့် ကာကွယ်ဆေးထိုးနှံရေး အစီအစဉ်ကို တက်တက်ကြွကြွ လုပ်ဆောင်နေကြောင်း ၎င်းက ပြောသည်။

အယ်လ်ဂျီးရီးယားနိုင်ငံက Sputnik V ကာကွယ်ဆေး ထောက်ပံ့ရေးသဘောတူညီချက်တစ်ရပ်ကို ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလနှောင်းပိုင်းတွင် အာဖရိကနိုင်ငံသည် ရုရှားနိုင်ငံနှင့် လက်မှတ်ရေးထိုးခဲ့ရာ ရုရှားနိုင်ငံထုတ် ကာကွယ်ဆေးကို မှတ်ပုံတင်သည့် ပထမဆုံးသောနိုင်ငံ ဖြစ်လာခဲ့သည်။ ယနေ့အထိ ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၀ ဒသမ ၂၈ သန်းနှင့် သေဆုံးသူ ၂ ဒသမ ၄၄ သန်းရှိကြောင်း ဂျွန်ဟော့ပ်ကင်း တက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အယ်လ်ဂျီးရီးယားနိုင်ငံ၌ လက်ရှိအချိန်ထိ အတည်ပြု ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၁၁၀၀၀ ကျော်နှင့် သေဆုံးသူ ၃၀၀၀ ခန့်ရှိသည်။

**ကိုးကား-စပွတ်ညစ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူပေါင်း တစ်သိန်းကျော်ရှိလာ



**ဂျိုဟန်နက်စဘတ်ခ် ဖေဖော်ဝါရီ ၁၉**

လူဦးရေသန်းပေါင်း ၁ ဒသမ ၂ ဘီလီယံခန့်နေထိုင်ရာ အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း တစ်သိန်းကျော်ရှိလာကြောင်း အာဖရိကကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံပေါင်း ၅၄ နိုင်ငံပါရှိသည့် အာဖရိကတိုက်တွင် လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၇၉၃၆၆၀ ရှိပြီး ၎င်းတို့အနက် ၁၀၀၀၀၀ ကျော်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ရကြောင်း အေအက်ဖ်ပီသတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အာဖရိကတိုက်သည် သမုဒ္ဒရာဒေသနိုင်ငံများမှ လွဲ၍ ကိုဗစ်-၁၉ ရောဂါဖြင့် လူတစ်သိန်းကျော် သေဆုံးမှုဖြစ်ပွားခဲ့သည့် နောက်ဆုံးဒေသတစ်ခုဖြစ်လာခဲ့သည်။ ထို့အပြင် တောင်အာဖရိကနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁ ဒသမ ၅ သန်းနီးပါးရှိပြီး ၎င်းတို့အနက် လူနာ ၄၈၀၀၀ ခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့သဖြင့် ယခုအခါ တောင်အာဖရိကနိုင်ငံသည် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံ ဖြစ်လာခဲ့သည်။

ထို့အပြင် မြောက်အာဖရိကနိုင်ငံများဖြစ်သည့် အီဂျစ်နှင့် မော်ရိုကိုနိုင်ငံတို့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ၁၀၁၅၀ နှင့် ၈၅၁၇ ဦး အသီးသီး သေဆုံးခဲ့ပြီး အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယနှင့် တတိယ အဆိုးရွားဆုံး ထိခိုက်လျက်ရှိသည့်နိုင်ငံများဖြစ်လာခဲ့ကြောင်း အာဖရိကကူးစက်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဗဟိုဌာန၏ ပြောကြားချက်အရ သိရသည်။

သို့သော် အာဖရိကတိုက်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အတည်ပြုလူနာများအနက် ၃၃၃၆၂၂၉ ဦးသည် ရောဂါမှပြန်လည်ကျန်းမာသွားကြောင်း သိရသည်။ ဒေသတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ရောဂါဖြင့် သေဆုံးမှုနှင့်ပတ်သက်၍ ကျန်းမာရေးအာဏာပိုင်များမှ ရရှိသည့် နေ့စဉ်အချက်အလက်အပေါ် အခြေခံသည့်အဆိုပါ ကိန်းဂဏန်းများ ကိုဗစ်-၁၉ ရောဂါ အမှန်တကယ် ကူးစက်ခံရသည့်လူနာဦးရေကိုသာ ထင်ဟပ်စေဖွယ်ရှိကြောင်း အထူးကုဆရာဝန်တစ်ဦးက ပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ဂျေတီ**

# အမေရိကန်တောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသများ၌ ပြင်းထန်သည့် အအေးလှိုင်းကျရောက်၊ လူ ၄၀ ကျော် သေဆုံး



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ပြည်ထောင်စု တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ ကျယ်ပြန့်သောဒေသများတွင် ပြင်းထန်သည့် အအေးလှိုင်း ကျရောက်ခဲ့ခြင်းနှင့် ရေခဲများဖုံးလွှမ်းနေသည့်လမ်းများပေါ်တွင် မော်တော်ယာဉ်များ တိုက်မိခြင်းများနှင့် အခြားသော အကြောင်းများကြောင့် လူ ၄၀ ကျော်သေဆုံးခဲ့ကြောင်း ဒေသတွင်းသတင်းများ၌ ဖော်ပြသည်။

တက္ကဆက်ပြည်နယ် တောင်ပိုင်းတွင် လူထောင်ပေါင်းများစွာတို့သည် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများကြောင့် ထိခိုက်မှုများကို ခံစားနေကြရသည်။ အအေးဒဏ်ကြောင့် ရေခဲနေသည့် ရေပိုက်များ ကွဲထွက်ခဲ့ပြီး ရေပေးဝေမှုလုပ်ငန်းများ နှေးကွေးခဲ့ရသည်။ ယင်းဒေသ၏အပူချိန်မှာ အနုတ် ၉ ဒီဂရီစင်တီဂရိတ်အထိ ကျဆင်းခဲ့သည်ဟု သတင်းများတွင် ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**



# အဏုမြူလက်နက်များအား ကာကွယ်ရေးအစီအစဉ်၌ အသုံးပြုရန်မရှိဟု အီရန်သမ္မတ ရိုဟာနီထပ်လောင်း ပြောကြား

**တီဟီရန် ဖေဖော်ဝါရီ ၁၉**

အီရန်နိုင်ငံသည် အဏုမြူလက်နက်များအပါအဝင် လူအစုလိုက် အပြုံလိုက် သေကျေပျက်စီးစေနိုင်သည့် လက်နက်များထုတ်လုပ်ခြင်း သို့မဟုတ် သိုလှောင်ခြင်း မပြုရေးဆိုသည့် ခိုင်မာသည့်ဆုံးဖြတ်ချက်ကို သမ္မတ ဟက်ဆန်ရိုဟာနီက ထပ်လောင်းပြောကြားခဲ့သည်ဟု အီရန်အစိုးရတရားဝင် သတင်းဌာန အိုင်အာရ်အင်န်အေက သတင်းဖော်ပြခဲ့သည်။

မိမိတို့အကြိမ်ပေါင်းများစွာ ပြောကြားပြီးခဲ့သည့်အတိုင်း အီရန်၏ ကာကွယ်ရေးအစီအစဉ်၌ အဏုမြူလက်နက်များအပါအဝင် လူအစုလိုက် အပြုံလိုက်သေကျေပျက်စီးစေသည့် လက်နက်များအတွက် နေရာမရှိကြောင်း၊ ၎င်းမှာ စနစ်၏ တိကျသည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း တီဟီရန်တွင် ကျင်းပသည့် ဝန်ကြီးများအစည်းအဝေးအပြီး၌ အီရန်သမ္မတက ပြောကြားခဲ့သည်။

ယင်းမှာ မကြာသေးမီက ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ခေါင်းဆောင်ကြီး အယာတိုလာခါမေနီနှင့် ကွယ်လွန်သူ အယာတိုလာ အက္ကဘာဟက်ရှ်မီရက်ဆန်ဂျာနီတို့ကလည်း အီရန်အနေဖြင့် အဏုမြူလက်နက်များ လုပ်ဆောင်သွားမည်မဟုတ်ကြောင်း လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ နီးပါးကတည်းက အလေးထားပြောကြားထားခဲ့ကြောင်း အီရန်သမ္မတက ပြောကြားသည်။

သို့သော် အီရန်နိုင်ငံသည် အဏုမြူလက်နက် မပြန့်ပွားရေးစာချုပ် (အင်န်တီပီ)နှင့် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) သဘောတူညီချက်အား စောင့်ထိန်းရန် သဘောတူစာချုပ်၌ လက်မှတ်ပါဝင်ရေးထိုးထားသည့် နိုင်ငံဖြစ်ခြင်းကြောင့် အဏုမြူနည်းပညာများကို ငြိမ်းချမ်းစွာ ဖော်ထုတ်ရန် ရည်ရွယ်ထားသည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**<br>**ဘာသာပြန်-ဇော်ဝင်း**

# သီတင်း ၁၀ ပတ်မှ ၁၂ ပတ်အတွင်း ဒုတိယအကြိမ် ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း သီရိလင်္ကာကျန်းမာရေးတာဝန်ရှိသူများပြောကြား

**ကိုလံဘို ဖေဖော်ဝါရီ ၁၉**

သီရိလင်္ကာနိုင်ငံအနေဖြင့် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးစီးသူနိုင်ငံသားများအား သီတင်း ၁၀ ပတ်မှ ၁၂ ပတ်အတွင်း ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း ကျန်းမာရေး တာဝန်ရှိသူများက ယနေ့ပြောကြားသည်။

ယခုကဲ့သို့ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းကို သီတင်း ၁၀ ပတ်မှ ၁၂ ပတ်ခြားပြီး ဆောင်ရွက်ခြင်းသည် သင့်တော်ကြောင်း သီရိလင်္ကာပြည်သူ့ကျန်းမာရေးလုပ်ငန်း ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ ဟီမင်သာ ဟီရတ်က ပြောကြားသည်။

နိုင်ငံအတွင်း ဇန်နဝါရီ ၂၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့သော ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး အစီအစဉ်တွင် AstraZeneca ကိုဗစ်-၁၉ ကာကွယ်ဆေး ငါးသိန်းကို အသုံးပြုပြီး ကျန်းမာရေးဝန်ထမ်းများအား ထိုးနှံပေးခဲ့သည်။

ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံခြင်းကို သီတင်း ၁၀ ပတ်မှ ၁၂ ပတ်ခြားပြီး ဆောင်ရွက်ရန် တာဝန်ရှိသူများက ဆုံးဖြတ်ခဲ့ပြီးနောက် ကျန်ရှိနေသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများပြားသော အနောက်ပိုင်းပြည်နယ်ရှိ ဒေသခံများအား ထိုးနှံပေးရန် သမ္မတ ဂိုတာဘာရာရာဂျာပတ်ဆာက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# ဆော်ဒီအိမ်ရှေ့မင်းသားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးတို့ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဖုန်းဖြင့် ဆွေးနွေး

**ရီယာ့ဒ် ဖေဖော်ဝါရီ ၁၉**

ဆော်ဒီအိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆာလ်မန်အယ်လ်ဆော့ဒ်နှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး အယ်လ်လွိုက် ဩစတင်းသည် တယ်လီဖုန်းဖြင့် ယနေ့ ဆက်သွယ်ဆွေးနွေးခဲ့ကြရာ ကာကွယ်ရေးဆိုင် ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အလေးထား ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးစဉ် ဩစတင်းက ကာကွယ်ရေးဆိုင်ရာ နှစ်နိုင်ငံ၏ မဟာဗျူဟာမိတ်ဖက်ဖြစ်မှုကို ထပ်လောင်း အတည်ပြုခဲ့ပြီး ဒေသဆိုင်ရာလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးနယ်ပယ်၌ ဆော်ဒီအာရေဗျနိုင်ငံ၏ အခန်းကဏ္ဍကို အလေးထားပြောကြားခဲ့သည်။

ထို့အပြင် ကာကွယ်ရေးဆိုင်ရာ နှစ်နိုင်ငံဆက်ဆံရေး အလားအလာများနှင့် ဆက်ဆံရေး တိုးမြှင့်ရေးဆိုင်ရာ နည်းလမ်းများအပေါ် ပြန်လည်သုံးသပ်ခဲ့ကြကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ဩစတင်းက မကြာသေးမီက ဆော်ဒီအာရေဗျနိုင်ငံအပေါ် ယီမင်အခြေစိုက် လက်နက်ကိုင်ဟူသီစစ်သွေးကြွအုပ်စု၏ နယ်စပ်ဖြတ်ကျော် တိုက်ခိုက်မှုများနှင့် စပ်လျဉ်း၍ ပြစ်တင်ရှုတ်ချပြီး ဆော်ဒီအာရေဗျနိုင်ငံ၏နယ်စပ်များအား ကာကွယ်ရေးအတွက် ဆော်ဒီဘုရင့်နိုင်ငံကို ဝိုင်းဝန်းကူညီပေးရန် ကတိကဝတ်ပြုလိုက်သည်။

ဟူသီစစ်သွေးကြွအုပ်စုက ဆော်ဒီအာရေဗျနိုင်ငံ၏ နယ်စပ်ဒေသများတွင် မကြာခဏတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ယခုကဲ့သို့ မိုဟာမက်ဘင်ဆာလ်မန်အယ်ဆော့ဒ်နှင့် အယ်လ်လွိုက်ဩစတင်းတို့အကြား တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးမှု ဖြစ်ပေါ်လာခဲ့သည်။

ဟူသီစစ်သွေးကြွအုပ်စုသည် ဆော်ဒီအာရေဗျနိုင်ငံ၏ အနောက်တောင်ဘက်တွင်တည်ရှိသော အာဘဟာ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အဓိကပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ယင်းတိုက်ခိုက်မှုများကြောင့် မကြာသေးမီက အရပ်ဘက်သုံး လေယာဉ်တစ်စင်းတွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-ဂျေတီ**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ ကျဆင်းလာသော်လည်း အစိုးရများက လျစ်လျူရှုခြင်းများ မပြုလုပ်ရန် ကျန်းမာရေးပညာရှင်များသတိပေး




**လန်ဒန် ဖေဖော်ဝါရီ ၁၉**

ကမ္ဘာတစ်ဝန်း၌ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက် ကျဆင်းလာလျက်ရှိသော်လည်း ကမ္ဘာ့နိုင်ငံအစိုးရများသည် လျစ်လျူရှုခြင်းမပြုလုပ်ကြရန် ကျန်းမာရေးပညာရှင်များက ယနေ့ သတိပေးပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် တွေ့ရှိခဲ့သည့် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ပြီးခဲ့သည့် အောက်တိုဘာလမှစပြီး ကူးစက်မှုအရေအတွက် အနည်းဆုံးဖြစ်ကြောင်း ရောဂါကူးစက်မှုဆိုင်ရာ စစ်တမ်းတစ်ရပ်အရ သိရသည်။

ဗိုင်းရပ်စ်ကူးစက်မှုများ ကျဆင်းလာသော်လည်း ဗီဇပြောင်းဗိုင်းရပ်စ်များသည် ကာကွယ်ဆေးများ၏ အာနိသင်ထိရောက်မှုကို ခြိမ်းခြောက်လျက်ရှိသည်။ ယခုအချိန်သည် ဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကို အရှိန်လျှော့ချရမည့် အချိန်မဟုတ်ပါကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနည်းပညာအကြီးအကဲ မာရီယာ ဗန်ကာခေါ့ဗ်က ဂျီနီဗာမြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ဇန်နဝါရီ ၇ ရက်တွင် ၈၆၃၇၃၇ ဦးရှိခဲ့ရာမှ ဖေဖော်ဝါရီ ၁၆ ရက်တွင် ၃၅၁၃၃၅ ဦးသာ တွေ့ရှိရသည်။ အလားတူ သေဆုံးမှုအရေအတွက်မှာလည်း ဇန်နဝါရီ ၂၆ ရက်တွင် သေဆုံးသူ ၁၇၆၄၉ ဦးရှိခဲ့ပြီး ဖေဖော်ဝါရီ ၁၆ ရက်တွင် ၁၀၉၅၇ ဦးအထိ လျော့ကျလာသည်ကို တွေ့ရသည်။

အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် လျော့ကျလာပြီး ဖေဖော်ဝါရီလအတွင်း နေ့စဉ် ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်သည် ၇၇၈၈၃ ဦးသာ ရှိကြောင်း တွေ့ရှိရသည်။ လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၈၅၂၆၅၁၃ ဦးရှိပြီး သေဆုံးသူ ၅၀၅၃၂၅ ဦးရှိသည်။ ဗိုင်းရပ်စ်ကူးစက်ခံရသည့် နိုင်ငံများအနက် အမေရိကန်နိုင်ငံသည် ဗိုင်းရပ်စ်ကူးစက်ခံရမှု အမြင့်မားဆုံးဖြစ်သည်။

ယခုအချိန်အထိ ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်သည့် နိုင်ငံပေါင်း ၈၅ နိုင်ငံရှိပြီး ပြည်သူ ၁၈၇၈၉၂၀၀၀ အား ကာကွယ်ဆေး အနည်းဆုံး တစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အောင်ကျော်ကျော်**

# ကိုလံဘီယာနိုင်ငံ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်

**ဘိုဂိုတာ ဖေဖော်ဝါရီ ၁၉**

ကိုလံဘီယာနိုင်ငံ၏ မြို့တော်ဘိုဂိုတာတွင် လူအစုလိုက် အပြုံလိုက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကို ယမန်နေ့ကစတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် ဘိုဂိုတာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူအရေအတွက်မှာ မြင့်တက်လာခဲ့ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ယခု ကာကွယ်ဆေးထိုးနှံသည့်အစီအစဉ်တွင် ဦးစားပေးထိုးနှံပေးခဲ့ပြီး ဘိုဂိုတာမြို့နှင့် အခြားမြို့များရှိဆေးရုံများတွင် ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုလံဘီယာနိုင်ငံ အမျိုးသား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်ကို အောင်မြင်စေရန် ကူညီသည့်အတွက် ဘိုဂိုတာမြို့တော်ဝန် ကလော်ဒီယာ လိုပက်အား ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်းများနှင့် အသက် ၈၀ ကျော်အရွယ် သက်ကြီးရွယ်အိုများအား ကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဝန်ကြီး ဖာနန်ဒိုရုစ်က ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ အမျိုးသား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးအစီအစဉ်အရ နိုင်ငံသား ၃၅ သန်းအား ယခုနှစ်အတွင်း ကာကွယ်ဆေးထိုးနှံပေးရန် ရည်မှန်းထားကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



ကိုလံဘီယာ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဝန်ကြီး ဖာနန်ဒိုရုစ်။



# မလေးရှားနိုင်ငံ၌ မတ် ၁ ရက်မှစပြီး စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၉**

မလေးရှားနိုင်ငံရှိ စာသင်ကျောင်းများကို မတ် ၁ ရက်မှစပြီး ပြန်လည်ဖွင့်လှစ်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

မတ် ၁ ရက်တွင် မူကြိုကျောင်းများနှင့် မူလတန်းကျောင်းများကို ပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ ထို့နောက် အလယ်တန်းနှင့် အထက်တန်းကျောင်းများကို ဧပြီ ၄ ရက်၊ ၅ ရက်နှင့် ဧပြီ ၈ ရက်တို့တွင် အသီးသီးပြန်လည်ဖွင့်လှစ်မည်ဖြစ်သည်။ ပြည်နယ်အလိုက် ကျောင်းဖွင့်ရက်များ ကွဲပြားမည်ဖြစ်ကြောင်း သိရသည်။

ဂျိုဟာ၊ ကီဒက်ရှ်၊ ကီလန်တန်နှင့် တီရန်ဂါနူပြည်နယ်များရှိ စာသင်ကျောင်းများကို ဧပြီ ၄ ရက်တွင် ပြန်လည် ဖွင့်လှစ်မည်ဖြစ်သည်။ မူလတန်းကျောင်းများကို စောစီးစွာဖွင့်လှစ်ခွင့်ပြုခြင်းသည် မူလတန်းကျောင်းသား ကျောင်းသူများအား ဗိုင်းရပ်စ်ကာကွယ်ဆေးစည်းမျဉ်း၊ စည်းကမ်းများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီး မိုဟာဒ်ရတ်ဇီအမ်ဂျီဒင်က ယနေ့ သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အထက်တန်းကျောင်းသား ကျောင်းသူများဖြေဆိုရမည့် စာမေးပွဲများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် ဧပြီလမှသာ ပြန်လည်ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း ပညာရေးဝန်ကြီး မိုဟာဒ် ရတ်ဇီအမ်ဂျီဒင်က ဆိုသည်။

အထက်တန်းစာမေးပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်မှ မတ် ၂၅ ရက်အထိ နှစ်စဉ်ကျင်းပလေ့ရှိသော်လည်း လွန်ခဲ့သောစာသင်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် နှောင့်နှေးကြန့်ကြာခဲ့ပြီး စာမေးပွဲများကို ယခုနှစ်မှသာ ကျင်းပရမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၂၇၄၈၇၅ ဦးရှိပြီး သေဆုံးသူ ၁၀၄၃ ဦးရှိသည်။ မလေးရှားနိုင်ငံ၌ လွန်ခဲ့သောနှစ် မတ် ၈ ရက်မှစတင်ပြီး ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ပျံ့နှံ့ခဲ့သည်။ ရောဂါကူးစက်မှုကြောင့် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုများ ရပ်ဆိုင်းထားခဲ့ရသည်။

ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့လျက်ရှိစဉ် ဆရာ ဆရာမများက ကျောင်းသား ကျောင်းသူများအား သင်ခန်းစာများနှင့် အဆက်မပြတ်စေရန် အွန်လိုင်းမှ သင်ကြားပို့ချလျက်ရှိသည်။ သို့သော် အဆိုပါအွန်လိုင်းသင်ယူမှုတွင် ကွန်ပျူတာ သို့မဟုတ် ဖုန်းနှင့် အင်တာနက်ရရှိမှုစသည့် လုံလောက်သော လျှပ်စစ်ပစ္စည်းလိုအပ်ချက်များရှိသည့်အတွက် အချို့သောကလေးများအတွက် ကြီးမားသောစိန်ခေါ်မှုတစ်ခု ဖြစ်သည်။ **ကိုးကား- စီအင်န်အေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၀၉၃၆၆၁၁ ဦး |
| သေဆုံးသူ | ၂၄၅၄၆၀၅ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၈၅၈၇၈၄၅၅ ဦး |

# ထိုင်းနိုင်ငံ၏ အမျိုးသားကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံသည့်အစီအစဉ် လာမည့်သီတင်းပတ်အတွင်း စတင်မည်

**ဗန်ကောက် ဖေဖော်ဝါရီ ၁၉**

ထိုင်းနိုင်ငံ၏ အမျိုးသား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံသည့်အစီအစဉ်ကို လာမည့်သီတင်းပတ်အတွင်း စတင်သွားမည်ဖြစ်ပြီး တရုတ်နိုင်ငံ Sinovac Biotech မှ ထုတ်လုပ်သော ကာကွယ်ဆေးများဖြင့် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုင်းအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်းမှ ကုန်တင်လေယာဉ်ဖြင့် သယ်ဆောင်လာမည့် ကာကွယ်ဆေး ပထမအသုတ်သည် နိုင်ငံအတွင်းသို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ရောက်ရှိမည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်း၏ ဒါရိုက်တာအဖွဲ့အကြီးအကဲ ချီရာပရက်ဒီဒရာဆာရင်က ယခုသီတင်းပတ်အစောပိုင်းတွင် ပြောကြားသည်။

ယင်းလေယာဉ်တွင် ကာကွယ်ဆေးများ သိုမှီးရန်အတွက် အအေးခန်းစနစ်ကို ကောင်းမွန်စွာ ဆောင်ရွက်ထားကြောင်း ၎င်းက ပြောကြားသည်။ အဆိုပါကာကွယ်ဆေးများသယ်ဆောင်လာမည့် လေယာဉ်သည် ဆေးဝါးသယ်ဆောင်မှုလုပ်ငန်းတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဒေသခံမီဒီယာများက ပြောကြားသည်။

အဆိုပါ ဆေးဝါးများရောက်ရှိသည့်အချိန်တွင် အပြီးသတ်စစ်ဆေးမှုများ ဆောင်ရွက်မည်ဖြစ်ပြီး ယင်းကဲ့သို့စစ်ဆေးမှုများပြီးစီးသည့်နောက်တွင် အမျိုးသားကာကွယ်ဆေးထိုးလုပ်ငန်းကို စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်ပရာယုဒ်ချန်အိုချာက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ရန် အန္တရာယ်များသောအုပ်စုကို ကာကွယ်ဆေး ပထမဦးစားပေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်းနှင့် ဒုတိယအသုတ်နှင့် တတိယအသုတ် ကာကွယ်ဆေးများမှာလည်း မကြာမီ ရောက်ရှိလာမည်ဖြစ်ကြောင်း ပရာယုဒ်က ပြောကြားသည်။

ထိုင်းနိုင်ငံ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနအနေဖြင့် Sinovac Biotech မှ ထုတ်လုပ်သောဆေးဝါးများကို နိုင်ငံအတွင်း အရေးပေါ်သုံးစွဲရန် ခွင့်ပြုသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံရာတွင် Sinovac Biotech ထုတ်လုပ်သောဆေးဝါးအပြင် Siam Bioscience Co မှ ထုတ်လုပ်သော ကာကွယ်ဆေးကိုလည်း ထိုးနှံပေးမည် ဖြစ်သည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ကိုယ်ဝန်ဆောင်မိခင်များအပေါ် ထိရောက်မှု ရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုပြုလုပ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၉**

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးသည် ကိုယ်ဝန်ဆောင်မိခင်များအတွက် ထိရောက်မှု ရှိ၊ မရှိနှင့်ပတ်သက်ပြီး လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်လျက်ရှိကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ယနေ့ ပြောကြားခဲ့သည်။



အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့မှ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အမေရိကန်နှင့် ဂျပန်နိုင်ငံ အပါအဝင် နိုင်ငံအများအပြားတွင် အသုံးပြုလျက်ရှိသည်။ သို့သော် ကိုယ်ဝန်ဆောင်မိခင်များအပေါ် အဆိုပါကာကွယ်ဆေး ထိရောက်မှု ရှိ၊ မရှိနှင့်ပတ်သက်ပြီး ယခင်က လက်တွေ့စမ်းသပ်မှုများ လုပ်ဆောင်ခဲ့ခြင်း မရှိသေးပေ။

အသက် ၁၈ နှစ်နှင့်အထက် ကျန်းမာရေးကောင်းမွန်သော ကိုယ်ဝန်ဆောင်မိခင် ၄၀၀၀ ခန့်ပါဝင်သည့် လက်တွေ့စမ်းသပ်မှုတစ်ရပ်ကို ဖေဖော်ဝါရီ ၁၈ ရက်မှ စတင်လုပ်ဆောင်လျက်ရှိကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ဆိုသည်။

အဆိုပါ စမ်းသပ်မှုခံယူကြသည့် ကိုယ်ဝန်ဆောင်မိခင်များအား ၎င်းတို့၏ ကိုယ်ဝန်သက်တမ်း ခြောက်လမှ ရှစ်လခွဲအတွင်း Pfizer ကာကွယ်ဆေး ထိုးနှံမှုခံယူရမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးနှံမှု ခံယူပြီးသူများ၏ ကျန်းမာရေးဆိုင်ရာ တုံ့ပြန်မှုများကို ခုနစ်လမှ ၁၀ လအတွင်း စောင့်ကြည့်သွားမည်ဖြစ်သည်။

ထို့ပြင် ၎င်းတို့မွေးဖွားလိုက်သည့် ကလေးငယ်များတွင်လည်း ကာကွယ်ဆေး၏ အကျိုးအာနိသင်ထိရောက်မှု ရှိ၊ မရှိ စောင့်ကြည့် အကဲဖြတ်သွားမည်ဖြစ်ကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ပြောကြားခဲ့သည်။

အဆိုပါ ကာကွယ်ဆေး ထိရောက်မှု ရှိ၊ မရှိ တိရစ္ဆာန်များဖြင့် လက်တွေ့စမ်းသပ်မှုပြုလုပ်ရာတွင် အသက်ဆုံးရှုံးခဲ့ခြင်းမရှိသလို မျိုးဆက်ပွားခြင်းဆိုင်ရာ ပြဿနာများလည်း မရှိခဲ့ကြောင်း Pfizer ဆေးဝါးကုမ္ပဏီက ဆိုသည်။

အမေရိကန်နိုင်ငံတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်များအား ထိုးနှံပေးရန် တရားဝင်ခွင့်ပြုပေးခဲ့သည်။

အလားတူ အစ္စရေးနိုင်ငံတွင်လည်း Pfizer ကာကွယ်ဆေးကို ကိုယ်ဝန်ဆောင်မိခင်များ ထိုးနှံမှုခံယူရန် ခွင့်ပြုပေးခဲ့သည်။ ထို့ပြင် ဗြိတိန်နိုင်ငံတွင် ဆရာဝန်များ၏ ညွှန်ကြားချက်နှင့်အညီ ကိုယ်ဝန်ဆောင်မိခင်များအား Pfizer ကာကွယ်ဆေး ထိုးနှံပေးရန် ခွင့်ပြုပေးပြီးဖြစ်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကူးစက်ခံရသည့် ကိုယ်ဝန်ဆောင် မိခင်များသည် ရောဂါလက္ခဏာ ပြင်းထန်စွာခံစားရခြင်း သို့မဟုတ် ကလေးမွေးဖွားရာတွင် ခက်ခဲမှုများနှင့် ရင်ဆိုင်ရကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ဆိုသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ အသိပေးနှိုးဆော်ချက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ တိုင်းဒေသကြီးအတွင်း ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ အရ တားမြစ်သည့်အမိန့် ထုတ်ပြန်ထားခြင်းအပေါ် အသိပေးနှိုးဆော်ချက်ကို ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ယင်းအသိပေးနှိုးဆော်ချက်တွင် ယခုအခါမှာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးတွင် လူအချို့သည် အများပြည်သူတို့၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားစေရန် စိုးရိမ်ဖွယ်အပြုအမူများကို ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ယင်းကဲ့သို့ ပြုမူဆောင်ရွက်ခြင်းသည် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး/တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်စေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သောကြောင့် မြို့နယ်များအတွင်း စုဝေးခြင်း/ ဟောပြောခြင်း/ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ဖြစ်စေ/လူကိုယ်တိုင်ဖြစ်စေ စီတန်းလှည့်လည်ခြင်း/လှုံ့ဆော်ဆန္ဒပြခြင်း/ ဖျက်ဆီးခြင်း/ ရုန်းရင်းဆန်ခတ် ပြုမူခြင်းများကို မပြုရန် တားမြစ်လိုက်သည့်အပြင် လူ(၅)ဦး သို့မဟုတ် (၅)ဦးထက်ပိုသောသူများသည် လမ်းမကြီးများ၊ အများပြည်သူသွားရာလမ်း၊ လမ်းသွယ်၊ လမ်းကြား၊ ဥယျာဉ် (သို့မဟုတ်) အများပြည်သူ နှင့်ဆိုင်သော နေရာများတွင် စုဝေးခြင်းမပြုရန်နှင့် ည ၈ နာရီအချိန်မှ နံနက် ၄ နာရီအချိန်အတွင်း ညမထွက်ရအမိန့်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ – ၁၄၄ အရ တားမြစ်သည့် အမိန့်ကို ထုတ်ပြန်ထားပြီးဖြစ်ကြောင်း။

အဆိုပါ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ – ၁၄၄ အရ ထုတ်ပြန်ထားသည့် တားမြစ်သည့်အမိန့်အား လိုက်နာမှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာဇသတ်ကြီးပုဒ်မ ၁၈၈ အရ အရေးယူတရားစွဲဆို ခံရမည်ဖြစ်ပြီး ပြစ်မှုထင်ရှား တွေ့ရှိပါက (၆)လအထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်တစ်သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဖြစ်သောကြောင့် ပြည်သူလူထုအနေဖြင့် အသိတရားနှင့် ဂရုပြုရှောင်ကြဉ်နိုင်ရေး အသိပေး နှိုးဆော်အပ်ပါသည်ဟု ဖော်ပြပါရှိသည်။

သတင်းစဉ်




## မုံရွာမြို့ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သည့် တပ်မတော်သားတစ်ဦး၏ ဖြစ်စဉ်မှန်အခြေအနေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ဖေဖော်ဝါရီ ၁၈ ရက်တွင် မုံရွာမြို့ ဆန္ဒပြပွဲတွင် နယ်မြေခံ တပ်မတော်သားတစ်ဦး ပါဝင်ပူးပေါင်းခဲ့ကြောင်း လူမှုကွန်ရက်စာမျက်နှာများတွင် ပျံ့နှံ့ခဲ့သည်။

အဆိုပါ ဖြစ်စဉ်အား စိစစ်ခဲ့ရာ ၎င်းတပ်မတော်သားမှာ မုံရွာမြို့ အမှတ်(၁၆)ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် တပ်ကြပ်ကြီးစာရေး သန်းလွင်ဖြစ်ကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်ညပိုင်း လုံခြုံရေးတာဝန် ထမ်းဆောင်ပြီးချိန်တွင် အိုးဘိုတောင်ရပ်ကွက်အတွင်းသို့ စားသောက်ဖွယ်ရာများဝယ်ယူရန် သွားရောက်ခဲ့ကြောင်း၊ ဝယ်ယူပြီး ပြန်လာစဉ် လမ်းသွားလမ်းလာတစ်ဦးနှင့် အိုးဘိုတောင်ရပ်ကွက်အတွင်းရှိ စာသင်ကျောင်းတစ်ခု အတွင်းသို့ ရောက်ရှိပြီး စာသင်ကျောင်း၌ ရှိနေစဉ် အဖွဲ့ဝင်များနှင့်အတူ အရက်သောက်ခဲ့ကာ စာသင်ကျောင်း၌ပင် အိပ်ပျော်သွားခဲ့ကြောင်း။

ဖေဖော်ဝါရီ ၁၈ ရက်နံနက် ၈ နာရီခန့်တွင် လူ လေးဦးသည် စားစရာများ၊ အရက်ပုလင်းများနှင့် ထပ်မံရောက်ရှိလာပြီး အတူတကွ ထပ်မံသောက်ခဲ့ကြောင်း၊ ထိုသို့ သောက်စားစဉ် ဆန္ဒပြပွဲသို့ပါဝင်ရန် စည်းရုံးသွေးဆောင်ခဲ့သဖြင့် ဆန္ဒပြပွဲအတွင်းသို့ရောက်ရှိကာ ၎င်းတို့ပြောရန်စေခိုင်းသည့်အတိုင်း ပြောခဲ့မိကြောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက လက်ကိုင်အသံချဲ့စက်များဖြင့် ပြန်လည်ပူးပေါင်းရန် ပြောကြားခဲ့သော်လည်း လူအုပ်အတွင်းပိတ်မိနေသဖြင့် အလိုက်သင့် ဆက်လက်နေခဲ့ကာ ဆန္ဒပြပွဲအပြီးတွင် ရွှေနဒီ တည်းခိုခန်း၌ တည်းခိုနေထိုင်ခဲ့ပြီး ယနေ့နံနက် ၂ နာရီခန့်တွင် အမူးပြေ၍နိုးလာရာ ဆန္ဒပြပွဲတွင်ပါဝင်ခဲ့မိသည့် မှားယွင်းသည့် လုပ်ရပ်များကို သတိထားမိခဲ့သဖြင့် တပ်ရင်းဌာနချုပ်ရှိ တာဝန်ရှိသူများထံသို့ ပြန်လည်သတင်းပို့ခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါစစ်သည်အား စစ်စည်းကမ်းအရ လိုအပ်သလို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မြဝတီမြို့နှင့် ရှားငံမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အောင်သုခလမ်းတွင် မသင်္ကာဖွယ်အထုပ်တစ်ထုပ်တွေ့ရှိကြောင်း သတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ အိုက်စ် သုည ဒသမ ၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၇၇၄ ပြားတို့ကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ည ၈ နာရီခွဲတွင် ရှားငံမြို့နယ် ကျောက်ကူပြင်ကျေးရွာအနီး ရှားငံ- ကျောက်ဆည်သွားကားလမ်းတွင် ကေဖြလက်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး အလားတူ ညပိုင်းတွင် အဆိုပါ နေရာ၌ ခူစောမောင်(ခ)မောင်စော မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့် စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၃၄ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

## လှိုင်လင်မြို့နယ် ပင်လုံမြို့၌ ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

လှိုင်လင်မြို့နယ် ပင်လုံမြို့၌ ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် လှိုင်လင်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၈ ရက် ည ၈ နာရီခွဲတွင် လှိုင်လင်မြို့နယ် ပင်လုံ-လဲချားသွားကားလမ်း မိုင်တိုင်အမှတ်(၁၀)အနီး လဲချားဘက်မှ ပင်လုံဘက်သို့ အွမ်ခေးမောင်းနှင်ပြီး စိုင်းဆွေထွန်း(ခ)အိုက်ကြိမ်၊ စိုင်းဆိုင်တန်(ခ) အိုက်တန်၊ ခင်ဦး(ခ)မိန်မိန်းတို့ လိုက်ပါလာသည့် ယာဉ်ကို ရှာဖွေရာ ငွေကျပ် ၂ ဒသမ ၁၄ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ် ဆေးပြား ၄ ဒသမ ၂၈ သန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများမှာ ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးမြို့နယ်မှ ရခိုင်ပြည်နယ် မောင်တောမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရသဖြင့် ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



အွမ်ခေး၊ စိုင်းဆွေထွန်း(ခ)အိုက်ကြိမ်၊ စိုင်းဆိုင်တန်(ခ) အိုက်တန်၊ ခင်ဦး(ခ)မိန်မိန်းတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။



# ဘဝတက္ကသိုလ် . . .

**ကိုလင်း**

**"အလုပ်တစ်ခုလောက်ရှာပြီး အိမ်စရိတ်လေး မျှပါလား"** သားရယ်ဆိုတဲ့ အမေ့စကားဟာ ၁၀ တန်းအောင်ပြီးစ တက္ကသိုလ်တက်မယ့် ကျွန်တော့်အတွက် အားတစ်ခုလည်းဖြစ်ခဲ့သလို ဖြစ်ချင်တဲ့ဆန္ဒတွေကိုလည်း လက်လျှော့ရမယ်ဆိုတဲ့ အတွေးကလည်း ခေါင်းထဲရောက်လာခဲ့တယ်။ လူငယ်ပီပီ ဖြစ်ချင်တဲ့ဆန္ဒ ဖြစ်ခွင့်မရတဲ့အခါတိုင်း မိဘကို ဇွတ်အတင်းပူဆာတတ်သလို တစ်ယောက်တည်းလည်း ဝမ်းနည်းမျက်ရည်ကျတတ်ကြတာ သဘာဝပါပဲ။

ပါးပြင်ပေါ်ကျလာတဲ့မျက်ရည်ကို အမေမမြင်အောင် မသိမသာ ခိုးသုတ်ရင်း အမေ့ရဲ့ နွမ်းလျလျ မျက်နှာလေး ပြုံးပျော်နိုင်ဖို့ အလုပ်တစ်ခုလုပ်ပြီး အဝေးသင်တက္ကသိုလ်ပဲ တက်တော့မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို စိတ်ထဲမှာ ခိုင်မာစွာ ဆုံးဖြတ်ချက်ချလိုက်ရတဲ့နေ့ဟာ ဘဝတက္ကသိုလ်တက်ရဖို့ အကြောင်းဖန်လာခြင်းပါပဲ။

ဝင်ငွေရဖို့ အလုပ်တစ်ခုကို တကယ်ထွက်ရှာတဲ့အခါ ပညာတစ်ပိုင်းတစ်စနဲ့ လူငယ်တွေအဖို့ အခက်အခဲ ကိုယ်တိုင်ကြုံရချိန်မှာ မိဘအရိပ်အောက် မပူမပင်နေရတဲ့ဘဝကို ပိုပြီးတန်ဖိုးထားမိလာတယ်။ မိသားစုအတွင်း တကယ်အခက်အခဲကြုံလာချိန်မှာ သားတစ်ဦးပီပီ ဝင်ငွေရအောင်ရှာပြီး အိမ်ရဲ့ တစ်ထောင့်တစ်နေရာကို အားဖြည့်ကူညီမယ်ဆိုတဲ့ မိဘကျေးဇူးကို သိတတ်တဲ့စိတ်ကြောင့် စာရေးအလုပ်လေးတစ်ခုကို ရရှိခဲ့တယ်။ အလုပ်ရပြီဆိုတဲ့ စိတ်နဲ့တင် အိမ်အပြန် ခြေလှမ်းတွေဟာ အားအင်အပြည့်နဲ့ မြန်မြန်

**မကြာခင်ရက်တွေကလည်း လူမှုကွန်ရက်မှာ တွေ့လိုက်ရတာတွေက အတော်လေးကို ဒီမိုကရေစီမဆန်တဲ့လုပ်ရပ်တွေ။ ပြည်သူတွေအတွက် ယန္တရားလည်ပတ်အောင် လုပ်ကိုင်ပေးနေကြတဲ့ ဝန်ထမ်းတွေ၊ ဘဏ်တွေရဲ့ဝန်ထမ်းတွေ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေး၊ အခြားအခြားသောဝန်ထမ်းတွေ၊ ထိုထိုသော ဝန်ထမ်းတွေ ရုံးတက်၊ အလုပ်သွားတာကို ဓာတ်ပုံရိုက်၊ လူမှုကွန်ရက်ပေါ်တင်ပြီး အမနာပပြောနေကြတာကို တွေ့လိုက်ရတယ်။ ထင်မြင်မှတ်ချက်တွေကလည်း ခပ်ကြမ်းကြမ်း။ ဖတ်ရသူတိုင်းအတွက် စိတ်မချမ်းမြေ့စရာ။ ဒီလိုအချိန်မှာ အလုပ်ဌာနကို အခက်အခဲတွေကြားကနေ ရောက်အောင်သွားကြတဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင် လေးစားမိတာကတော့ အမှန်ပါပဲ။**

အိမ်ပြန်ရောက်ခဲ့တယ်။

**အလုပ်စဆင်းရမယ့်နေ့**

စာရေးလေးတစ်ဦး၊ မကြာခင်မှာလည်း အဝေးသင်တက္ကသိုလ်တက်ရမယ့် ကျောင်းသားလေးတစ်ဦး ... စသည်ဖြင့် အလုပ်စဆင်းရမယ့်နေ့ လုပ်ငန်းခွင်သွားလမ်းပေါ်မှာ အတွေးမျိုးစုံနဲ့ ပီတိကျေနပ်မှုက အပြည့်။ လက်ထဲက လိပ်စာစာရွက်လေးကြည့်လိုက်၊ ဘေးဘယ်၊ ညာရှာလိုက်နဲ့ နောက်ဆုံးတော့ အလုပ်လုပ်ရမယ့် အဆောက်အအုံရှေ့ ရောက်လာခဲ့တယ်။ အသိကမရှိ၊ အဆောက်အအုံရဲ့ ထည်ဝါမှုကလည်း ကိုယ့်ကို ကြောက်စိတ်ထပ်ဝင်စေခဲ့တယ်။ လုံခြုံရေးတာဝန်ထမ်းဆောင်နေသူ ဦးလေးကြီးက **"မင်းဘာလာ လုပ်တာလဲ"**အမေးကို **"ကျွန်တော် ဒီမှာ အလုပ်လာဆင်းတာပါ"** ဆိုမှ **"ဪ ဒီနေ့အလုပ် စဆင်းကြမှာ သုံးယောက်ကွ။ မင်းက အစောကြီး ရောက်နေတာကိုး။ ဒီနားမှာ ထိုင်နေဦး။ နောက်နှစ်ယောက်ရောက်မှ ဝန်ထမ်းရေးရာကို လိုက်ပို့ပေးမယ်"**ဟု ဆိုကာ ကျွန်တော် ထိုင်ဖို့ ထိုင်ခုံလေးကို မေးငေါ့ပြတယ်။ ကျွန်တော်လည်း ကပျာကယာထိုင်ခုံမှာ ထိုင်လိုက်ပြီး နောက်ထပ်ရောက်လာမယ့် လူသစ်နှစ်ယောက်ကို စောင့်နေလိုက်တယ်။

ကျွန်တော်အပါအဝင် လူသစ်နှစ်ယောက် ဆုံချိန်မှာတော့ ဝန်ထမ်းရေးရာကို လုံခြုံရေး ဦးလေးကြီးနဲ့ အတူသွားခဲ့ကြပြီး စီမံဌာနမှာ အလုပ်သင်ဝန်ထမ်းအဖြစ် အလုပ်စဆင်းခဲ့ရတယ်။ ဝန်ထမ်းသစ်တွေပီပီ အလုပ်ရဲ့အကြောင်း တစ်ခုမျှကို မသိသော်လည်း ၁၀ တန်း အောင်ပြီးစ လူငယ်တွေ၊ ကြိုးစားချင်စိတ်အပြည့်နဲ့ လုပ်ငန်းထဲ ရောက်လာကြသူတွေဆိုတော့ စီနီယာ အစ်ကို၊ အစ်မတွေရဲ့ သင်ပေးသမျှ၊ ပြောသမျှကို အကုန်လိုက်မှတ်၊ လိုက်လုပ်ရတာ ထမင်းစားချိန် ခဏနားချိန်ကလွဲပြီး တစ်ရက် အလုပ်ချိန်ကုန်မှန်းမသိ ကုန်သွားခြင်းပါပဲ။ လေ့လာသင်ယူစရာများတဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်မှန်းမသိ ကုန်သွားရခြင်းဟာ အလုပ်မရှိ၊ အကိုင်မရှိ အချိန်ဖြုန်းလို့ ကုန်သွားတာထက် အများကြီးတန်ဖိုးရှိမှန်း ကိုယ်တိုင်ကြုံဖူး သိရှိလိုက်ရခြင်းပါပဲ။

အမေ့စကားကြောင့် အလုပ်လုပ်ခဲ့သော်လည်း လုပ်ငန်းခွင်ထဲ ကျင်လည်ခဲ့ရတဲ့ ရက်တွေကနေ နှစ်တွေပြောင်းလာခဲ့ချိန်မှာ အလုပ် စလုပ်ခဲ့သလို စာရေးလေးမဟုတ်တော့ဘဲ ဒုကြီးကြပ်ရေးမှူးဘဝကို တိုးမြှင့်လို့ ရောက်ရှိနေပြီ။ လက်ရှိရာထူးရောက်ဖို့ အလုပ်ကနေ သင်ပေးတဲ့ ကွန်ပျူတာသင်တန်းတွေ၊ စာရင်းကိုင်သင်တန်းတွေ၊ အင်္ဂလိပ်စကားပြော အခြေခံတွေကိုလည်း သင်ယူကြိုးစားခဲ့ရတာကြောင့် လုပ်ငန်းခွင်မှာ ကျွမ်းကျင်တဲ့အဆင့်ကို အလယ်အလတ်ထိ ရောက်နေသလို အဝေးသင်တက္ကသိုလ်ကနေလည်း ဘွဲ့တစ်ခုကို ရယူနိုင်ခဲ့တယ်။ တချို့ နေ့ပိုင်းတက္ကသိုလ်တက်တဲ့ သူငယ်ချင်းတွေက အဝေးသင်တက္ကသိုလ်တက်တဲ့ ကျွန်တော့်ကို အမြဲလှောင်သလိုလိုလုပ်ခဲ့ပေမယ့် ဘွဲ့ရပြီးတဲ့အချိန်မှာတော့ ကျွန်တော်က အလုပ်နဲ့အကိုင်နဲ့ တာဝန်တစ်ခုနဲ့။ ကျွန်တော့်အမေရဲ့ မျက်နှာဟာလည်း နေ့ရက်တိုင်း အပြုံးပန်းတွေနဲ့ ဝေလို့ပေါ့။

ဒီနေ့ ခပ်စောစောအလုပ်ကို သွားရမယ်ဆိုတဲ့ အသိကြောင့် ခပ်သုတ်သုတ်လုပ်နေတဲ့ ကျွန်တော့်ကို **"အစောကြီးရှိသေးတယ်၊ သားငယ်။ အလုပ်သွားတော့ မလို့လား"**လို့ အမေ့ရဲ့အမေးကို **"မဟုတ်ဘူး အမေရေ။ ဒီနေ့ လမ်းတွေပိတ်မယ် ပြောနေကြတယ်။ ဝန်ထမ်းတွေ၊ အလုပ်သမားတွေ အလုပ်တွေ၊ ရုံးတွေ သွားလို့မရအောင် ကားလမ်းတွေ ပိတ်မယ်။ ကားတွေ ပျက်ချင်ယောင်ဆောင်ပြီး လမ်းဆုံတွေမှာ ပိတ်ပစ်မယ်လို့ ပြောနေကြလို့ အမေရေ"**ဆိုပြီး အမေ့ပါးပြင်ကို နမ်းကာ အလုပ်ထဲ ထွက်လာခဲ့တယ်။ အမေ့ပါးပြင်က သနပ်ခါးနံ့သင်းသင်းလေးဟာ လမ်းတစ်လျှောက် အနံ့မပြယ်ပါလာတာကြောင့် စိတ်အေးချမ်းမှု၊ နွေးထွေးမှုက အပြည့်။

ကားမှတ်တိုင်မှာ အရင်ရက်တွေထက် အချိန်ကြာကြာပိုစောင့်လိုက်ရပြီး ရောက်လာတဲ့ လိုင်းကားကိုပဲ လိုရာခရီးရောက်ဖို့ အပြေးတက်စီးခဲ့ဖြစ်တယ်။ စီးလာတဲ့ လိုင်းကားရဲ့အရှိန်ဟာ သိသိသာသာ တဖြည်းဖြည်းနှေးလာတာနဲ့ ဘေးပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ဆိုင်းဘုတ်မျိုးစုံကိုင်ထားတဲ့၊ ဖက်ရှင်မျိုးစုံဝတ်ထားတဲ့ လူအုပ်ကြီး။ လူအုပ်ကြီးကျော်ပြီး တစ်ခဏအကြာမှာတော့ ကားကလုံးဝကို လှုပ်မရတဲ့အခြေအနေထိ ဖြစ်သွားပြီ။ အနောက်လှမ်းကြည့်လိုက်တော့လည်း ကားတန်းကအပြည့်။ အရှေ့ကြည့်လိုက်တော့ ဘောနက်ဖုံးတွေ ဖွင့်ထားကြတဲ့ ကားတွေ။ ကားမောင်းနေတဲ့ ဦးလေးကြီးက **"ခရီးသည်အားလုံး ဒီနားကနေပြီးပဲ အဆင်ပြေသလို ခရီးဆက်ကြပါ။ ကျွန်တော် ဆက်မောင်းလို့ မရတော့ဘူး။ သူတို့တွေ လမ်းကို တကယ်ပိတ်အောင် လုပ်ကြပြီ"**လို့ စိုးရိမ်တကြီးနဲ့ လှမ်းအော်ပြောတယ်။

**အလုပ်မသွားရင် လစာမရဘူးဆိုတဲ့ အသိက အဓိက**

ကားထဲပါလာသူတိုင်းက တစ်ယောက်တစ်ပေါက် စကားလုံးမျိုးစုံနဲ့ တစ်စီးလုံး ဆူဆူညံ။ လမ်းပိတ်ဆို့သူတွေကို အားပေးသူ ပါသလို ရှုတ်ချသူလည်း ရှိနေတယ်။ ကျွန်တော့်အတွက်တော့ အလုပ်မသွားရင် လစာမရဘူးဆိုတဲ့ အသိက အဓိကပဲ။ လူအများလိုက်လုပ်နေတိုင်း မှန်ကန်တယ်လို့ ယူဆလို့မရသလို လူနည်းစုလုပ်နေတာကိုလည်း မှားတယ်လို့ ပြစ်တင်ဖို့ မဖြစ်နိုင်ဘူး။ **ဒီမိုကရေစီဆိုတာ အများဆန္ဒကို ဦးစားပေးရတယ်ဆိုပေမယ့်လည်း အများသူငါကို အနှောင့်အယှက်ဖြစ်စေတဲ့ ကိစ္စတွေကို လုပ်နေသူတွေ၊ လမ်းလွဲနောက် လိုက်ပါနေသူတွေကတော့ ဒီမိုကရေစီကျင့်စဉ်ကို လိုက်နာနေသူ မဟုတ်ဘဲ အာဏာရှင်စနစ်ကို လိုက်လုပ်နေကြသူတွေလို့ပဲ မြင်မိတယ်။**

ကျွန်တော်လည်း လူငယ်ပီပီခေတ်ရေစီးကြောင်းဖြစ်တဲ့ လူမှုကွန်ရက်တွေလည်း သုံးနေသူတစ်ဦးဖြစ်ပေမယ့် မိဘရဲ့ အမြဲဆုံးမသွန်သင်မှုကြောင့်ရယ်၊ စာအုပ်စာပေကောင်းတွေ ဖတ်ရှုလေ့လာတာကြောင့်ရယ် ဖတ်မိသမျှသတင်းတိုင်းကို ယုံလေ့မရှိသလို ဖတ်မိသမျှ အကြောင်းအရာမှန်သမျှကိုလည်း ကိုယ့်ဝမ်းစာပြည့်မှုရယ်နဲ့ ဆင်ခြင်ပြီးမှ ယုံသင့်တာယုံပြီး ထပ်ပြီးမျှဝေသင့်တာကို မျှဝေမှု ပြုလုပ်နေသူပါ။ ခုလို အများသူငါကို အနှောင့်အယှက်ဖြစ်စေတဲ့ လုပ်ရပ်မျိုးတွေကို လုပ်နေသူတိုင်းကို ပြစ်တင်သလို အားပေးအားမြှောက် ပြုလုပ်နေသူတွေကိုလည်း ရှုတ်ချမိတယ်။

**ကျေးဇူးတင်လေးစား**

မကြာခင်ရက်တွေကလည်း လူမှုကွန်ရက်မှာ တွေ့လိုက်ရတာတွေက အတော်လေးကို ဒီမိုကရေစီမဆန်တဲ့လုပ်ရပ်တွေ။ ပြည်သူတွေအတွက် ယန္တရားလည်ပတ်အောင် လုပ်ကိုင်ပေးနေကြတဲ့ ဝန်ထမ်းတွေ၊ ဘဏ်တွေရဲ့ ဝန်ထမ်းတွေ။ ဒါတင်ပဲလားဆိုတော့ မဟုတ်သေး၊ အခြားအခြားသော ဝန်ထမ်းတွေ၊ ထိုထိုသော ဝန်ထမ်းတွေ ရုံးတက်၊ အလုပ်သွားတာကို ဓာတ်ပုံရိုက်၊ လူမှုကွန်ရက်ပေါ်တင်ပြီး အမနာပ ပြောနေကြတာကို တွေ့လိုက်ရတယ်။ ထင်မြင်မှတ်ချက်တွေကလည်း ခပ်ကြမ်းကြမ်း။ ဖတ်ရသူတိုင်းအတွက် စိတ်မချမ်းမြေ့စရာ။ ဒီလိုအချိန်မှာ အလုပ်ဌာနကို အခက်အခဲတွေကြားကနေ ရောက်အောင်သွားကြတဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင် လေးစားမိတာကတော့ အမှန်ပါပဲ။

ဘဏ်တချို့မှာ ဝန်ထမ်းတွေ မလာရောက်ကြတဲ့အတွက် လည်ပတ်မှုခက်ခဲနေပြီး ဘဏ်တွေပိတ်ထားရတာကြောင့် ငွေကြေး ထုတ်ယူသုံးစွဲမှု လိုအပ်နေသူတွေအတွက် များစွာ အခက်အခဲဖြစ်နေကြတာ တကယ်လက်တွေ့ပါပဲ။ တချို့အတွေးတိမ်တဲ့ လူတွေရဲ့ လူမှုကွန်ရက် သတင်းတွေမှာလည်း **"ဘဏ်တွေဖွင့်ရင် ပိုက်ဆံအပ်ထားတာတွေ အကုန်ထုတ်ပစ်မယ်၊ ဖွင့်ရဲဖွင့်ကြည့်"** ဆိုပါလား။ ခုလို ကျပ်တည်းတဲ့ ကာလမှာ တစ်သိန်းလောက်၊ ၁၀ သိန်းလောက် ရှိတဲ့သူသာ ဘဏ်ကနေ အကုန်ထုတ်ချင်ထုတ်လိမ့်မယ်။ သိန်းရာချီ၊ ထောင်ချီ ထည့်ထားတဲ့ သူတွေကတော့ အပြင်က ခိုး၊ ဆိုး၊ လု၊ နှိုက်ရန်က လွတ်မယ့်ဘဏ်ထဲပဲ ယုံကြည်စွာနဲ့ ထားထားကြမှာပဲ။ ခု တကယ်တမ်း ဘဏ်တွေမလည်ပတ်တဲ့ကာလမှာ အခက်ကြုံရတာက နည်းနည်းပါးပါး ငွေစုထားတဲ့ ပြည်သူတွေ။

နှစ်ပတ်လောက် CDM လုပ်ဖို့ တိုက်တွန်းနေတဲ့၊ ကိုယ်တိုင်လည်း CDM လုပ်နေတဲ့ ဝန်ထမ်းတွေဟာ သုံးပတ်မြောက်လောက်မှာ အမှားကိုပြင် အမှန်ကို သိမြင်လာကြပြီး အမှန်နဲ့ အမှား၊ ဓမ္မနဲ့ အဓမ္မ အဆုံးသတ်မှာ လူများစုတိုင်း မမှန်ဘူး၊ လူနည်းစုတိုင်းမမှားဘူးဆိုတာ ကွဲပြားလာခဲ့ကြောင်း သူတို့ရဲ့ လူမှုကွန်ရက် သတင်းတွေဖတ်ပြီး စိတ်အေးချမ်းမှု ဖြစ်လိုက်ရတယ်။ ဘာကြောင့် စိတ်အေးချမ်းမှု ဖြစ်ရလဲဆိုရင် CDM စွန့်လွှတ်လိုက်တဲ့ ဝန်ထမ်းအနေနဲ့ လုပ်ငန်းခွင်ထဲ ပြန်ရောက်ကြပြီဆိုတော့ အလုပ်ဖြုတ်တာတွေ၊ အလုပ်ပြုတ်တာတွေ စတဲ့ အရေးယူမှုတွေကို ရှောင်လွှဲနိုင်တော့မယ်ဆိုတာကြောင့်ပါပဲ။ အခြား CDM ထဲ ပါဝင်နေကြတဲ့ ဝန်ထမ်းတွေအနေနဲ့လည်း နိုင်ငံ့ဝန်ထမ်းပီပီ နိုင်ငံတော်တာဝန်များကို များမကြာမီ **"အပြုံးမပျက် ရုံးပြန်တက်"** ကြမယ်လို့ ယုံကြည်နေမိတယ်။

ကျွန်တော်ဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦး၊ အရာရှိကောင်းတစ်ဦး ဖြစ်ချင်ခဲ့ပေမယ့် ဘဝပေးအခြေအနေကြောင့် ပြင်ပလုပ်ငန်းတွင် လုပ်ကိုင်နေရသော်လည်း နိုင်ငံ့ဝန်ထမ်းတွေရဲ့ **"နိုင်ငံနဲ့ပြည်သူ၊ ကြည်ဖြူလက်တွဲ"**ပြီး **"တိုးတက်ခေတ်မီ၊ နိုင်ငံတော်သစ်ဆီ"**သို့ အမြန်ဆုံး လျှောက်လှမ်းနိုင်မယ်လို့ ယုံကြည်မှုများစွာဖြင့် နေ့စဉ် ကြုံတွေ့သမျှ ဘဝတက္ကသိုလ်မှအကြောင်းတွေကို အိမ်ပြန်ရောက်မှ အမေနဲ့ အဖေကို ထမင်းမြိန်မြိန် လက်ဆုံစားရင်း ပြောပြပါဦးမယ်။

အားလုံးသော သတ္တဝါအပေါင်း ကိုယ်ချင်းစာတရား လက်ကိုင်ထားပြီး စိတ်၊ ကိုယ်၊ နှလုံး ငြိမ်းအေးကြပါစေ။ ။




# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဖေဖော်ဝါရီ ၂၀ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လူသားနှင့် သစ်ပင်တို့သည် ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ အပြန်အလှန်အကျိုးပြုပုံကို ရေးဖွဲ့ထားသည့် "သိုးကျောင်းသားနှင့် ညောင်ပင်ကြီး" မျက်နှာဖုံးကာတွန်း၊ ကမ္ဘာပေါ်ရှိ ဂြိုဟ်ကြီးရှစ်လုံးအနက် အင်္ဂါဂြိုဟ် (Mars)အကြောင်းကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "အင်္ဂါဂြိုဟ် (Mars) အကြောင်း လေ့လာကြမယ်" သုတဆောင်းပါး၊ ရှေးမြန်မာမင်းများလက်ထက်မှစ၍ အသုံးပြုခဲ့သည့် နန်းတွင်းအငြိမ့်တူရိယာတစ်မျိုးဖြစ်သည့် ပတ္တလားအကြောင်းကို ကလေးတို့ လေ့လာ မှတ်သားနိုင်စေရန် ရေးဖွဲ့ထားသည့် ဆရာကိုဇော်ဋ္ဌေး (ယဉ်ကျေးမှု)၏ "ပတ္တလား" သုတဆောင်းပါး၊ သူငယ်ချင်းအချင်းချင်း အလွန်အကျူးစနောက်မိပါက ဒုက္ခရောက်ရပုံကို ကလေးတို့ သတိပြုနိုင်စေရန် ရေးဖွဲ့ထားသည့် "ပုချို၏ အမှားနောင်တ" နှစ်မျက်နှာကာတွန်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ဈေးသည်များ၏ ဈေးရောင်းမှုပုံစံ အပြောင်းအလဲဖြစ်ပုံတချို့ကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ကိုဗစ်ကာလ ဈေးသည်ကလေး" ကလေးဝတ္ထု၊ ကိစ္စတစ်ခုဆောင်ရွက်ရာတွင် အလိုကြီးခြင်း၊ လောဘကြီးခြင်းသည် မိုက်မဲရာကျသကဲ့သို့ အသိဉာဏ်ကင်းမဲ့ရာလည်း ရောက်ပုံအကြောင်းကို ပညာပေးရေးဖွဲ့ထားသည့် "ခွေးနှင့် သူ့အရိပ်" ပုံပြင်ကဏ္ဍအပါအဝင် ရွှေသွေးစကားဝိုင်းကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍစုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများပါရှိကြောင်း သိရှိရသည်။ **သတင်းစဉ်**

# အပြုံးမပျက် ရုံးတက်



ဩော် . . .

ပြည်သူ့ဝန်ထမ်း၊ ပြည်ချစ်ပန်းတည့်
အေးချမ်းရွှေပြည်၊ ဝေစည် ရည်မှန်း
တာဝန်ထမ်းလျှောက်၊ ခရီးပေါက်ဖို့ . . .
ပြည်သူ့အကျိုး၊ စဉ်သယ်ပိုးဖို့ . . .
မြတ်နိုးကျင်ရာ၊ ယုံကြည်ရာတွက်
ဘယ်သူဖျက်ဖျက်၊ မပျက်နှင့်
ယုံကြည်ချက်နဲ့၊ ရှေ့ဆက်အသင့်။ ။

ကျော်စွာမိုးနိုင်
















ဖေဖော်ဝါရီ ၁၉ ရက်က နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးသို့ ရုံးတက်လာသည့်ဝန်ထမ်းများအား တင်ဆောင်လာသော ကြို/ပို့ယာဉ်များကို တွေ့ရစဉ်။

# အပြုံးမပျက် ရုံးတက်










ဖေဖော်ဝါရီ ၁၉ ရက်က နေပြည်တော်ရှိ ဝန်ကြီးဌာနအသီးသီးမှ ရုံးဆင်းလာသည့် ဝန်ထမ်းများအား တင်ဆောင်လာသော ကြို/ပို့ယာဉ်များကို တွေ့ရစဉ်။

# စာနယ်ဇင်းသမား (သို့မဟုတ်) နှောင်ကြိုးမဲ့နိုင်ငံရေးသမားဆိုသည်မှာ

မိုးမိုးမြင့်

အခုတလော ကျွန်မတို့နိုင်ငံရဲ့ အဖြစ်အပျက်တွေကို ကြည့်ပြီး နိုင်ငံသားတစ်ဦးအနေနဲ့ စိတ်မကောင်းဖြစ်စရာတွေ မြင်တွေ့နေရပါတယ်။ လူတိုင်းလူတိုင်းဟာ မိမိယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်တွေကို လွတ်လပ်စွာဆောင်ရွက်နိုင်ပေမယ့် အခြားသူတွေရဲ့ ယုံကြည်ချက်၊ ခံယူချက်၊ ရပ်တည်ချက်တွေကို အနိုင်ကျင့်လွှမ်းမိုးပြီး အကျပ်ကိုင်တွန်းအားပေးတာမျိုးကတော့ အတော်ကို အရုပ်ဆိုး အကျည်းတန်လွန်းပါတယ်။

ပြောသမျှ စကားလုံးတိုင်းမှာ ဒီမိုကရေစီစကားလုံးကို ရေလဲသုံးပြောနေပေမယ့် ပြုကျင့်မှုတွေကတော့ ဒီမိုကရေစီမဆန်ဘဲ အဓမ္မဝါဒီဆန်နေတဲ့အတွက် ပြောစရာစကားတွေကို သိုသိပ်ဖုံးဖိထားခဲ့ရပါတယ်လို့ ဆိုရမှာပါပဲ။ ပြောလည်းပြောချင်တယ် ပြောလည်း မပြောရဲဘူး ဆိုသလိုပေါ့။

**မြင်ရတွေ့ရ စိတ်မချမ်းသာ**

အခုတော့ အရဲစွန့်ပြီး ပြောကြည့်မိပါပြီ။ ဒီမိုကရေစီရဲ့ သဘောတရားတွေကို ပြည့်ပြည့်စုံစုံ မပြောလိုပေမယ့် လူတိုင်းနားလည်ထားကြတဲ့ သဘောတရားတစ်ခုက **“မတူကွဲပြားမှုကို လက်ခံနိုင်ခြင်း”**ပါပဲ။ ကိုယ်နဲ့ အမြင်မတူ၊ အတွေးမတူ၊ အလုပ်မတူခြင်းကို နားလည်လက်ခံပြီး အပြန်အလှန် ရပ်တည်နိုင်ခွင့်ကို လေးစားအသိအမှတ်ပြုတဲ့သဘောလို့ ကျွန်မနားလည်ထားမိပါတယ်။

အခုတော့ ဒီလိုမဟုတ်။ ကျွန်မတို့ငယ်ငယ်က ကြုံတွေ့ခဲ့ရတဲ့ စစ်အေးတိုက်ပွဲ သဘောတရားတွေလို မိမိနဲ့ ဆန့်ကျင်ဘက်တွေအပေါ် နားလည်လက်ခံမှုကင်းမဲ့ပြီး တိုက်ကွက်ဖော်နေတဲ့ပုံစံကို တွေ့နေရပါတယ်။

အားလုံးသိပြီးဖြစ်တဲ့အတိုင်း တပ်မတော်က နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်မှုတွေကို မကျေမနပ်နဲ့ ဆန္ဒပြနေကြပါတယ်။ အဲဒီလိုဆန္ဒပြတာကို အပြစ်မပြောလိုပေမယ့် ဆန္ဒမပြလိုသူတွေကို အတင်းအဓမ္မပြအောင်လုပ်၊ ဝန်ထမ်းတွေနဲ့ တိုက်ကွက်ဖော်၊ အစိုးရအုပ်ချုပ်မှုယန္တရား ပျက်ပြားအောင် ကြံစည်ကြိုးပမ်း၊ မိမိတို့နဲ့ ဆန္ဒမတူတဲ့ ဝန်ထမ်းတွေ၊ ပြည်သူတွေကို အွန်လိုင်းပေါ်မှာ မဟုတ်မမှန်တာတွေတင်ပြီး အရှက်တကွဲ အကျိုးနည်းအောင်လုပ်၊ သူတို့က ဟီးရိုးတွေလုပ်ပြီး မိမိနဲ့ အမြင်မတူသူတွေ၊ အလုပ်မတူသူတွေကို ဗီလိန်တွေဖြစ်အောင် လုပ်နေတာတွေကိုတော့ ကျွန်မ ဘယ်လိုမှ ခံစားကြည့်လို့မရတော့ပါဘူး။ သူတို့ပါးစပ်ကပြောနေတဲ့ ဒီမိုကရေစီဆိုတဲ့စကားနဲ့ ပြုကျင့်နေတဲ့ အပြုအမူတွေဟာ ကျွန်မတို့ လူ့အဖွဲ့အစည်းအတွက် လွန်စွာ စိတ်ပျက်အားလျော့စရာတွေ ဖြစ်နေပါတယ်။

**စာနယ်ဇင်းကောင်စီဆိုတာဘာလဲ**

စာနယ်ဇင်းကောင်စီဆိုတာ စာနယ်ဇင်းလွတ်လပ်ခွင့်လို့ ကျင့်သုံးနေတဲ့ နိုင်ငံတော်တော်များများမှာ တွေ့ရတဲ့ အဖွဲ့အစည်းတစ်ခုပါပဲ။ ဒီမိုကရေစီနိုင်ငံအများစုမှာ စာနယ်ဇင်းကောင်စီဆိုတာ ရှိကြပါတယ်။ ဒါကို စာနယ်ဇင်းလွတ်လပ်ခွင့်ရဲ့ အင်္ဂါရပ်တစ်ခုလို့လည်း ပြောဆိုခဲ့ကြပါတယ်။

စာနယ်ဇင်းကောင်စီဆိုတာ ဘာကြောင့် ဖွဲ့ရတာလဲလို့ မေးရင်တော့ စာနယ်ဇင်းလွတ်လပ်ခွင့်ကို အကာအကွယ်ပေးဖို့နဲ့ စာနယ်ဇင်းသမားများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ဖြစ်တယ်လို့ ဆိုကြရမယ်ထင်ပါတယ်။

ဒါပေမယ့် စာနယ်ဇင်းကောင်စီဟာ စာနယ်ဇင်းသမားများရဲ့ အခွင့်အရေးနဲ့ အကျိုးစီးပွားကိုသာ ကာကွယ်ရမှာမဟုတ်ဘဲ ပြည်သူတွေရဲ့ အခွင့်အရေးတွေ၊ နစ်နာမှုတွေကိုလည်း ကာကွယ်ပေးဖို့ တာဝန်ရှိပါတယ်။ ဘယ်အစိုးရရဲ့ လက်အောက်ခံအဖွဲ့အစည်း မဟုတ်သလို ဘယ်ပါတီအဖွဲ့အစည်းရဲ့ လောင်းရိပ်အောက်မှာ ရှိနေရတဲ့အဖွဲ့အစည်းမဟုတ်ပါဘူး။

စာနယ်ဇင်းသမားတွေကို သတင်းအချက်အလက်တွေ လွတ်လပ်မျှတစွာ ရယူဖြန့်ချိပေးနိုင်ဖို့ လိုအပ်တဲ့ ကျင့်ဝတ်စည်းကမ်းတွေ သတ်မှတ်ပေးမယ်။ ကျင့်ဝတ်နဲ့ မညီတဲ့ ပြဿနာတွေ ပေါ်ပေါက်လာရင် ညှိနှိုင်းဖြေရှင်းပေးမယ်။ ဒါဟာ စာနယ်ဇင်းကောင်စီရဲ့ အဓိကတာဝန်ပါပဲ။ အဲဒီလို ဆောင်ရွက်နိုင်မယ်ဆိုရင် စာနယ်ဇင်းသမားများရဲ့ ဂုဏ်သိက္ခာမြင့်မားပြီး ပြည်သူလူထု ယုံကြည်မှုတွေ ပိုမိုရရှိလာမယ်။ စာနယ်ဇင်းလောကအတွက် အကျိုးစီးပွားတွေ တစ်ဖက်တစ်လမ်းက ဖော်ဆောင်ပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်မ ယုံကြည်ချက်။

ဒီနေ့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသမိုင်းကို ပြန်ကြည့်ရင် ၂၀၁၂ ခုနှစ် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ(ယာယီ)က အစပြုခဲ့တယ်လို့ ဆိုရမယ်ထင်ပါတယ်။ ၂၀၁၄ ခုနှစ်က စတင်ပြဋ္ဌာန်းလိုက်တဲ့ သတင်းမီဒီယာဥပဒေနဲ့အတူ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကို စနစ်တကျ ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး မီဒီယာသမားများရဲ့ အခွင့်အရေးတွေရရှိဖို့၊ အစိုးရနဲ့ မီဒီယာအဖွဲ့အစည်းတွေကြား ညီညွတ်မျှတတဲ့ ဆက်ဆံရေးတွေ ဖြစ်ပေါ်လာစေဖို့အတွက် ဆွေးနွေးပွဲတွေ၊ အစည်းအဝေးတွေ အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ကြတာကိုလည်း ကျွန်မတွေ့မြင်ခဲ့ရပါတယ်။ အမှန်အတိုင်းပြောရရင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီဝင်များအား လစာမရရှိကြဘဲ မီဒီယာသမားများအကျိုးနဲ့ မီဒီယာလောကဖွံ့ဖြိုးတိုးတက်ဖို့အတွက် စိတ်၊ စေတနာထက်သန်စွာနဲ့ ကြိုးပမ်းခဲ့ကြတာကို ကျွန်မတို့ ငြင်းပယ်လို့ မရနိုင်ပါဘူး။

**“စာနယ်ဇင်းဆိုတာ လူတစ်စုအတွက်၊ အသင်းအဖွဲ့တစ်ခုအတွက် မဖြစ်စေရဘူး၊ နိုင်ငံတစ်နိုင်ငံလုံး ဒါမှမဟုတ် လူ့အဖွဲ့အစည်း တစ်ရပ်လုံးအတွက် ဖြစ်စေရမယ်”ဆိုတဲ့ ပြောဆိုမှုတွေဟာ ကျွန်မတို့စာနယ်ဇင်းသမားတွေအတွက် သတိပြုကြရမယ့် ဆုံးမ စကားတွေပဲ ဖြစ်ပါတယ်။**

တကယ်တော့ သတင်းမီဒီယာကောင်စီဝင်တွေဟာ နိုင်ငံနဲ့ ပြည်သူအကျိုး၊ စာနယ်ဇင်းသမားတွေရဲ့အကျိုးကို ကိုယ်ကျိုးမဖက်ဘဲ စိတ်စေတနာကောင်းတွေနဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူတွေဖြစ်တယ်။ ကျွန်မ လေးစားအားကျရသူတွေ ဖြစ်ပါတယ်။

သတင်းမီဒီယာဥပဒေပါ သတင်းမီဒီယာကောင်စီရဲ့ အဓိကလုပ်ငန်းတာဝန်တွေကို ပြန်ကြည့်ရင်...

- ➢ သတင်းမီဒီယာကို စောင့်ကြည့်ခြင်းနဲ့ အရည်အသွေးမြှင့်တင်ပေးဖို့၊
- ➢ သတင်းမီဒီယာ လုပ်ငန်းသုံးပစ္စည်းတွေကို ပြည်ပမှတင်သွင်းရာမှာ အဆင်ပြေချောမွေ့အောင် သက်ဆိုင်ရာဌာနများနဲ့ ညှိနှိုင်းပေးဖို့၊
- ➢ သတင်းမီဒီယာဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွေ၊ ဟောပြောပွဲတွေ စီစဉ်ကျင်းပပေးဖို့၊
- ➢ သတင်းဆိုင်ရာထူးချွန်သူတွေကို ဆုချီးမြှင့်ရေးအတွက် စာနယ်ဇင်းအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေးဖို့၊
- ➢ သတင်းမီဒီယာလုပ်ငန်း တိုးတက်ရေးအတွက် စီမံချက်များ ရေးသားဆောင်ရွက်ဖို့ဆိုတဲ့ အချက်တွေ တွေ့ရမှာ ဖြစ်ပါတယ်။

အခုတော့ ဘယ်လို ပယောဂတွေ၊ ဘယ်လိုအခြေအနေတွေ ဆိုက်ရောက်ခဲ့သည်မသိ။ ကောင်စီဝင်အချို့ နုတ်ထွက်ကြပြီဆိုတဲ့သတင်းက ကျွန်မအတွက် အင်မတန်စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ အဲဒီတာဝန်တွေကို ဘယ်သူတွေက ထမ်းဆောင်ကြမှာပါလဲ။

အဲဒီလို သတင်းမီဒီယာကောင်စီဝင်အချို့ နုတ်ထွက်ကြတာကတော့ ရိုးရိုးသားသားမှ ဟုတ်ရဲ့လားလို့ စိတ်ထဲထင်မိပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူတို့တာဝန်ယူစဉ်ကာလမှာ စာနယ်ဇင်းလောက တိုးတက်အောင်လုပ်ခဲ့ကြတာကို ကျွန်မမျက်မြင်ပဲဖြစ်ပါတယ်။ တကယ်လို့သာ သတင်းမီဒီယာကောင်စီကြီး မရှိတော့ရင်ဆိုတဲ့ အတွေးမျိုး ကျွန်မစိတ်ထဲရောက်ရှိပြီး အလွန်စိုးရိမ်မိပါတယ်။ အထူးသဖြင့် သတင်းမီဒီယာသမားများရဲ့ အခွင့်အရေးတွေ၊ ရပိုင်ခွင့်တွေ၊ အကျိုးစီးပွားတွေကို ဘယ်သူတွေက ဆောင်ကြဉ်းပေးကြမှာလဲ။ သတင်းမီဒီယာသမားများဘက်က မားမားမတ်မတ် ရပ်တည်ပေးမယ့် အဖွဲ့အစည်းကြီးက ဘယ်မှာလဲ။

အမှန်အတိုင်းပြောရရင် သတင်းမီဒီယာကောင်စီဝင်တွေဟာ အခြားအဖွဲ့အစည်းတွေလို ဖွဲ့စည်းတာဝန်ပေးအပ်ထားတာမဟုတ်ဘဲ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီး ဖွဲ့စည်းပေးထားတဲ့ အဖွဲ့အစည်းကြီးတစ်ခုဖြစ်တဲ့အတွက် ကောင်စီဝင်တွေဟာ သိက္ခာသမာဓိ ပြည့်ဝသူများလည်း ဖြစ်ပါတယ်။

ယခုလိုအခြေအနေမှာ စုပေါင်းပြီး နုတ်ထွက်ခဲ့ကြတဲ့အတွက် ကျွန်မစိတ်မကောင်းဖြစ်ရသလို ဖြစ်နိုင်မယ်ဆိုရင် တစ်ဦးချင်း တစ်ယောက်ချင်းကို ကိုယ်တိုင်တွေ့ဆုံစကားပြောချင်မိပါတယ်။ ဒီနေ့အချိန်ဟာ သတင်းမီဒီယာလောက တိုးတက်ဖို့အတွက် ကျွန်မတို့အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ဆောင်ရွက်ကြရမယ့်အချိန်၊ သတ်မှတ်ထားတဲ့ကျင့်ဝတ်တွေကို လေးစားလိုက်နာပြီး ပြည်သူတွေအတွက် သတင်းအချက်အလက်တွေကို ဖြန့်ဝေဆောင်ရွက်ပေးရမယ့် အချိန်အခါတစ်ခုပဲ ဖြစ်ပါတယ်။

**ဝိုင်းဝန်းဆောင်ရွက်ကြရအောင်**

ကျွန်မကြီးပြင်းခဲ့ရတဲ့ဘဝတစ်လျှောက် လေးစားအားကျခဲ့ရတဲ့ သတင်းစာဆရာကြီးတွေ များစွာရှိခဲ့ပါတယ်။ သူတို့ပြောဆိုရေးသားခဲ့ကြတဲ့ အကြောင်းအရာတွေဟာ စာနယ်ဇင်းသမားတိုင်းအတွက် လွန်စွာတန်ဖိုးရှိတဲ့အရာတွေပဲဖြစ်ပါတယ်။ အထူးသဖြင့် ဆရာကြီးလူထုစိန်ဝင်း သက်ရှိထင်ရှားရှိခဲ့စဉ်က စာနယ်ဇင်းတွေအပေါ် ပြည်သူတွေရဲ့ ယုံကြည်ကိုးစားခံရဖို့အတွက် အကြံပြုရေးသားခဲ့တာတွေ အများကြီးရှိခဲ့ပါတယ်။

**“စာနယ်ဇင်းဆိုတာ လူတစ်စုအတွက် အသင်းအဖွဲ့တစ်ခုအတွက် မဖြစ်စေရဘူး၊ နိုင်ငံတစ်နိုင်ငံလုံး ဒါမှမဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံးအတွက် ဖြစ်စေရမယ်”**ဆိုတဲ့ ပြောဆိုမှုတွေဟာ ကျွန်မတို့စာနယ်ဇင်းသမားတွေအတွက် သတိပြုကြရမယ့် ဆုံးမစကားတွေပဲဖြစ်ပါတယ်။

ကျွန်မ မှတ်သားမိတဲ့စကားတွေထဲမှာ **“ဓမ္မဓိဋ္ဌာန်ကျမှုဆိုတဲ့ ဂုဏ်ထူးဆောင်စကားလုံးဟာ တကယ်တမ်းကျတော့ စိတ်ကူးယဉ်ကမ္ဘာထဲမှာသာ ရှိနေတယ်ဆိုတာကို လက်တွေ့လုပ်ကိုင်နေတဲ့ စာနယ်ဇင်းသမားတိုင်းလိုလို သိရှိခဲ့ကြပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်ဖြစ်မှုကနေပြီး ဓမ္မဓိဋ္ဌာန်ဖြစ်မှုကို ပြောင်းလဲသွားအောင် လုပ်ဆောင်ရေးဆိုတာ စာနယ်ဇင်းသမားတိုင်း တစ်သက်လုံး အဆက်မပြတ် ကြိုးပမ်းအားထုတ်နေရတဲ့ကိစ္စ ဖြစ်ပါတယ်”** ဆိုတဲ့ စကားကတော့ ကျွန်မနေ့စဉ် သတိထားနေရတဲ့ စကားလုံးပါပဲ။

တစ်နည်းအားဖြင့် ကျွန်မတို့ စာနယ်ဇင်းသမားတွေဟာ လူသားတွေပဲဖြစ်လို့ တစ်ခါတလေ ဖြစ်စဉ်ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ မရှုမြင်ဘဲ ပုဂ္ဂလဓိဋ္ဌာန်အစွဲနဲ့ ရှုမြင်လုပ်ကိုင်တတ်ကြပါတယ်။ အထူးသဖြင့် “အတ္တနောမတိ” ကင်းကင်းဖြင့် အရာရာကို ရေးသားရှုမြင်ဆင်ခြင်ကြဖို့ အဓိက လိုအပ်နေတာ ဖြစ်ပါတယ်။

အခုလည်း ကျွန်မ စိုးရိမ်မိတာတစ်ခုရှိနေပါတယ်။ အချို့သော သတင်းမီဒီယာကောင်စီတွေ နုတ်ထွက်တာကို ဝေဖန်စောကြော မပြုလုပ်လိုပေမယ့် အချို့သော ကောင်စီဝင်တွေ နုတ်ထွက်ကြတာကိုတော့ စိတ်မကောင်းဖြစ်မိပါတယ်။ သူတို့တွေဟာ ဖိစီးမှုတစ်ခုခု၊ ဝေဖန်ပြစ်တင်မှုတစ်ခုခုကြောင့်များ နုတ်ထွက်ခဲ့မိရင်တော့ ကျွန်မတို့ သတင်းမီဒီယာလောကအတွက် အနုတ်လက္ခဏာဆောင်တဲ့ အကျိုးရလဒ်လို့ ပြောရတော့မှာပါပဲ။

ဒီနေ့အချိန်မှာ နေရာတိုင်းလိုလိုဟာ **“အစွဲ”** တစ်ခုခုကြောင့် ဓမ္မဓိဋ္ဌာန်နဲ့ ကင်းဝေးနေကြပါတယ်။ ပုဂ္ဂလဓိဋ္ဌာန်နဲ့ မိမိထင်ရာမြင်ရာ ယုံကြည်ရာကိုသာ ဇောင်းပေးပြောဆိုနေကြပြီး အခြားတစ်ဖက်ရဲ့ မတူကွဲပြားတဲ့ အတွေးအမြင်တွေ၊ ယုံကြည်မှုတွေကို မျက်ကွယ်ပြုနေကြပါတယ်။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကြီးကို ယခုထက် ပိုမိုအားကောင်းခိုင်မာပြီး သတင်းမီဒီယာလောကအကျိုး... ပြည်သူများရဲ့ အကျိုးကို ဆောင်ကြဉ်းပေးစေချင်တာပါပဲ။ ယခုလက်ရှိ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း လေးစားအသိအမှတ်ပြုထားပြီးဖြစ်တဲ့အတွက် နုတ်ထွက်ခြင်းမပြုဘဲ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့သာ တိုက်တွန်းချင်ပါတယ်။

တကယ်လို့ အစွဲတစ်ခုခုကြောင့် နုတ်ထွက်ကြမယ်ဆိုရင်လည်း ဆရာကြီး လူထုစိန်ဝင်းရဲ့ **“စာနယ်ဇင်းသမားဆိုတာ နိုင်ငံရေးသမားမဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံရေးသမားများလိုပဲ နိုင်ငံ့အရေး၊ နိုင်ငံသူ နိုင်ငံသားများအရေးကို တစ်နည်းတစ်ဖုံ ဆောင်ရွက်နေသူတွေဖြစ်တယ်။ နိုင်ငံရေးသမားကမှ သူ့ပါတီအဖွဲ့အစည်းရဲ့ အကျိုးကို ဆောင်ရွက်ရပါသေးတယ်။ စာနယ်ဇင်းသမားကတော့ စာဖတ်ပရိသတ်ပြည်သူလူထုရဲ့ အကျိုးတစ်ခုတည်းကိုသာ ကြည့်ပြီးလုပ်ဆောင်ရပါတယ်။ ဘယ်နိုင်ငံရေးပါတီ၊ ဘယ်အစိုးရအဖွဲ့အစည်းရဲ့ အသုံးချခံ လက်ကိုင်တုတ်လည်း အဖြစ်မခံရပါဘူး။ စာနယ်ဇင်းသမားဆိုတာ ဘယ်အနှောင်အဖွဲ့မျိုးမှမခံတဲ့ နှောင်ကြိုးမဲ့ နိုင်ငံရေးသမားဖြစ်တယ်”** ဆိုတဲ့စကားကို ပြန်လည်အမှတ်ရစေချင်ပါတယ်။

ကျွန်မအနေနဲ့ကတော့ သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ဖို့ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီလိုအပ်တယ်။ သတင်းမီဒီယာကောင်စီ တည်ရှိနေခြင်းဟာ သတင်းမီဒီယာသမားများရဲ့ အခွင့်အရေးတွေနဲ့ အကျိုးစီးပွားကို ကာကွယ်ပေးဖို့ဖြစ်တယ်။ သတင်းမီဒီယာကောင်စီ အင်အားနည်းခြင်းဟာ အခြားဘယ်သူ့ကိုမှ မထိခိုက်နိုင်ဘဲ ကျွန်မတို့ သတင်းမီဒီယာလောကကိုသာ ရိုက်ခတ်နိုင်တယ်ဆိုတာကို သတိပြုစေချင်ပါတယ်။

သတင်းမီဒီယာသမားဟာ လူသားတစ်ဦးဖြစ်တဲ့အတွက် ကိုယ်ပိုင်ယုံကြည်မှု ကိုယ်ပိုင်တိမ်းညွတ်မှုတွေ ရှိကြမှာ ဖြစ်ပေမယ့် မိမိသတင်းမီဒီယာလောကအကျိုးအတွက် အရာရာ ချိန်ဆတွေးတော ဆောင်ရွက်ပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။ ဒါမှသာ ကျွန်မတို့အားလုံးဟာ ဆရာလူထုစိန်ဝင်းပြောတဲ့ **“နှောင်ကြိုးမဲ့ နိုင်ငံရေးသမား”** စစ်စစ်တွေအဖြစ် ဂုဏ်ယူနိုင်မှာ ဖြစ်ပါတယ်။

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၉

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရားစေတီများအပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ၇ နာရီအထိလည်းကောင်း၊ နံနက် ၈ နာရီမှ ၉ နာရီအထိလည်းကောင်း၊ နံနက် ၁၀ နာရီမှ ၁၁ နာရီ အထိလည်းကောင်း နံနက်ပိုင်းသုံးကြိမ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိလည်းကောင်း၊ ညနေ ၃ နာရီမှ ၄ နာရီအထိ လည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီအထိလည်းကောင်း ဖူးမြော်နိုင်ရေး ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူဝတ်ပြုကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



✻ **ကျောဖုံးမှ**

အခုက ကိုဗစ်ကလည်း ဒီလောက်ကြီးတော့ မရှိတော့ပါဘူး။ ဒါပေမယ့် ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ နှာခေါင်းစည်းတပ်ဖို့၊ ခပ်ခွာခွာနေဖို့၊ လက်ဆေးဖို့တော့ သတိပေးဆောင်ရွက်နေတာတော့ရှိတယ်။ ဒီဆိပ်ကမ်းမှာကလည်း အဓိကက ရန်ကုန်ကနေ စစ်တွေကုန်ပေ့ါ၊ ဒါတွေတင်ပို့တာများတယ်။ အခြားမြစ်ဝကျွန်းပေါ်ဒေသတွေကိုလည်း ဆင်းတာတွေရှိတယ်။ စားသောက်ကုန်တွေ၊ လူသုံးကုန်တွေ သယ်ဆောင်ကြတယ်။ နယ်သင်္ဘောတွေကတော့ သူ့အချိန်ကာလ လမ်းကြောင်းပွင့်ရင်ပွင့်သလို ရန်ကုန်ကို အတက်ရှိပါတယ်။ လမ်းကြောင်းပိတ်တဲ့အခါကျရင်တော့လည်း ပါးသွားတယ်။ ဒီအပေါ်မှာ ကျွန်တော်တို့ ဘုရင့်နောင်ဆိပ်ကမ်းလုပ်သားတွေအနေနဲ့က ပုံမှန်လုပ်နေကြပါတယ်။ လုပ်သားတွေကတော့ အခုလက်ရှိမှာ တစ်ရက်ကိုအင်အား ၁၀၀ ကျော်လောက်ဆင်းပါတယ်။ သင်္ဘောလိုင်းအားလုံး သုံးလိုင်းရှိတယ်။ ပုံမှန်ပါပဲ၊ ဒီအတိုင်းပဲ လုပ်ဆောင်နေကြပါတယ်”ဟု ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းကုန်စည်ပို့ဆောင်ရေးမှ လုပ်သားစောင့်ရှောက်ရေးမှူး ဦးစိုးလွင်က ပြောသည်။

အဆိုပါ ဘုရင့်နောင်ကုန်စည်သယ်ယူပို့ဆောင်ရေးလမ်းခရီးတွင် သင်္ဘောလိုင်းသုံးလိုင်းဖြင့် ရန်ကုန်-မြစ်ဝကျွန်းပေါ်ဒေသ (ဖျာပုံ၊ ပုသိမ်၊ မြောင်းမြနှင့် အခြားမြို့ကြီးများ)၊ ရန်ကုန် - စစ်တွေ၊ ရန်ကုန် - မြိတ် စသော ရေလမ်းခရီးလိုင်းသုံးခုကို သတ်မှတ်ခရီးစဉ်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။ ထိုခရီးစဉ်များတွင် နယ်မြို့များမှ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်နှင့် အခြားဒေသထွက်ကုန်များ ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းသို့ အဝင်ရှိပြီး ရန်ကုန်မြို့မှ တစ်ဆင့် အိမ်သုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အခြားပစ္စည်းများကို နယ်မြို့များသို့ တင်ပို့ပေးလျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းကုန်စည်ပို့ဆောင်ရေးမှ သိရသည်။

**မြင့်မောင်ကျော်**

■ **ချင်းရွှေဟော်မှ**

အဆိုပါ မြန်မာနိုင်ငံသားနေရပ်ပြန်ပြည်သူ ၃၅ ဦးမှာ အမျိုးသား ၁၃ ဦး၊ အမျိုးသမီး ၂၂ ဦးတို့ဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ်မှ တစ်ဦး၊ မင်္ဂလာဒုံမြို့နယ်မှ တစ်ဦး၊ လှည်းကူးမြို့နယ်မှ နှစ်ဦး၊ မှော်ဘီမြို့နယ်မှ နှစ်ဦး၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ တစ်ဦး၊ အမရပူရမြို့နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မှ နှစ်ဦး၊ ထီးချိုင့်မြို့နယ်မှ တစ်ဦး၊ ကလေးမြို့နယ်မှ တစ်ဦး၊ ဒီပဲယင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ ငါးဦး၊ ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်မှ တစ်ဦး၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ တစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်မှ တစ်ဦး၊ လားရှိုးမြို့နယ်မှ ကိုးဦး၊ ကျောက်မဲမြို့နယ်မှ နှစ်ဦးနှင့် မိုင်းရယ်မြို့နယ်မှ သုံးဦးတို့ဖြစ်သည်။

၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့တော်ခန်းမ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းတွင် ၁၄ ရက်ထားရှိပြီး ချင်းရွှေဟော်မြို့နယ်မြေခံဆေးတပ်ဖွဲ့မှ ဆေးမှူးဆရာဝန်နှင့်အဖွဲ့က Rapid Test Kit စနစ်ဖြင့် စစ်ဆေးပေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ပိုးမတွေ့ရှိရကြောင်း သိရ၍ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**




# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့်ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန်လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး အတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |



# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဆေးရုံအချို့၌ ဆရာဝန်နှင့်သူနာပြုများက ဒေသခံပြည်သူများကို မျက်ကွယ်ပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခြင်းမပြုဘဲ ပျက်ကွက်လျက်ရှိရာ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်စောင့်ကြည့်ခဲ့သည်။

ထိုသို့ အသွားအလာကန့်သတ်စောင့်ကြည့် ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၂၂ ဦးကို ယနေ့ နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံ တပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းကာ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ် ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၈၂၇၄ ဦး၊ အတွင်းလူနာ ၂၈၈၃ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၇၇၉ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၉၆ ဦး စုစုပေါင်း ၁၁၇၅ ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၄၆၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၆၈၉ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၁၅၆ ဦးကို မွေးဖွားနိုင်ခဲ့သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာ အခက်အခဲများဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံ လာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝရန်နှင့် ကျန်းမာကြံ့ခိုင်စေရန် အာဟာရဖြည့်စားသောက်ဖွယ်ရာများ ဆက်လက်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

ပြည်သူ့ဆေးရုံများ၊ တိုက်နယ်ဆေးရုံများနှင့် ကျေးလက်ကျန်းမာရေးဌာနများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများ၊ လူနာစောင့်များနှင့် ကျန်းမာရေးဝန်ထမ်းများ အာဟာရပြည့်ဝစေရန်နှင့် ကျန်းမာကြံ့ခိုင်စေရန်အတွက် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများက လှူဒါန်းသည့် အာဟာရဖြည့်စွက်စာများကို တိုင်းစစ်ဌာနချုပ်များအလိုက် တပ်မတော်သားများက သွားရောက်ပေးအပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ပြည်သူ့ဆေးရုံသို့ တောင်ကုတ်တပ်နယ်မှ တာဝန်ရှိသူများက အာဟာရဖြည့်စားသောက်ဖွယ်ရာများကို သွားရောက်ပေးအပ်လှူဒါန်းသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအတွက် ယနေ့နေ့လယ်ပိုင်းတွင် ဘုတ်ပြင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးတင်မျိုးအောင်နှင့် အလှူရှင်များက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို လာရောက်လှူဒါန်းရာ ဘုတ်ပြင်းတပ်နယ်မှ တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# အရပ်သားဆရာဝန်များနှင့်သူနာပြုများမရှိ၍ ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် သာစည်မြို့နယ် ဟံဇားတိုက်နယ်ဆေးရုံသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ဟံဇားတိုက်နယ်ဆေးရုံ၌ ဆရာဝန်များနှင့် သူနာပြုများက ၎င်းတို့၏လုပ်ငန်းများ ပျက်ကွက်လျက်ရှိပြီး ဒေသခံပြည်သူများအနေဖြင့် ဆေးကုသမှုခံယူရန်အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဆေးရုံမှတာဝန်ရှိသူများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့်သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံလာခဲ့သဖြင့် မိတ္ထီလာမြို့ တပ်မတော်ဆေးရုံမှ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား ဖေဖော်ဝါရီ ၁၇ ရက်မှစ၍ စေလွှတ်ပေးခဲ့ပြီး ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဖေဖော်ဝါရီ ၁၈ ရက်နှင့် ယနေ့တို့တွင် တပ်မတော်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၄၈ ဦးတို့ကို အရိုးအကြောရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



ကြေးမုံ

# ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ဦးဆောင်၍ ဖေဖော်ဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပဲခူးမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

**ပူးပေါင်းပါဝင်**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် တစ်နှစ်တာကာလ စီးပွားရေးနှောင့်နှေးမှုကို ပြန်လည်ကုစားနိုင်ရေး အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာတွင် ဒေသတွင်းလုပ်ငန်းရှင်များလည်း ပူးပေါင်းပါဝင်ရန်လိုအပ်ကြောင်း၊ လက်ရှိ ဒေသဖွံ့ဖြိုးရေးအတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးအတွင်း ယခင်တည်ဆောက်ရေးလုပ်ငန်းများ၊ တည်ဆောက်ဆဲ လုပ်ငန်းများကိုလည်း စည်းကမ်း၊ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွေဖည်မှုမရှိစေဘဲ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းတွင် လွတ်လပ်စွာ ပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်ရှိကြောင်း၊ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ သဘောထားမတူသူများအား အုပ်စုဖွဲ့အတင်းအကြပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ တားဆီးခြင်း ကျူးလွန်မှုများ ပြုလုပ်နေသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားနိုင်ရေးတိုင်ကြားရမည့် တယ်လီဖုန်းနံပါတ်နှင့် Email လိပ်စာများကိုလည်း အသိပေးထားပြီးဖြစ်ကြောင်းနှင့် ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရေး တစ်ပြိုင်တည်း ဖြည့်ဆည်းဆောင်ရွက်ပေးရန်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။



**ရှင်းလင်းတင်ပြ**

ထို့နောက် တက်ရောက်လာသည့် ပဲခူးမြို့ဒေသခံ စီးပွားရေးလုပ်ငန်းရှင်များက လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြခဲ့ရာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားပြီး တက်ရောက်လာသည့် လုပ်ငန်းရှင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း၊ ကောင်စီဝင်များ၊ ပဲခူးမြို့ ဒေသခံလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

○

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**ဘားအံ ဖေဖော်ဝါရီ ၁၉**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များဖြစ်သော ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ဦးစောခင်မောင်မြင့်၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး သန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ ညနေ ၃ နာရီခန့်က ဂျိုင်း-ကော့ကရိတ်တံတား တည်ဆောက်ရေးစီမံကိန်းနှင့် ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်းတို့ကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ရှေ့ဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဂျိုင်း-ကော့ကရိတ်တံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ လမ်း၊ တံတားလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ဂျိုင်း-ကော့ကရိတ်တံတားတည်ဆောက်ရေးတာဝန်ခံက တံတားတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အိန္ဒူ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းစီမံကိန်းကို ကန်ထရိုက်စနစ်ဖြင့် တာဝန်ယူဆောင်ရွက်နေသော China Road and Bridge Corporation (CRBC) ကုမ္ပဏီမှ Mr.Yong Bin Cho က လမ်းပိုင်းအဆင့်မြှင့်တင်ခြင်းနှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ က စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့် အချိန်မှစ၍ ပြည်နယ်အတွင်း လမ်း၊ တံတားလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများရပ်တန့်မနေဘဲ သတ်မှတ်စံချိန်စံနှုန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရန် အလေးထားဆောင်ရွက်ကြရန် မှာကြားပြီး တံတားတည်ဆောက်နေမှုအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။



ဂျိုင်း-ကော့ကရိတ်တံတားကို ၂၀၁၉ ခုနှစ် မေလခန့်က Extradosed တံတားအမျိုးအစားအဖြစ် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကာ ၂၀၂၂ ခုနှစ် မေလခန့်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးရန်လျာထားကြောင်းနှင့် အိန္ဒူ-ကော့ကရိတ်လမ်းပိုင်း အဆင့်မြှင့်တင်ခြင်းကို ၂၀၂၁ ခုနှစ် မေလခန့်တွင် ပြီးစီးရန်လျာထားကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) ဂျိုင်းလျှပ်စစ်မြစ်ရေတင်လုပ်ငန်း ရှင်းလင်းဆောင်၌ တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စွာဦးက ဂျိုင်းလျှပ်စစ်မြစ်ရေတင်ဖြင့် နွေစပါး ဧက ၃၅၀ နှင့် အခြားသီးနှံ ဧက ၅၀ စိုက်ပျိုးထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂျိုင်းမြစ်ရေတင်လုပ်ငန်း ပင်းမမြောင်း၊ လက်တံမြောင်းနှင့် စိုက်ပျိုးထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကုန်ထုတ်လမ်းလုပ်ငန်း ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေး

**ဟင်္သာတ ဖေဖော်ဝါရီ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၃၃ ဒသမ ၂၅ သန်းဖြင့် ဌာနမှတာဝန်ယူ ဆောင်ရွက်သည့် အင်းငဖြူကျေးရွာ ဧက ၁၀၀ ကုန်ထုတ်လမ်း ၀/၅ မိုင် ဖောက်လုပ်လျက်ရှိရာသို့ ဖေဖော်ဝါရီ ၃ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သင်းသင်းလှိုင်နှင့် အဖွဲ့သည် အင်းငဖြူကျေးရွာ ဧက ၁၀၀ ကုန်ထုတ်လမ်း ၀/၅ မိုင် ဆောက်လုပ်မှု၏ လမ်းအောက်ခံမြေသားခံနိုင်ဝန်အားတိုင်းတာစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းများအားလုံး သတ်မှတ်ကာလအတွင်း သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီ ပြီးစီးရေး အလေးထားဆောင်ရွက်သွားရန် လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါကုန်ထုတ်လမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၂၃၀၊ လူဦးရေ ၁၀၀၀ နှင့် လယ်ယာထွက်ကုန် ဧက ၁၀၀ ကျော်၏ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာ အလွယ်တကူသယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

# အစေ့စားမြေပဲမျိုးသစ်များ သုတေသနပြု မျိုးစပ်ရှာဖွေ

**နေပြည်တော် ဖေဖော်ဝါရီ ၁၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန (DAR)သည် သိပ္ပံနည်းပညာနှင့် ဆန်းသစ်တီထွင်မှုဟူသော ဦးတည်ချက်များဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ ထို့သို့ဆောင်ရွက်ရာ၌ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ သုတေသနများ၊ ရာသီဥတုပြောင်းလဲမှုအား လိုက်လျောညီထွေမှု /ခံနိုင်ရည်ရှိမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ သုတေသနများ၊ အပင်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးဆိုင်ရာသုတေသနများ၊ မျိုးစေ့နည်းပညာနှင့် မျိုးပွားထုတ်လုပ်ရေးဆိုင်ရာသုတေသန၊ နည်းပညာဆိုင်ရာသုတေသနများကို စနစ်တကျ သုတေသနစီမံကိန်းများချမှတ်၍ သုတေသနလုပ်ငန်းများကို သိပ္ပံနည်းကျစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိသည့် စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရပြည့်ဝရေးဆိုင်ရာ သုတေသနလုပ်ငန်းများ အစီအစဉ်အောက်မှ စီမံကိန်းတစ်ခုဖြစ်သော အစေ့စား (Table Type Groundnut) မြေပဲမျိုးသစ်များအား မျိုးကူးစပ်၍ သုတေသနပြုရှာဖွေလျက်ရှိသည်။

၎င်းစီမံကိန်းသည် သုတေသနအဆင့်ဆင့်ဆောင်ရွက်လျက်ရှိရာ ယခုအခါ မျိုးယှဉ်ပြိုင်ရွေးချယ်သော အဆင့်သို့ရောက်ရှိပြီး၊ အလားအလာရှိသော မျိုးသစ်ရှာဖွေရန်၊ သုတေသနပြုရန် အချက်အလက်များ ကောက်ယူလျက်ရှိသည်။ ၎င်းသုတေသနတွင် မျိုး ၁၀ မျိုးကို (RCB) ဒီဇိုင်းဖြင့် ထပ်ပြုကြိမ် သုံးကြိမ် ပြုလုပ်ထားခြင်းကို ဒေါက်တာခင်မျိုးဝင်း ဦးဆောင်သောအဖွဲ့က သုတေသနပြုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိသော သုတေသနစမ်းသပ်ကွက်၌ သုတေသနပြုဆောင်ရွက်လျက်ရှိသော သုတေသနပညာရှင်များအား ညွှန်ကြားရေးမှူး ဒေါက်တာနိုင်ကြည်ဝင်းက ယမန်နေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးခဲ့ပြီး သုတေသနလုပ်ငန်းများ အားလပ်ရက်မရှိ ပြုလုပ်နေခြင်းကြောင့် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်း၊သုတေသနရလဒ်များကို တောင်သူများနှင့် စားသုံးသူများအတွက် မကြာမီ ဖြန့်ဝေပေးနိုင်တော့မည်ဖြစ်သောကြောင့် နိုင်ငံတော်မှ အားထားရသည့် သုတေသနပညာရှင်များအဖြစ် ရပ်တည်နိုင်ကြရေးအတွက် ဆက်လက်၍ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်ကြရန် အားပေးတိုက်တွန်းသည်။

အဆိုပါသုတေသနမှရရှိလာမည့်အစေ့စားမြေပဲမျိုးသစ်သည် အစေ့အရွယ်အစားကြီးမားခြင်း၊ အဆန်ထွက်နှုန်းကောင်းမွန်ခြင်း၊ ရေမြေဒေသမရွေးစိုက်ပျိုးနိုင်ခြင်း၊ ပရိုတင်းဓာတ်ပါဝင်မှုများ၍ ဆီထွက်ရာခိုင်နှုန်းနည်းသော အစေ့စားမျိုးသစ်များအဖြစ် ရရှိလာမည် ဖြစ်သည်။ ၎င်းမျိုးများထဲမှ YZG- 18030, YZG-13048, Quihua-1026 မျိုး သုံးမျိုးကို ရွေးချယ်ထားပြီး မကြာမီ အစေ့စားမြေပဲမျိုး (Table Type) မျိုးသစ်အဖြစ် ထုတ်ဝေသွားနိုင်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ သိရသည်။ **ညီညီသန်း၊ အောင်မိုး**

# ရန်ကုန်မြို့ပြ မော်တော်ယာဉ်များနှင့် က.ည.န ဝန်ဆောင်မှုလုပ်ငန်းများအကြောင်း

## မြင့်မောင်စိုး

မြန်မာနိုင်ငံတစ်ဝန်း မော်တော်ယာဉ်စီးရေအများဆုံးမြို့သည် ရန်ကုန်မြို့ကြီးပင်ဖြစ်သည်။ လူဦးရေများပြားထူထပ်သည့်အလျောက် ယာဉ်သုံးစွဲမှုအများဆုံးလည်းဖြစ်ပါသည်။ ဘတ်စ်ကား၊ ကုန်တင်ယာဉ်၊ အိမ်စီးကား၊ သုံးဘီး၊ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီအစရှိသဖြင့် အမျိုးအစားစုံလှသည်။ ထိုယာဉ်အသီးသီးကို မှတ်ပုံတင်ပေးခြင်း၊ လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးပေးခြင်း၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးခြင်း စသော ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးရသောဌာနသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနဖြစ်ပါသည်။ အတိုကောက်အားဖြင့် “က.ည.န”ဟု ခေါ်ကြပါသည်။ ထို က.ည.န ရုံးများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့များတွင်လည်း ရှိပါသည်။ သို့သော် ရန်ကုန်မြို့ကြီးသည် ကြီးမားကျယ်ပြန့်သည့်အလျောက် က.ည.န ဝန်ဆောင်မှုပေးနေသောဌာနတည်နေရာများ ပြောင်းလဲလာသည့်အတွက် တခုတ်တရတင်ပြရခြင်းဖြစ်ပါသည်။

### နေရာနှစ်ခုရှိ

ဦးစွာ မော်တော်ယာဉ်အသစ်များ ကနဦးမှတ်ပုံတင်ပေးနေသောနေရာများအကြောင်းကို တင်ပြလိုပါသည်။ ပြည်ပနိုင်ငံများမှတင်သွင်းလာသည်ဖြစ်စေ၊ ပြည်တွင်းကားအရောင်းပြခန်းမှဖြစ်စေ ကားအသစ်များကို ကနဦးမှတ်ပုံတင်ပေးရသောနေရာနှစ်ခုရှိပါသည်။ ယင်းတို့မှာ ထောက်ကြန့် က.ည.န ရုံးနှင့် ရွာသာကြီး က.ည.နရုံးတို့ဖြစ်ပါသည်။ ထောက်ကြန့် က.ည.နရုံးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လူစီးမော်တော်ယာဉ်ငယ်များကို ကနဦးမှတ်ပုံတင်ခြင်း၊ မော်တော်ယာဉ်စစ်ဆေးခြင်း၊ ကနဦးမော်တော်ယာဉ်နံပါတ်ရယူခြင်း စသောဝန်ဆောင်မှုလုပ်ငန်းများကိုဆောင်ရွက်ပေးလျက်ရှိပါသည်။ နေ့စဉ်မော်တော်ယာဉ်အသစ်စီးရေ ၁၀၀ မှ ၂၀၀ အတွင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ရွာသာကြီး က.ည.နရုံးတွင်မူ နှစ်တန်အထက်မော်တော်ယာဉ်ကြီးများကို ကနဦးမှတ်ပုံတင်ခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ကနဦးနံပါတ်ရယူခြင်း စသောဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယင်းသည်လည်း နေ့စဉ်စီးရေ ၂၀၀ ဝန်းကျင်ဆောင်ရွက်ပေးနေကြောင်း သိရပါသည်။ အထူးသဖြင့်ကားကြီးများ၊ ကုန်တင်ယာဉ်ကြီးများ၊ တွဲကားများအတွက် ကနဦးမှတ်ပုံတင်ပေးနေခြင်းဖြစ်ပါသည်။

ထိုထောက်ကြန့် က.ည.နရုံးသည်လည်းကောင်း၊ ရွာသာကြီး က.ည.နရုံးသည်လည်းကောင်း ကိုဗစ်-၁၉ ကာလခေတ္တရပ်နားထားပြီး ပြီးခဲ့သည့် ဒီဇင်ဘာ ၁ ရက်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ လမ်းညွှန်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ထိုရုံးနှစ်ရုံးနှင့်အတူ မန္တလေးနှင့် နေပြည်တော်တို့ရှိ က.ည.နရုံးများကိုလည်း တစ်ပြိုင်တည်းပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ သို့သော် မော်တော်ယာဉ်သစ်ပိုင်ရှင်များအနေဖြင့် ကနဦးမှတ်ပုံတင်ဆောင်ရွက်မည်ဆိုပါက ကြိုတင်၍ Online Booking ရယူပြီး ဆောင်ရွက်ကြရပါသည်။ သတ်မှတ်ပေးသည့်ရက်၊ သတ်မှတ်ပေးသည့် အချိန်အတွင်း၌သာ လာရောက်၍ မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရပါသည်။

မော်တော်ဆိုင်ကယ်၊သုံးဘီး၊ထော်လာဂျီ အစရှိသော ယာဉ်များ ကနဦးမှတ်ပုံတင်ခြင်းကိုမူ ရန်ကုန်တောင်ပိုင်းခရိုင်ရှိ သန်လျင်က.ည.နရုံး၌ ဆောင်ရွက်ပေးပါသည်။ ထိုရုံးကိုလည်း မူလက သန်လျင်မြို့တွင်းရုံး၌ဆောင်ရွက်ပေးသော်လည်း ယခုအခါ နေရာအခက်အခဲကြောင့် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ရာလမ်း၊ ရေကြောင်းတက္ကသိုလ်လမ်းဆုံသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားပါသည်။ ဝန်ဆောင်မှုများကိုတော့ ပြီးခဲ့သည့် ဇန်နဝါရီ ၂၀ ရက်က ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ အထူးသဖြင့် ဆိုင်ကယ်များကို ကနဦး မှတ်ပုံတင်ပေးလျက်ရှိကြောင်း၊ နေ့စဉ် အချိန်လေးချိန်ခွဲပြီး စီးရေ ၂၀၀ ခန့်အား ကနဦးမှတ်ပုံတင်ခြင်း၊ ယာဉ်စစ်ဆေးခြင်း၊ ကနဦးနံပါတ်ရယူခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါသည်။ ထိုဝန်ဆောင်မှုလုပ်ငန်းသည်လည်း ကြိုတင်၍ Online Booking ရယူဆောင်ရွက်ရပါသည်။ သတ်မှတ်ရက်အတိုင်းဆောင်ရွက်ပေးလျက်ရှိပါသည်။



ရွာသာကြီး က.ည.န ရုံးသစ်ကြီးကို တွေ့ရစဉ်။

### ယာဉ်မောင်းလိုင်စင်

ဤသည်ကား မော်တော်ယာဉ်လူစီး၊ ကုန်တင်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီတို့ကို ကနဦးမှတ်ပုံတင်ပေးနေသော က.ည.နရုံးများအကြောင်း ဖြစ်ပါသည်။ ဆက်လက်၍ ယာဉ်မောင်းလိုင်စင်အသစ် ဖြေဆိုမည့်သူများအတွက် တင်ပြလိုပါသည်။

ယခုကိုဗစ်ကာလ အထက်ကခွင့်ပြုချက်ရလျှင် ယာဉ်မောင်းလိုင်စင်အသစ် လျှောက်ထားမည့်သူများသည် အမှတ်(၂) လမ်းမကြီးအနီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး)ရုံးရှိ အသစ်တည်ဆောက်ပြီးစီးသွားသော ယာဉ်စည်းကမ်း လမ်းစည်းကမ်းစစ်ဆေးရေးခန်းမကြီးတွင် ပထမဆုံးအဖြစ် လိုင်စင် Smart Card ထွက်သည်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စတင်ဖွင့်လှစ်မည့်ရက်ကို ကြိုတင်အသိပေးသွားမည်ဖြစ်ကြောင်း၊ ယခင် ကညန(မြင်သာ)ရုံးတွင်လျှောက်ထားရန် မလိုတော့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး)ရုံးမှ သိရပါသည်။

ကိုဗစ်ကာလပြီး၍ ကညနရုံးများပြန်ဖွင့်မည်ဆိုလျှင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးခန်းမအဆောက်အအုံကြီးသည် ၂၀၂၀ ပြည့်နှစ်တွင် ပြီးသွားသည့်အတွက် ယခင် ကညန(မြင်သာ)၌ ဆောင်ရွက်ပေးသော ယာဉ်စည်းကမ်းလမ်းစည်းကမ်းပညာပေးသင်တန်းရော ယာဉ်မောင်းလိုင်စင် ရေး၊ ဖြေ လုပ်ငန်းတွေကိုပါ ယခုအဆောက်အအုံသစ်ကြီးမှာ ရွှေ့ပြောင်းပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ယာဉ်မောင်းလိုင်စင် လာရောက်ဖြေဆိုသူ ရေးဖြေရော၊ လူတွေ့စစ်ဆေးမှုတွေကို ခန်းမတိုင်းမှာ သတ်မှတ်ဦးရေအတိုင်းစိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ Online Booking ယူရမည်ဖြစ်ကြောင်း သိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်လေးခုမှ ယာဉ်မောင်းလိုင်စင် အသစ်လျှောက်ထားမည့်သူများသည် ယခုအသစ်ဖွင့်လှစ်မည့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး) ရုံးရှိ ယာဉ်စည်းကမ်းလမ်းစည်းကမ်း စစ်ဆေးရေးခန်းမကြီးတွင် ဆောင်ရွက်ကာ ယာဉ်မောင်းလိုင်စင်ထွက်ရှိသည်အထိဆောင်ရွက်ရမည်ဖြစ်သည်။

ယာဉ်မောင်းလိုင်စင် ဖြေဆိုမည့်သူများသည် Online Booking စနစ်တွင် ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးသင်တန်းအနေဖြင့် တစ်ရက်ကြိုတင်ကာ Online Booking ယူရပြီး ရေးဖြေစစ်ဆေးမှုအတွက် သုံးရက်ကြိုတင်ကာ Online Bookingယူရကြောင်း သိရသည်။ လက်တွေ့မောင်းနှင်စစ်ဆေးမှုများကိုပါ ယခုအဆောက်အအုံသစ်ကြီးတွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### အပြီးဆောင်ရွက်ပေးသွားမည်


ထိုယာဉ်စည်းကမ်း လမ်းစည်းကမ်း စစ်ဆေးရေးခန်းမကြီးတွင် မှတ်တမ်းစိစစ်ခြင်း၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်း ပညာပေးသင်တန်း၊ လက်တွေ့စစ်ဆေးခြင်း၊ လူတွေ့စစ်ဆေးခြင်း၊ သရုပ်ပြစစ်ဆေးခြင်းနှင့် လိုင်စင်ကျရှုံးပြန်လည်ဖြေဆိုခန်းတို့ ပါဝင်သည်။ ယာဉ်မောင်းလိုင်စင်များကို စတင်လျှောက်ထားသည်မှ ယာဉ်မောင်းလိုင်စင် အသိအမှတ်ပြု Smart Card ရသည်အထိ တစ်နေရာတည်းတွင် အပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဒေသကြီး ရုံးခွဲ(ရွာသာကြီး) ရုံးမှသိရသည်။ ဤသည်မှာ ယာဉ်မောင်းလိုင်စင်ပြုလုပ်လိုသူများသည် ရွာသာကြီး၌သာ သွားရောက်ဆောင်ရွက်ရတော့မည့် သဘောဖြစ်သည်။ ယခင်က မြင်သာ က.ည.န၌ ယာဉ်မောင်းလိုင်စင်အသစ်ပြုလုပ်ပေးတော့မည်မဟုတ်ပေ။ တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာ က.ည.နသည် မော်တော်ယာဉ်လိုင်စင်သက်တမ်းတိုးခြင်း၊ လူလိုင်စင်သက်တမ်းတိုးခြင်းတို့ကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သို့သော် ကိုဗစ်ကာလဖြစ်၍ ပြန်လည်ဖွင့်လှစ်မည့်ရက်ကိုကြေညာထားခြင်းမရှိသေးကြောင်း သိရသည်။

သို့ဖြစ်၍ ကိုဗစ်-၁၉ ကာလ လွန်မြောက်လာသည်နှင့်အမျှ ရန်ကုန်မြို့၏ က.ည.နဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ မော်တော်ယာဉ်သစ်များ ကနဦးမှတ်ပုံတင်ခြင်း၊ ဆိုင်ကယ်များ မှတ်ပုံတင်ခြင်း၊ လူလိုင်စင်သစ်များ လျှောက်ထားခြင်း၊ မော်တော်ယာဉ်များသက်တမ်းတိုးခြင်း စသော က.ည.န ဝန်ဆောင်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ လုပ်ကိုင်ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ။



သန်လျင် က. ည.န ရုံး၌ ဆိုင်ကယ်သစ်များ ကနဦး မှတ်ပုံတင်ရန် စစ်ဆေးနေစဉ်။

# တွံတေးမြို့ ရွှေဆံတော်စေတီတော်မြတ်ကြီးအား ပြန်လည်ဖူးမြော်ခွင့်ပြု




**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

တစ်ကမ္ဘာလုံးတွင် ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားနေသည့်အတွက် ပြည်သူများအား ဖူးမြော်ကြည်ညိုရန် ခေတ္တယာယီပိတ်ထားခဲ့သည့် တွံတေးမြို့နယ်မှ ဆံတော်ခြောက်ဆူကိန်းဝပ်တော်မူသော ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့် ရွှေဆံတော်စေတီတော်မြတ်ကြီးအား ယခုအခါ ပြန်လည်ဖူးမြော်ကြည်ညိုခွင့်ပြုလိုက်ပြီဟု သိရသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှ စတင်ကာ ဘုရားရင်ပြင်ပေါ်သို့ တက်ရောက်ဖူးမြော်ကြည်ညိုခွင့်အား ခေတ္တယာယီပိတ်ထားခဲ့ရာမှ တစ်နှစ်နီးပါးအကြာ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ ပြန်လည်ဖူးမြော်ခွင့်ပြုလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရွှေစာရံစေတီတော်မြတ်ကြီးအား ပြန်လည်ဖူးမြော်ခွင့်ပြုခဲ့ခြင်းနှင့်ပတ်သက်၍ ''ဘုရားကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ ပြန်လည် ဖူးမြော်ခွင့်ပြုလိုက်ပါပြီ။ လာရောက်ဖူးမြော်ကြသူတွေကလည်း သတ်မှတ်ထားတဲ့စည်းကမ်းချက်တွေအတိုင်း လိုက်နာရပါမယ်" ဟု ရွှေဆံတော်စေတီတော် ဂေါပကအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးအေးကိုက ပြောကြားသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးအား တက်ရောက်ဖူးမြော်နိုင်ရန် အရှေ့ဘက်စောင်းတန်းမုခ်နှင့် တောင်ဘက်စောင်းတန်းမုခ်တို့အား ဖွင့်လှစ်ပေးထားကြောင်း၊ မြောက်ဘက်စောင်းတန်းမုခ်အား ပြန်လည်ပြုပြင်မှုများ ပြုလုပ်လျက်ရှိပြီး အနောက်ဘက်စောင်းတန်းအား ယာယီအတက်အဆင်း ပိတ်ထားကြောင်း၊ ဘုရားဖူးလာပြည်သူများ ပိုမိုများပြားလာပါက တည်ဆောက်ပြုပြင်နေဆဲ မြောက်ဘက်စောင်းတန်းမှလွဲ၍ စောင်းတန်းများအားလုံးအား ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသူများအား စောင်းတန်းအတက် စေတီတော်ရင်ပြင်တွင် စေတီတော်ကြီး၏ လုံခြုံရေးဝန်ထမ်းများက ကိုယ်အပူချိန် တိုင်းတာပေးခြင်း၊ ရေမလို လက်သန့် ဆေးရည်အသုံးပြုကာ လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်မလာသူများအား အခမဲ့ပေး၍ တပ်ဆင်စေခြင်း၊ ဘုရားဖူးရာတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်ဖြစ်သည့် တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ခြောက်ပေအကွာခြား၍ ဖူးမြော်ကြည်ညိုကြစေရန် လိုက်လံအသိပေးလျက်ရှိသည်ဟုလည်း သိရသည်။

ရွှေဆံတော်စေတီတော်မြတ်ကြီးအား နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးထားကြောင်း၊ စနေနှင့် တနင်္ဂနွေနေ့များတွင် ဘုရားဖူးလာရောက်ကြသူများမှာ ရာဂဏန်းအထိရှိပြီး ရုံးဖွင့်ရက်များတွင် နေ့စဉ် ၄၀၊ ၅၀ ခန့် လာရောက်ဖူးမြော်ကြကြောင်း၊ တစ်နှစ်နီးပါးကြာမျှ ဖူးမြော်ခွင့်ယာယီပိတ်ထားစဉ်အတွင်း စေတီတော်ရင်ပြင်သန့်ရှင်းရေးအား စေတီတော်ဂေါပကအဖွဲ့နှင့် ရပ်ကွက်ဝတ်အသင်းတို့ ပူးပေါင်းလုပ်ဆောင်ခဲ့ကြကြောင်း သိရသည်။

**မင်းရဲမာန်**

# ပဲခူးမြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) များအား ဖေဖော်ဝါရီလပင်စင်လစာများကို သတ်မှတ်ရက်များတွင် ထုတ်ပေးမည်

**ပဲခူး ဖေဖော်ဝါရီ ၁၉**

ပဲခူးမြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာများတွင် နေထိုင်ကြသည့် နိုင်ငံ့ဝန်ထမ်း (ပင်စင်စား) များ၏ ဖေဖော်ဝါရီလအတွက် ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ ပဲခူးမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပင်စင်လစာများ ထုတ်ပေးရာတွင် ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၆ နာရီခွဲမှ ညနေ ၃ နာရီအထိ မြို့တွင်းကြီး၊ နန်းတော်ရာ၊ ရုံးကြီး၊ ရှင်စောပု၊ လိပ်ပြာကန်၊ ပုဏ္ဏားစု၊ ပန်းလှိုင် စသည့်ရပ်ကွက်များတွင်နေထိုင်သည့် ပင်စင်စားများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၇ နာရီခွဲမှ ညနေ ၃ နာရီအထိ ဈေးပိုင်း၊ ညောင်ဝိုင်း(တောင်/မြောက်)၊ သွန်းဘုရား၊ ကျောက်ကြီးစု၊ ဇိုင်းဂနိုင်း (တောင်/မြောက်) ရပ်ကွက်များရှိ ပင်စင်စားများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ မဇင်း၊ ကလျာဏီ၊ ကျွန်းသာယာ၊ ဟသ်ာကုန်း၊ ဗိုလ်ကုန်း၊ ဟံသာဝတီ၊ ရွာသစ်၊ မြို့သစ် စသည့်ရပ်ကွက်များရှိ ပင်စင်စားများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဥဿာမြို့သစ်၊ ရပ်ကွက်ကြီး (၁/၂/၃/၄/၅/၆/၇/၈/၉) ရပ်ကွက်များရှိ ပင်စင်စားများကိုလည်းကောင်း၊ ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ ဘုရားကြီးမြို့ အမှတ် (၁/၂/၃) ရပ်ကွက်များ၊ အင်းတကော်မြို့ အမှတ် (၁/၂/၃/၄/၅/၆) ရပ်ကွက်များနှင့် ကျေးရွာအုပ်စု ၆၂ အုပ်စုအတွင်း နေထိုင်ကြသည့် အငြိမ်းစားဝန်ထမ်း ပင်စင်စားများကိုလည်းကောင်း ပင်စင်လစာများ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အငြိမ်းစားဝန်ထမ်း ပင်စင်စားများအနေဖြင့် ပင်စင်လစာ လာရောက်ထုတ်ယူကြရာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရန် ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ တပ်ဆင်လာကြရမည်ဖြစ်ပြီး သတ်မှတ်ရက်များတွင် အကြောင်းအမျိုးမျိုးကြောင့် မအားလပ်၍ လာရောက်ထုတ်ယူခြင်းမပြုနိုင်သည့် အငြိမ်းစားဝန်ထမ်းပင်စင်စားများအနေဖြင့် ပင်စင်လစာအား ရုံးဖွင့်သည့်ရက်တိုင်း ဘဏ်လုပ်ငန်းအချိန်အတွင်း ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ထနောင်းကိုင်း သောက်ရေအိုးများကို တိုက်ရိုက်ဖြန့်ချိရောင်းချမှု များလာ

**မန္တလေး ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် ထနောင်းကိုင်းရွာမှပြုလုပ်သော ထနောင်းကိုင်း မြေသောက်ရေအိုးများကို မိုဘိုင်းစနစ်ဖြင့် တိုက်ရိုက် ဖြန့်ချိရောင်းချမှုများပြားလာကြောင်း သိရသည်။

မြေသောက်ရေအိုးရောင်းဝယ်မှုစနစ်တွင် ဝယ်ယူသူထံ တိုက်ရိုက်သွားရောက်ရောင်းချခြင်းသည် အချိန်ကုန်သက်သာကာ လျင်မြန်စွာ အရောင်းအဝယ်ဖြစ်သည့် နည်းတစ်ခုပင်ဖြစ်သည်။ လက်ရှိကာလတွင် ဆိုင်ကယ်၊ စက်ဘီး၊ သုံးဘီးဆိုင်ကယ်များဖြင့် တိုက်ရိုက်ဖြန့်ချိရောင်းချသည့်စနစ်ကို အသုံးပြုကြသည်။ အချို့မှာ အထမ်းများဖြင့် လှည့်လည်ဖြန့်ချိ ရောင်းချမှုလည်း များပြားလာသည်။

အထမ်းဖြင့်ရောင်းသောအိုးသည်များမှာ အများအားဖြင့် တံတားဦးနယ်ထွက် ထနောင်းကိုင်းအိုးများကို အဓိကရောင်းချသည်။ အိုးဖုတ်သည့်ဖိုမှ အိုးများကို တိုက်ရိုက်ဝယ်ယူကာ ရောင်းချကြသည်။ ရောင်းချသည့်စနစ်တွင် သောက်ရေအိုးများကို ကြိုးငယ်များဖြင့်ထမ်းကာ လှည့်လည်ရောင်းချကြသည်။ လူတစ်ဦးလျှင် အနည်းဆုံး အိုး ၂၀ အထိ ထမ်းကြသည်။ ဆိုင်များ၊ ရပ်ကွက်များ၊ ကျေးရွာများသို့ လှည့်လည်ရောင်းချကြသည်။ ရပ်ကွက်ကျေးရွာအတွင်းမှ အထမ်းအိုးသည်များကို ဝယ်ယူအားပေးကြသည်။ အေးမြသော ထနောင်းကိုင်းရေအိုးလာရောက်ရောင်းချသည်နှင့်ကြုံလျှင် အိုးအသစ်လဲလှယ်ကြသည်လည်းရှိသည်။

အိုးသည်များမှာ တစ်နှစ်ပတ်လုံးရောင်းချကြသည်။ တစ်နယ်နှင့်တစ်နယ် ကူးပြောင်းကာ ခေတ္တတည်းခိုရင်း လှည့်လည်ရောင်းချကြသည်။ ဝယ်ယူသူစိတ်ကျေနပ်စေရန် ရေအိုးလုံမလုံ စမ်းသပ်ပေးခြင်းများ ပြုလုပ်သည်။ အိုးထိခိုက်မှုနည်းအောင် ထမ်းကြရသည်။ အများစုမှာ အေးမြသောထနောင်းကိုင်းအိုးများကို ဝယ်ယူကြသည်။ အိုးတစ်လုံးလျှင် ငွေကျပ် ၁၅၀၀ ကျပ်ဖြင့် ရောင်းချကြသည်။ ဆိုဈေးရောင်းဈေးများရှိပြီး ခရီးအကွာအဝေးအလိုက် အိုးဈေးနှုန်းပြောင်းလဲသည်လည်းရှိသည်။ အိုးမှာ ဈေးသို့သွား ရောက်ဝယ်ယူသည့်အခါ သယ်ယူမှုခက်သည့်အတွက် အထမ်းသည်များကို အားထားဝယ်ယူလျက်ရှိကြောင်း သိရသည်။

**နွေနဒီ**
**(မြစ်ငယ်)**

■

# နေ့တွက်စရိတ်မကိုက်သော်လည်း မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် ရွှေကျင်နေရ



**ရေစကြို ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် အောင်ပန်းကြောင်းကျေးရွာမှ ကျေးလက် တောင်သူများသည် မိသားစုစားဝတ်နေရေးအတွက် တစ်နိုင်တစ်ပိုင် ရွှေကျင်ခြင်းလုပ်ငန်းကို ဧရာဝတီမြစ်ကျိုးအင်းအစပ်များတွင် လုပ်ကိုင်လျက်ရှိရာ လုပ်သလောက်အကျိုးအမြတ်မရရှိသော်လည်း မိသားစုစားဝတ်နေရေးအတွက် လုပ်ကိုင်နေရကြောင်း သိရသည်။

ယခုနှစ်တွင် မိုးကြက်သွန်စိုက်ပျိုးပြီး နုတ်သိမ်းရောင်းချချိန်တွင် ဈေးနှုန်းကျဆင်းခြင်း၊ စိုက်စရိတ်မကာမိရုံမက နုတ်သိမ်းရန်စရိတ်စက များပြားပြီးကုန်ကျစရိတ်ထပ်ရှုံးနိုင်ခြင်းကြောင့် နုတ်သိမ်းရောင်းချခြင်း မပြုတော့ဘဲ စိုက်ခင်းအတွင်း ဒီအတိုင်းထားရှိရကြောင်း သိရသည်။

“ရွှေကျင်တယ်ဆိုတာလည်း လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က သပိတ်ကျင်းဘက် အငှားလိုက်လုပ်ရင်း သဲထဲမှ ရွှေကျင်ယူတဲ့အလုပ် တတ်မြောက်လာခဲ့ရာကနေ စိုက်ပျိုးသီးနှံဈေးနှုန်းတွေ ကျဆင်းနေချိန်မှာ တတ်မြောက်ထားတဲ့ ရွှေကျင်လုပ်ငန်းကို မိသားစုလိုက် လုပ်ကိုင်နေရတာဖြစ်ပါတယ်” ဟု ဦးအောင်ဝင်းက ရှင်းပြသည်။

ရွှေကျင်ရာတွင် မြစ်ကမ်းစပ်၊ မြစ်ကျိုးအင်းနေရာများမှ နုန်းမြေတစ်ထပ်အောက်မှ သဲနှင့် ကျောက်စရစ်ရောရာ သဲမြေနေရာကိုရယူကာ ရေဇလား (ရေတံလျှောက်) ပေါ် ကော်ဇောခင်းထားပြီး သဲမြေများအဆိုပါ ကော်ဇောရေဇလားပေါ်မှ သွန်ချရေနှင့်မျှောချကာ ရွှေပါသည့်အမှုန်များကပ်နေသည်ကို ဆန်ခါဖြင့် ဖြည်းဖြည်းချင်း ကျင်ယူရကြောင်း၊ မိသားစုငါးဦး တစ်နေကုန်လုပ်မှ နှစ်ရွေးခွဲ၊ သုံးရွေးခန့်ရကြောင်း၊ တစ်ရွေးသားပြန်ရောင်းလျှင် ကျပ် ၉၈၀၀ ရကြောင်း၊ လုပ်အားစရိတ်နုတ်လျှင် တစ်ရက်ကျပ် ၈၀၀၀ လောက်သာ ကျန်ရှိကြောင်း ဦးအောင်ဝင်းက ရှင်းပြသည်။

ရွှေကျင်ခြင်းလုပ်ငန်းသည် လုပ်အားအင်မတန်စိုက်ရကြောင်း၊ တစ်နေကုန် တလှုပ်လှုပ်ဖြင့် လုပ်ကိုင်နေရပြီး မိသားစုစားဝတ်နေရေးကြောင့် လုပ်ကိုင်နေရကြောင်း၊ သီးနှံထွက်ကုန်ဈေးများ ကျဆင်း၍ ရွှေကျင်လုပ်ငန်းလုပ်ကိုင်ရသော်လည်း စိုက်ပျိုးသီးနှံဈေးနှုန်းများ အဆင်ပြေပါက တောင်သူလုပ်ငန်းကိုသာ ပြန်လည်လုပ်ကိုင်မည်ဖြစ်ကြောင်း ရွှေကျင်လုပ်ငန်းလုပ်ကိုင်ကြသည့် မိသားစုဝင်များက ပြောကြားသည်။

**ကိုထိန် (KPD)**

## ပွင့်ဖြူမြို့နယ်၌ ကမ်းပြိုကာကွယ်ရေး ဗာတီဗာမြက်ပျိုးပင် ၆၀၀၀ စိုက်ပျိုးသွားမည်



**ပွင့်ဖြူ ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှမြို့နယ်အတွင်းသဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရန်နှင့် ရေတိုက်စားမှုကြောင့် မြစ်ချောင်းဘေးအနီး ကျေးရွာများတွင် ကြုံတွေ့ရလေ့ရှိသည့် ကမ်းပြိုကျမှုအန္တရာယ်များ လျော့နည်းသက်သာစေရေးအတွက် ရည်ရွယ်ပြီး ယခုနှစ်မိုးရာသီတွင် ဗာတီဗာမြက်ပျိုးပင် ၆၀၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနမှ ဘဏ္ဍာနှစ်အလိုက် မြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်နှင့် သစ်တောသစ်ပင်များ ပြုန်းတီးမှုကြောင့် ကြုံတွေ့နေရသည့် ရာသီဥတုပြောင်းလဲမှုဂေဟစနစ်အား မျှတကောင်းမွန်အောင် ထိန်းညှိပေးနိုင်ရေးအတွက် ရှား၊ ယူကလစ်၊ ကျွန်း၊ ဝါး၊ တမာ၊ မန်ကျည်း၊ ရေတမာ၊ ကံ့ကော်၊ မဲဇလီ စသည့်သစ်မျိုးစုံ အရိပ်ရပျိုးပင်များကို ပြုစုပျိုးထောင်၍ နှစ်စဉ်မိုးရာသီကာလများတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ ကြိုးဝိုင်းသစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်းတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် လူထုဖြန့်အနေဖြင့် အရိပ်ရသစ်မျိုးစုံ ပျိုးပင်များကို အခမဲ့ဖြန့်ဝေပေးခြင်းနှင့် မိုးရာသီကာလများတွင် ဧရာဝတီမြစ်နှင့် မုန်းချောင်းဘေးအနီး ကျေးရွာများရှိ ဒေသခံပြည်သူများ ကမ်းပြိုကျမှုအန္တရာယ်မှ ကင်းဝေးစေရေးအတွက် ဗာတီဗာမြက်ပျိုးပင်များကို ပြုစုပျိုးထောင်၍ မြစ်ချောင်းကမ်းပြိုကျမှုကာကွယ်ရေးစီမံချက်ဖြင့် ကျေးရွာနေပြည်သူများနှင့်ပူးပေါင်းကာ စိုက်ပျိုးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာနအနေနဲ့ ယခုနှစ် မိုးရာသီမှာ မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်နဲ့ မုန်းချောင်းဘေးအနီး ကျေးရွာတွေမှာရှိတဲ့ ဒေသခံပြည်သူတွေ မိုးရာသီကာလမှာ ရေတိုက်စားမှုကြောင့် ကြုံတွေ့ရတဲ့ ကမ်းပြိုကျမှုအန္တရာယ် လျော့နည်းသက်သာစေရေးအတွက် မြစ်ချောင်း ကမ်းပြိုကျမှုကာကွယ်ရေးစီမံချက်နဲ့ ဗာတီဗာမြက်ပျိုးပင်ပေါင်း ၆၀၀၀ စိုက်ပျိုးသွားဖို့ အခုကတည်းက ဗာတီဗာမြက်ပျိုးပင်တွေကို စတင်ပြုစုပျိုးထောင်နေပြီ ဖြစ်ပါတယ်။ ကမ်းပြိုကာကွယ်ရေးအတွက် ဗာတီဗာမြက်စိုက်ပျိုးရာမှာ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနဲ့ ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းတွေမှာ ပြည်သူတွေ ပူးပေါင်းပါဝင် ဆောင်ရွက်တဲ့ အလေ့အကျင့်တွေရရှိအောင် ကျေးရွာနေပြည်သူတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး စိုက်ပျိုးတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် မိုးရာသီကလည်း ကမ်းပြိုကာကွယ်ရေးအတွက် ဗာတီဗာမြက်စိုက်ပျိုးခြင်းကို ကျေးရွာခြောက်ရွာမှာ ပျိုးပင်ပေါင်း ၂၀၀၀ စိုက်ပျိုးပေးနိုင်ခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မော်က ပြောကြားသည်။

**ရဲဝင်းနိုင်**
**(ပြန်/ဆက်)**

## မင်းဘူးမြို့နယ်မှ တောင်သူများ ကြက်သွန်နီဈေးနှုန်းကျဆင်းမည်ကို စိုးရိမ်နေ

**မင်းဘူး ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းမှ တောင်သူများသည် ဆားဖွက်ချောင်းအတွင်းရှိ မြေနုကျွန်းတွင် ကြက်သွန်နီ ဧကများစွာစိုက်ရန် လျာထားကြသော်လည်း ကြက်သွန်နီဈေးနှုန်းကျဆင်းမည်ကို စိုးရိမ်နေကြကြောင်း သိရသည်။

ဆားဖွက်ချောင်းအတွင်း မြေနုကျွန်းစိုက်ကွက်များတွင် စိုက်ပျိုးကြသည့် တောင်သူများမှာ ဦးမြင့်ရွှေအပါအဝင် တောင်သူခုနစ်ဦး၊ ရှစ်ဦးခန့်ရှိကြပြီး မုန်လာဥ၊ မုန်ညင်း၊ နံနံပင်၊ ပန်းမုန်လာ၊ ပန်းနှမ်း၊ ကုလားပဲများ စိုက်ပျိုးထားကြသော်လည်း ကြက်သွန်နီကိုသာ များများစိုက်ပျိုးကြရန် မြေကွက်များဖော်ပြီး ထွန်ယက်နေကြသူများဖြစ်ကြသည်။

သို့သော်ယခင်နှစ်များက ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀၊ ၂၀၀၀၊ ၂၅၀၀ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ဖောက်သည်ဈေး ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၄၅၀၊ ၅၀၀နှင့် လက်လီဈေး တစ်ပိဿာ ငွေကျပ် ၈၀၀၊ ၉၀၀ ဈေးသာရှိတော့သဖြင့် ယခင်နှစ်ပေါက်ဈေးများထက် ဈေးနှုန်းများစွာ ကျဆင်းနေသည့်အတွက် တောင်သူများက ဆောင်းကြက်သွန်နီများ ဈေးနှုန်းကျဆင်းမည်ကို စိုးရိမ်နေကြခြင်း ဖြစ်သည်။

"ကျွန်တော်တို့ အားလုံးကတော့ လမ်းပန်းဆက်သွယ်ရေးတွေ ကောင်းလာရင်တော့ အရောင်းအဝယ်လေးတွေသွက်လာပြီး ကြက်သွန်နီဈေး တက်လာလို့ လုပ်ငန်းလေးတွေအဆင်ပြေသွားကြမှာ ဖြစ်ပါတယ်။ အခုတော့ ထွန်ယက်ခ၊ မြေဆီဖိုး၊ ဆေးဖိုး၊ ပျိုးပင်ဖိုး၊ စိုက်ပျိုးခတွေကို သိန်းဆယ်ဂဏန်းနဲ့ချီပြီး ကုန်ကျထားကြပါတယ်။ ကြက်သွန်နီ ဈေးကောင်းမှ အမြတ်များများ ရပြီး အဆင်ပြေသွားကြမှာပါ"ဟု မင်းဘူး (စကု) မြို့နယ် ရွှေတပင်ကျေးရွာမှ ကြက်သွန်နီစိုက်တောင်သူ ဦးမြင့်ရွှေက ပြောကြားသည်။

**ဇေယျာထက်(မင်းဘူး)**



## တမူးမြို့ အိန္ဒိယ-မြန်မာ နယ်စပ်ဂိတ်များပိတ်ထား၍ မျောက်ငိုသီးဈေးကွက် အရောင်းအဝယ်မဖြစ်

**တမူး ဖေဖော်ဝါရီ ၁၉**

ကိုဗစ်-၁၉ ရောဂါကြောင့် တမူးမြို့ အိန္ဒိယ-မြန်မာ နယ်စပ်ဂိတ်များ ပိတ်ထားသည့်အတွက် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့တွင် မျောက်ငိုသီးဈေးကွက် အရောင်းအဝယ်မဖြစ်ကြောင်း သိရသည်။

ယခင်နှစ်များက မျောက်ငိုသီးတစ်တောင့်လျှင် ငွေကျပ် ၂၀၀ နှုန်း ပေါက်ဈေးရှိသော်လည်း ယခုနှစ်တွင် အိန္ဒိယ-မြန်မာနယ်စပ်ဂိတ်များ ပိတ်ထားသည့်အတွက် မျောက်ငိုသီးတစ်တောင့်လျှင် ငွေကျပ် ၁၅၀ နှုန်းသာ ရောင်းချနေရသည်။

"နယ်စပ်ဂိတ်ပိတ်ထားတဲ့အတွက် အရောင်းဝယ်မဖြစ်ဘူး။ ပြီးခဲ့တဲ့နှစ်ကလည်း မျောက်ငိုသီးသည်တွေ တော်တော်ရှုံးကြတယ်။ ဒီနှစ် မျောက်ငိုသီးစိုက်ထားတဲ့ ခြံပိုင်ရှင်တွေအနေနဲ့ အရောင်းဝယ်မရှိဘူးပေါ့။ တမူးမှာပဲ လက်လီဈေးကွက်မှာ တစ်တောင့် ငွေကျပ် ၁၅၀ နှုန်းနဲ့ ရောင်းချနေရတာ" ဟု တမူးမြို့တွင် မျောက်ငိုသီး ရောင်းဝယ်ရေးလုပ်ကိုင်သူ ကိုအောင်မျိုးဦးက ပြောကြားသည်။

မျောက်ငိုသီးသည် နှစ်စဉ် ဇန်နဝါရီလမှ မတ်လအထိ ထွက်ရှိခြင်းဖြစ်ပြီး တမူးဒေသအပြင် ကလေး၊ မော်လိုက်၊ ဖောင်းပြင်၊ ဟုမ္မလင်း၊ ချင်းတောင် စသည့်ဒေသများမှ တစ်ဆင့် ကားများ၊ ဆိုင်ကယ်များဖြင့် သယ်ယူကာ တမူးမြို့ နန်းဖာလုံဈေးတွင် နှစ်စဉ်လာရောက်ရောင်းဝယ်မှုပြုကြကြောင်း၊ မျောက်ငိုသီးကို ပြည်တွင်း၌ လူကြိုက်နည်းပြီး အိန္ဒိယနိုင်ငံမှ ကသည်းလူမျိုးများက အများဆုံး ဝယ်ယူခြင်းဖြစ်ကြောင်း သိရသည်။



**လူလေး**

## ကျောက်ဆည်မြို့၌ မြေအောက်ရေဖြင့် စိုက်ပျိုးသော နဂါးမောက်ပင်များ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဖေဖော်ဝါရီ ၁၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် သင်တောင်းကျေးရွာ၌ မြေအောက်ရေဖြင့် စိုက်ပျိုးထားသော နဂါးမောက်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

နဂါးမောက်ပင်စိုက်ပျိုးမည်ဆိုပါက တစ်ပင်နှင့်တစ်ပင် ၆ ပေ၊ တစ်တန်းနှင့်တစ်တန်း ၇ ပေအကွာ၊ ၂ ပေ အကျယ်၊ ၂ ပေအနက် မြေကျင်းများတူးပြီး သဘာဝမြေဆွေးများထည့်ထားပေးရကာ အစိုဓာတ်ရရှိအောင် ရေဖျန်းပေးရကြောင်း၊ မြေအနေအထားစိတ်ကြိုက်ရပြီဆိုပါက အပင်များစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးပြီးသုံးလအကြာတွင် အပင်ခြေများ၌ အာမိုမြေသြဇာနှင့် တီစူပါမြေသြဇာများကို လက်တစ်ဆုပ်ခန့်ဖြူးပေးရကြောင်း၊ နဂါးမောက်ပင်သည် ရေကြိုက်သဖြင့် မြေအစိုဓာတ်မပြတ်စေရန် ရေသွင်းပေးရပြီး ရာသီဥတုအလိုက် အကိုင်းအခက်များကိုပါ ဖျန်းပေးမှ အပင်ဖြစ်ထွန်းမှု ပိုမိုကောင်းမွန်ကြောင်း တောင်သူဦးစံမြင့်က ပြောကြားသည်။

နဂါးမောက်ပင်ဖြစ်ထွန်းမှုကောင်းပါက အပင်သက်တမ်းတစ်နှစ်အရွယ်တွင် ခူးဆွတ် ရောင်းချရကြောင်း၊ ခူးဆွတ်ရောင်းချချိန် ငါးလခန့်အထိကြာမြင့်ပြီး ရောင်းဈေးအနေဖြင့် ဂျပ်ဖာတစ်ဖာလျှင် ငွေကျပ်၁၂၀၀၀ မှ ၁၅၀၀၀ အထိ ဈေးအမျိုးမျိုး ရောင်းချရကြောင်း၊ ဂျပ်ဖာတစ်ဖာတွင် နဂါးမောက်သီး အလုံးကြီးပါက ၂၈လုံး၊ အလုံးသေးပါက ၃၂လုံး ဝင်ဆံ့ကြောင်း သိရပြီး အပင်အပြုအစုကောင်းပါက အပင်သက်တမ်း ၁၇ နှစ်အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

**သက်မောင်**
**(ကျောက်ဆည်)**

## ရေနံချောင်းမြို့နယ်၌ မြေပဲနှင့် နေကြာများ အောင်မြင်ဖြစ်ထွန်း


**ရေနံချောင်း ဖေဖော်ဝါရီ ၁၉**

ဧရာဝတီမြစ် မြေနုကိုင်းမြေများတွင်စိုက်ပျိုးသည့် မြေပဲနှင့် နေကြာများ လက်ရှိအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် မြေပဲနှင့် နေကြာစိုက်တောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ ဧရာဝတီမြစ်ရေကျချိန် သီတင်းကျွတ်၊ တန်ဆောင်မုန်းလမှာ မြေပဲနဲ့ နေကြာစိုက်ပါတယ်။ မြေပဲဧက ၂၀၀ ဝန်းကျင်ရှိပြီး နေကြာဧက ၅၀ ဝန်းကျင်ရှိမယ်။ လက်ရှိကာလမှာတော့ အပွင့်ပွင့်နေပြီး အောင်မြင်ဖြစ်ထွန်းနေပါတယ်၊ အထွက်ကတော့ မြေအနေအထားနဲ့ ရာသီဥတုအနေအထားပေါ်မူတည်ပြီး တစ်ဧက တင်း ၂၀ ဝန်းကျင်ထွက်လေ့ရှိတယ်။ အခုနှစ်တော့ မသိသေးဘူး။ မြေပဲကတော့ ဧက ၂၀၀ ဝန်းကျင်စိုက်ပျိုးပြီး အထွက်နှုန်းက ပုံမှန်အားဖြင့် တင်း ၆၀ ထွက်လေ့ရှိပေမယ့် မြစ်ရေဝင်ရောက်မှုနဲ့ ရာသီဥတုပေါ်မူတည်ပြီး အနိမ့်ဆုံး တင်း ၄၀ နီးပါးထွက်ပါတယ်" ဟု မာန်မြေကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က ပြောကြားသည်။

ဆောင်းရာသီသီးနှံအဖြစ် ဧရာဝတီမြစ်အတွင်းရှိ မြေနုများ၊ ကိုင်းမြေများတွင် နေကြာကို အဓိကထားစိုက်ပျိုးပြီး ယခုနှစ်ဦးတွင် စိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံအဖြစ် ယခုနှစ်တွင် မြေပဲနှင့် နေကြာကို အဓိကစိုက်ပျိုးကြကြောင်း၊ အသစ်ပေါ်ချိန် ဈေးကောင်းရရန် လိုအပ်ကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

**ဆန်းညွန့် (ရေနံချောင်း)**






ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့ မိုင်းလွေရေတံခွန်ကြီးအား အပန်းဖြေနေရာတစ်ခုဖြစ်လာရန် မျှော်လင့်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် နယ်စပ်ဒေသ မိုင်းယုမြို့သည် ရွှေဂဏန်း(ခ) ထပ်ပူခမ်းစေတီတော်နှင့် နယ်စပ်ဒေသသွင်းကုန်ပို့ကုန်များတင်ပို့ရာတွင် အဓိက ကျသည့် မိုင်းယု-ကျိုန်းယဲန်းတံတားနှင့် ထင်ရှားသည့် နမ့်လွေချောင်းတို့ကို ယခင်က မိုင်းယုမြို့ခံပြည်သူနှင့် အနယ်နယ်အရပ်ရပ်မှ ဧည့်သည်များက သိနေကြသော်လည်း ယခု ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း တစ်မူထူးခြား အသစ်ထပ်မံ လူသိလာကြသည့် မိုင်းယုမြို့မိုင်းလွေ ကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၏ အနောက်ဘက်မှ တစ်ဆင့် တောအနက် ငါးမိုင်ခန့်အကွာတွင်တည်ရှိပြီး သဘာဝအလှတရားများနှင့် ကျောက်ကမ်းပါးယံများ ကြားတွင် စိတ်ခြောက်ခြားစရာအသံတို့နှင့်အတူ ကောင်းကင်ယံမှ တစ်ဟုန်ထိုးထိုးဆင်းနေသည့်အလား လူသိနည်းပါး နေသေးသည့် မိုင်းလွေရေတံခွန်ကြီး ဖြစ်ပေသည်။



စာရေးသူ၏အတွေ့အကြုံကိုပြောပြရလျှင် နယ်စပ်ဒေသ မိုင်းယုမြို့တွင်နေထိုင်သည်မှာ ၁၉ နှစ်တာကျော်လာခဲ့သော်လည်း အဆိုပါမိုင်းယုဒေသ၏ အထင်ကရနေရာများ ဖြစ်သည့် ရွှေဂဏန်း(ခ)ထပ်ပူခမ်းစေတီတော်၊ မိုင်းယုကျိုန်းယဲန်းတံတားနှင့် နမ့်လွေချောင်းတို့ကိုသာ သိခဲ့ရပြီး ယင်းမိုင်းလွေရေတံခွန်ကို ကြားသိနေသော်လည်း မည်သည့်အရပ်တွင် ရှိနေသည်၊ မည်သည့်ပုံစံရှိသည်၊ မည်မျှသွားရမည်၊ ရေတံခွန်ကြီးသည် မည်မျှမြင့်မားပြီး ကြီးမားသလား၊ သေးငယ်သလား စသည့်အတွေးများဝင်ကာ သွားရောက်စူးစမ်းလေ့လာချင်ခဲ့မိသော်လည်း အခြေအနေအကြောင်းအမျိုးမျိုးကြောင့် မသွားနိုင်ခဲ့ပေ။

ယခုအခါ ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း မိုင်းယုဒေသခံ ပြည်သူအချို့ အပြောများလာပြီး သွားရောက်လည်ပတ်သူများ တစ်စတစ်စ အနည်းငယ်ရှိလာ၍ အဆိုပါရေတံခွန် မည်သည့်ပုံစံရှိနေပြီး သမိုင်းရာဇဝင်ရှိခဲ့လျှင်လည်း သိရှိရန် မေးမြန်းမည်ဟု အတွေးများနှင့် ရေတံခွန်ကြီးရှိရာသို့ ခရီးနှင်ခဲ့သည်။

အဆိုပါရေတံခွန်ကြီးဆီသို့သွားရန် မိုင်းလွေကျေးရွာသို့ အဖွဲ့လိုက် စတင်ရောက်ခဲ့ချိန်တွင် ယင်းကျေးရွာရှိ ကျောင်းဆရာတစ်ဦးအိမ်တွင် အဖွဲ့များပြန်စုပြီး ဆက်လက် ထွက်ခွာမည်အပြုမှာတော့ ရေတံခွန်ကြီးသို့သွားမည့် လမ်းကို အဖွဲ့ထဲမှ မည်သူ တစ်ဦးတစ်ယောက်မျှ မသိကြပေ။ သို့နှင့် ကျောင်းဆရာ၏ဇနီးက ရေတံခွန်သို့သွားရာလမ်းအစကို လိုက်ပြပေး၍ စာရေးသူတို့အဖွဲ့မှာ ရေတံခွန်ကြီးရှိရာလမ်းကို ဆိုင်ကယ်များနှင့် ထွက်လာခဲ့သည်။ မိုင်းလွေကျေးရွာ၏အနောက်ဘက်ဘေး မြေသားလမ်းမအတိုင်း စတင်ထွက်ခွာလာခဲ့ရာ မိနစ် ၂၀ ခန့်တွင် ဆိုင်ကယ်များ သွားလာ၍မရတော့သဖြင့် အဖွဲ့သားအားလုံး ဆင်းကာ မိမိတို့ဆိုင်ကယ်များကို ဇက်သော့ခတ်ပြီး ခြေလျင်ခရီး စတင်ပါတော့သည်။

ခြေလျင်ခရီးတွင် သူသူငါငါ ထမင်းထုပ်၊ အဝတ်အထည် အပိုများကိုင်ဆွဲလျက်၊ မိသားစုကလေးများပိုးလျက် ကျဉ်းမြောင်းသည့် မြေမာတစ်လှည့်၊ ရွှံ့မြေတစ်လှည့်၊ ကျောက်တုံးကျောက်ခဲများတစ်လှည့်ဖြစ်နေပြီး ဓားဖြင့် အနည်းငယ်သာရှင်းထားသည့် ချောင်းရိုးလမ်းကလေး အတိုင်း ကလေးငယ်များ သူချီတစ်လှည့်၊ ကိုယ်ချီတစ်လှည့် နှင့် အတူနားရင်း ဆက်လျှောက်လာခဲ့ကြရာ အချိန်တစ်နာရီ ခွဲခန့်အကြာ (လမ်းတစ်ဝက်) တွင်အဖွဲ့သားများအားလုံး လည်း ဗိုက်ဆာလာ၍ ပါလာကြသည့် ထမင်းထုပ်နှင့် သောက်ရေဘူးများကို မိုင်းလွေရေတံခွန်မှ စီးဆင်းလာသည့် ချောင်းအလယ်ကျောက်တုံးများပေါ်တွင် ခင်းကျင်း စားသောက်ကြသည်။

စားသောက်ပြီး အချို့သူများမှာ ရေတံခွန်အရောက် ဆက်မလျှောက်နိုင်ကြောင်းနှင့် လမ်းတစ်ဝက်ခန့်တွင် တည်ရှိနေသည့် ရေတံခွန်ငယ်လေးများတွင်သာ အပန်းဖြေရေကစားပြန်ကြမည်ဟု ဆိုခဲ့သော်လည်း စာရေးသူတို့က ရေတံခွန်ကြီးကို မှတ်တမ်းရယူလိုသည့်စိတ်၊ လူအများအပန်းဖြေသွားရောက်လည်ပတ်နိုင်သည့် မိုင်းယုမြို့၏ အထင်ကရနေသစ်တစ်ခု ထပ်မံပေါ်ပေါက်လာစေရန် အတွက် စသည့်အတွေးများဖြင့် အဖွဲ့များကိုနားနေခိုင်းကာ စာရေးသူနှင့်အဖွဲ့ပါ နောက်တစ်ဦးနှင့်အတူ ရေတံခွန်ကြီး ရှိရာသို့ ရှေ့ပြေးအဖြစ် ချောင်းရိုးအတိုင်းဆက်သွား၍ ရှာဖွေခဲ့ရာ နာရီဝက်ခန့်အကြာတွင် မြင့်မားပြီး အရှိန်ဖြင့် တစ်ဟုန်ထိုးထိုးဆင်းနေသည့် ကျောက်ဆောင်များအကြားမှ မိုင်းလွေရေတံခွန်ကို တွေ့ရသည်။

စာရေးသူမှာ ရောက်ချင်ခဲ့သည့် မိုင်းလွေရေတံခွန်ကြီး ကိုတွေ့ကာ အမောအပန်းများပြေပျောက်လျက် လမ်းတစ်ဝက်ကျော်တွင် ကျန်ခဲ့ကြသည့်အဖွဲ့သားများကို ပြန်လှည့်ခေါ်ကာ အဖွဲ့အစုံလိုက် ကျောက်ဆောင်ကျောက်တုံးနှင့် တောင်စောင်းဘေးတို့မှ ခက်ခဲစွာသွားလျက် ပင်မရေတံခွန်ကြီးရှိရာသို့ ရောက်ရှိသည်။

ယင်းရေတံခွန်ကြီးရှိရာသို့သွားလျှင် မိုင်းလွေကျေးရွာမှ စတင်ထွက်ခွာမည်ဆိုပါက လူသူသွားလာမှုနည်းပါးသေး သည့်အတွက် လမ်းခရီးမှာ ကျောက်တုံးကျောက်ခဲများ၊ တောင်ကမ်းပါးယံလမ်းဘေးများနှင့် လမ်းဟုထင်ရလောက် သည့်အနည်းငယ်သာရှင်းထားသည့် တောလမ်းများအတိုင်း သွားရပြီး စာရေးသူတို့အဖွဲ့မှာ မိသားစုများပါနေ၍ သွားလာမှုကြာမြင့်ချိန်သည် နှစ်နာရီခွဲခန့်အထိ သွားရမည် ဖြစ်ပြီး ရေတံခွန်ကြီးမှာ စိတ်ခြောက်ခြားစရာအသံတို့နှင့် အတူ အေးမြကြည်လင်ပြီး လေအေးအေးလေးတိုက်ခတ် ခြင်းနှင့်အတူ ရေမှုန်များထွက်ကာ တစ်ဟုန်ထိုးထိုးဆင်း နေသည့် မိုင်းလွေရေတံခွန်ကြီးကို လက်ဝဲဘက်အခြမ်းတွင် ရုတ်တရက် တွေ့မြင်ရသည်။

ပင်မရေတံခွန်ကြီးသည် ကျောက်ဆောင်များပတ်လည် ဝန်းရံထားပြီး ခန့်မှန်းအမြင့်မှာ ပေ ၁၅၀ ခန့်ရှိသည်။ ရေတံခွန်ကြီး၏ မူလရေထွက်ရာ ရေစို့ဝသည် မည်မျှခန့် ထပ်ဝေးမည်ကို မခန့်မှန်းတတ်ပေ။ ကျောက်ဆောင်ကျောက် ကမ်းပါးများဖြစ်နေ၍ စာရေးသူမှာ ရေစို့ဝအထိ မလေ့လာ နိုင်ခဲ့ဘဲ ပင်မရေကျရာရေတံခွန်ကြီးထိသာ ရောက်ခဲ့ရ သည်။ ရေတံခွန်ကြီး၏ ဘေးပတ်ဝန်းကျင်နှင့် ပထဝီအနေ အထားကို စူးစမ်းလေ့လာချင်သေးသော်လည်း နယ်မြေ အခြေအနေအရ နယ်စပ်ဒေသဖြစ်နေ၍ လျှောက်သွား ကြည့်၍ မဖြစ်နိုင်ပေ။

ရေတံခွန်ကြီးမှာ နှစ်ပေါင်းမည်မျှကပင်တည်ရှိနေသည် ကို မသိရသေးသော်လည်း ရေတံခွန်သွားရာလမ်းတို့မှ သစ်ပင်ကြီးများ၊ ကျောက်ဆောင်ကျောက်ခဲများ ပေါ်များလှ၍ သွားလာမှုအလွန်ခက်ခဲလှပေသည်။ အဆိုပါရေတံခွန်ကြီး ကို နယ်စပ်ဒေသ မိုင်းယုမြို့လေး၏ ခရီးသွားပြည်သူများ၊ နိုင်ငံခြားဧည့်သည်တော်များ၊ ရပ်ဝေးရပ်နီးနှင့် ဒေသခံများက စိတ်ထွက်ပေါက်တစ်ခုအနေဖြင့် အထင်ကရအပန်းဖြေနေရာ တစ်ခုဖြစ်လာစေရန်နှင့် အဆိုပါရေတံခွန်ကြီးနှင့် သွားရာ လမ်းများ၊ ပတ်ဝန်းကျင်အခြေအနေများကို သဘာဝအလှ တရားမပျက် ပြုပြင်တည်ဆောက်၍ ထိန်းသိမ်းမည်ဆိုပါက ကိုဗစ်-၁၉ ရောဂါ ပပျောက်သွားချိန်တွင် မိုင်းယုမြို့မှာ သေးငယ်သော်လည်း သဘာဝအလှတရားနှင့် ပြည့်စုံနေ သည့် ရေတံခွန်ကြီးအလှကြောင့် ထင်ရှားသည့် မြို့တစ်မြို့ဖြစ်လာလိမ့်မည်ဟု စာရေးသူ တွေးမိလေ သည်။

မိုင်းလွေရေတံခွန်သည် ရှေးမည်သည့်အချိန်ကပင် တည်ရှိနေသည်မသိရသေးသော်လည်း လူအများကြားသိ နေရုံမှလွဲ၍ သွားလာလည်ပတ်မှုနည်းပါးခဲ့ပြီး ယခုအခါ ဒေသခံအချို့က ပို၍အပြောများလာကြပြီး ကိုဗစ်ရောဂါ အခြေအနေများကြောင့် သွားလာမှု တစ်ဦးစနှစ်ဦးစရှိလာ သော်လည်း ပင်မရေတံခွန်ရှိရာသို့ မသွားလာနိုင်ခဲ့ ကြပေ။

ယင်းမိုင်းလွေရေတံခွန်ကြီး၏ ပထဝီအနေအထား၊ သမိုင်းရာဇဝင်၊ အတိုင်းအတာများကို စာရေးသူမသိ ရသေးသဖြင့် နောက်ထပ်တစ်ကြိမ်သွားနိုင်ခဲ့လျှင် ပြည့်စုံစွာ ရေးသားတင်ပြပေးသွားပါမည်။ အဆိုပါ ရေတံခွန်ကြီးအကြောင်း စာရေးသူ ပထမဆုံးအကြိမ်သွား ရောက်မှတ်တမ်းယူခဲ့ရသည့် အတွေ့အကြုံနှင့် ရေတံခွန် ကြီးသွားရာလမ်းများ၊ ပတ်ဝန်းကျင်အခြေအနေများကို သဘာဝအလှတရားမပျက် ပြုပြင်တည်ဆောက်၍ ထိန်းသိမ်းသွားနိုင်ရန် မျှော်လင့်ချက်ဖြင့် သွားရောက်ကာ မှတ်တမ်းများ ရယူရေးသားရခြင်းဖြစ်ပြီး ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ပျောက်ကွယ်သွားချိန်တွင် တာဝန်ရှိသူများမှ ထိန်းသိမ်းစောင့်ရှောက်ကာ ခရီးသွား ပြည်သူနှင့် ရပ်နီးရပ်ဝေးမှ ပြည်သူတို့၏ စိတ်အပန်းဖြေစရာ နေရာကောင်းတစ်ခု ဖြစ်လာမည်ဖြစ်ပြီး အဆိုပါ သဘာဝအလှတရားနှင့် ပြည့်စုံနေသည့် ရေတံခွန်ကြီး အလှကြောင့် ထင်ရှားသည့်မြို့လေးတစ်မြို့ ဖြစ်လာလိမ့်မည်ဟု စာရေးသူ၏အတွေးအမြင်အား မှတ်တမ်းတင် ရေးသားလိုက်ရပါသည်။

**ကိုကိုနိုင်**
**(မိုင်းယု)**

# အညာဒေသ၌ ပန်းပဲလုပ်ငန်းဖြင့် မိသားစုဝင်ငွေရ



**ရေနံချောင်း ဖေဖော်ဝါရီ ၁၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ မိရိုးဖလာ အိမ်တွင်းမှုလုပ်ငန်းဖြစ်သည့် ပန်းပဲလုပ်ငန်းဖြင့် မိသားစုဝင်ငွေရနေကြောင်း အဆိုပါလုပ်ငန်း လုပ်ကိုင်သူများထံမှ သိရသည်။

"လယ်ယာသုံးပစ္စည်း တံစဉ်လုပ်ကိုင်ပါတယ်။ လယ်ယာသုံးတံစဉ်ကို ထုတ်လုပ်ရာမှာ သံထည် အနေအထားပေါ်မူတည်ပြီး သံတစ်ပိဿာကို တံစဉ်အချောင်း ၂၀ ရရှိပါတယ်။ တံစဉ်တစ်ခုကို ကျပ် ၅၀၀ ရောင်းရပြီး တစ်ရက်ကို တံစဉ်အခုရေ ၂၀ ကနေ ၃၀ ဝန်းကျင်ခန့် ထုတ်လုပ်နိုင်လို့ မိသားစုဝင်ငွေရှိပါတယ်" ဟု ရေနံချောင်းမြို့နယ်မှ လက်ရှိ ပန်းပဲလုပ်ကိုင်သူ အမျိုးသားတစ်ဦးထံမှ သိရသည်။

အညာဒေသ၌ တောင်သူများသည် တံစဉ်ကို ကောက်ပဲသီးနှံရိတ်သိမ်းရာတွင်လည်းကောင်း၊ နွားစာ အတွက် မြက်ရိတ်ရာတွင်လည်းကောင်း မရှိမဖြစ် အသုံးပြုရသည့်အပြင် လက်လုပ်လက်စား လယ်ယာ လုပ်ငန်းခွင် နေ့စားအလုပ်သမားများ၏ နေအိမ် တစ်အိမ်လျှင် တံစဉ်အနည်းဆုံး သုံးချောင်းရှိကြောင်း၊ မရှိမဖြစ်လိုအပ်ကြောင်း တောင်သူကိုထွန်းဦးက ပြောကြားသည်။

ရေနံချောင်းမြို့နယ်တွင် ပန်းပဲလုပ်ငန်းဖြင့် လယ်ယာသုံးပစ္စည်း ဓား၊ တံစဉ်နှင့် မြင်းခွာ၊ မြင်းခွာ ရိုက်သံများကို ရှေးယခင်ကတည်းက လုပ်ကိုင်ခဲ့ကြ ကြောင်း သိရသည်။

**ရွှေမန်ကျည်း**

# ဒလမြို့နယ် ကျေးလက် ၉၀ ရာခိုင်နှုန်း လျှပ်စစ်မီးရရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာပေါင်း ၅၄ ရွာရှိသည့်အနက် လက်ရှိအချိန်တွင် ကျေးလက်ဒေသများအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ လျှပ်စစ်မီးရရှိနေပြီး ကျေးရွာခြောက်ရွာသာ မီတာတပ်ဆင်ရန် ကျန်ရှိတော့ကြောင်း၊ မကြာမီ ကျေးရွာများအားလုံး လျှပ်စစ်မီးရရှိတော့မည် ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သိရသည်။

ဒလမြို့နယ်၌ မြို့ရုံခွဲရုံ ၃၃/၆ ဒသမ ၆ ကေဗွီ၊ ၁၅+၅အမ်ဗွီအေခွဲရုံနှင့် ပျော်ဘွယ်ကြီးကျေးရွာ၌ ၃၃/၁၁ ကေဗွီ၊ ၅အမ်ဗွီအေဓာတ်အားခွဲရုံနှစ်ရုံဖြင့် ဒလမြို့ပေါ်ရပ်ကွက် ၂၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၃ အုပ်စု၊ ကျေးရွာစုစုပေါင်း ၅၄ ရွာတို့အား လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးထားကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း ကျေးလက်ဒေသများရှိပြည်သူများသည် ယခင်ကလမ်းပန်းဆက်သွယ်ရေးခက်ခဲမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုများနောက်ကျခဲ့ပြီးလျှပ်စစ်ဓာတ်အားမသုံးစွဲနိုင်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ အမျိုးသားလျှပ်စစ် ဓာတ်အားရရှိရေးစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ လျှပ်စစ်ဓာတ်အားရရှိရေးကို အဓိကထားဆောင်ရွက်ခြင်းကြောင့် ကျေးရွာများ၌ လျှပ်စစ်ဓာတ်အားများ ပိုမိုသုံးစွဲလာနိုင်ပြီဖြစ်ကာ ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာဖို့ စီစဉ်နေတဲ့ Girls' Generation



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ Girls' Generation ဟာ မကြာမီမှာ တေးသီချင်းသစ်နဲ့အတူ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာဖို့ရာ စီစဉ်နေပြီဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ အမျိုးသမီးတေးဂီတအဖွဲ့အနေနဲ့ တေးသီချင်းသစ်တွေ ထုတ်လုပ်သွားမှာဖြစ်ကြောင်း သတင်းတွေ ပေါ်ထွက်လျက်ရှိရာ ဖေဖော်ဝါရီ ၁၉ ရက်မှာ အဖွဲ့ရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်က သတင်းတွေမှန်ကန်ကြောင်း အတည်ပြုပြောကြားခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

အက်စ်အမ်မှ တာဝန်ရှိသူတစ်ဦးက Girls' Generation အနေနဲ့ တေးသီချင်းသစ်နဲ့အတူ ယခုနှစ်အတွင်း ပရိသတ်ရှေ့ ပြန်လည်ပေါ်ထွက်နိုင်ဖို့ရာ လတ်တလောမှာ အစီအစဉ်တွေလုပ်ဆောင်နေကြောင်းနဲ့ လက်ရှိမှာတော့ ဆွေးနွေးနေတဲ့အဆင့်မှာသာ ရှိသေးကြောင်း ပြောကြားခဲ့တာပါ။

Girls' Generation အဖွဲ့ဝင်တွေဟာ လက်ရှိမှာ မတူညီတဲ့ အေဂျင်စီတွေအောက်မှာ အနုပညာလှုပ်ရှားမှုတွေ သီးခြားစီလုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒါပေမယ့် အဖွဲ့ရဲ့ ပရိသတ်တွေအတွက် အဖွဲ့လိုက်တေးအယ်လ်ဘမ် ထုတ်လုပ်ဖို့ရာ အစီအစဉ်ရှိနေပြီး အဖွဲ့ဝင်တွေရဲ့ အနုပညာလှုပ်ရှားမှုအချိန်ဇယားတွေကို လက်ရှိမှာတော့ ဆွေးနွေးညှိနှိုင်းနေတာပါ။

Girls' Generation အနေနဲ့ ယခုနှစ် မေလ ဒါမှမဟုတ် ဇွန်လအတွင်း ပရိသတ်ရှေ့အရောက် တေးသီချင်းသစ်တွေကို ပို့ဆောင်လိုတာဖြစ်ပြီး လက်ရှိအချိန်အထိတော့ ဆွေးနွေးနေဆဲသာဖြစ်တာကြောင့် အတည်ပြုနိုင်ခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

Girls' Generation ဟာ အဖွဲ့လိုက်အနေနဲ့ Holiday Night တေးအယ်လ်ဘမ်ကို ၂၀၁၇ ခုနှစ်အတွင်း နောက်ဆုံးထုတ်လွှင့်ခဲ့တာပါ။

အက်စ်အမ်အင်တာတိန်းမန့် လက်အောက်မှာ ဆက်လက်လှုပ်ရှားနေတဲ့ အဖွဲ့ဝင်ငါးဦး စုပေါင်းထုတ်လုပ်ထားတဲ့ တေးသီချင်း "Lil' Touch" ကို ၂၀၁၈ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ကြောင်းလည်း သိရပါတယ်။

# ဖျော်ဖြေရေးစင်မြင့်ပေါ်ပြန်လည်ရောက်ရှိလာတဲ့ ဆယ်လီနာဂိုးမက်ဇ်



ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ဆယ်လီနာဂိုးမက်ဇ်ဟာ စင်မြင့်ထက်မှာ တေးသီချင်းဖျော်ဖြေခြင်းမရှိခဲ့တာ တစ်နှစ်ခန့်ကြာခဲ့ပြီးနောက် လတ်တလောမှာတော့ စပိန်တေးဂီတဆုပေးပွဲတစ်ခုမှာ တက်ရောက်ဖျော်ဖြေခဲ့ကြောင်း အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် ၂၈ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဆယ်လီနာဂိုးမက်ဇ်ဟာ သူ့ရဲ့ တေးသီချင်းသစ် Baila Conmigo ကို တေးသံရှင် ရိုအလီဟန်ဒရိုနဲ့ တွဲဖက်ကာ ဖေဖော်ဝါရီ ၁၈ ရက်က ပြုလုပ်ခဲ့တဲ့ ယခုနှစ်အတွက် Premio Lo Nuestro ဆုပေးပွဲမှာ ပါဝင်ဖျော်ဖြေခဲ့တာပါ။ အဆိုပါ အခမ်းအနားဟာ ၃၃ ကြိမ်မြောက်ပြုလုပ်တဲ့ ဆုပေးပွဲဖြစ်ပြီး အခြားသောနာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဒက်တီယန်ကီ၊ မက်ခ်အန်တိုနီ၊ မာလူမာနဲ့ နက်တီနာတာရှာတို့လည်း ပါဝင်ဖျော်ဖြေခဲ့ကြပါတယ်။ အဆိုပါ ဆုပေးပွဲဟာ စပိန်ဘာသာနဲ့ ထုတ်လွှင့်ခဲ့တဲ့ တေးဂီတတွေကို ဂုဏ်ပြုဆုပေးအပ်တာဖြစ်ပြီး မိုင်ယာမီမှာရှိတဲ့ အမေရိကန်လေကြောင်းများအရီနာမှာ ပြုလုပ်ခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။

ဆယ်လီနာဂိုးမက်ဇ်ဟာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအတွင်းက စတူဒီယိုတစ်ခုကနေတစ်ဆင့် ဖျော်ဖြေခဲ့ပါတယ်။ ဖျော်ဖြေရေးစင်မြင့်ထက်မှာ ၂၀၁၉ ခုနှစ် အမေရိကန်တေးဂီတဆုပေးပွဲမှာ ဖျော်ဖြေမှုအပြီး ထပ်မံဖျော်ဖြေခဲ့ခြင်းမရှိဘဲ လတ်တလောမှာမှ ပြန်လည်ဖျော်ဖြေတင်ဆက်ဖြစ်တာပါ။

# ယခုနှစ်အတွင်း တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်ဖွယ်ရှိနေတဲ့ အက်ဒ်ရှီးရန်

ကျော်ကြားတဲ့ ဗြိတိန်တေးသံရှင်တစ်ဦးဖြစ်တဲ့ အက်ဒ်ရှီးရန်က လတ်တလောမှာ အသက် ၃၀ ပြည့်ခဲ့ပြီဖြစ်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်က သူ့ရဲ့မွေးနေ့မှာ အင်စတာဂရမ်စာမျက်နှာပေါ်ကနေတစ်ဆင့် ၂၀၂၁ ခုနှစ်အတွင်း လုပ်ဆောင်သွားမယ့်အစီအစဉ်တွေကို ထုတ်ဖော်ပြောကြားခဲ့ပြီး ဒီထဲမှာ တေးအယ်လ်ဘမ်သစ် ထုတ်လွှင့်မယ့်အကြောင်းလည်း ပါဝင်နေတာကို တွေ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အက်ဒ်ရှီးရန်က သူ့အနေနဲ့ စတုတ္ထမြောက်တေးအယ်လ်ဘမ်ကို ယခုနှစ်အတွင်း ထုတ်လွှင့်ဖို့ရာအစီအစဉ်တွေရှိကြောင်း ပရိသတ်တွေကို ပြောကြားခဲ့ပါတယ်။ အက်ဒ်ရှီးရန်ရဲ့ တေးအယ်လ်ဘမ်သစ်ဟာ ယခင်ထွက်ရှိခဲ့ပြီးဖြစ်တဲ့ သူ့ရဲ့တေးအယ်လ်ဘမ်သုံးခုရဲ့ နောက်ဆက်တွဲဖြစ်နိုင်ပါတယ်။ ပေါ့ပ်ကြယ်ပွင့်ရဲ့ ထွက်ရှိခဲ့ပြီးဖြစ်တဲ့ တေးအယ်လ်ဘမ် သုံးခုစလုံးရဲ့အမည်တွေကို သင်္ချာအသုံးတွေဖြစ်တဲ့ Plus၊ Multiply နဲ့ Divide လို့ ပေးထားကြောင်းလည်း သိရပါတယ်။

အက်ဒ်ရှီးရန်ဟာ ဖေဖော်ဝါရီ ၁၇ ရက်မှာ အသက် ၃၀ ပြည့်ခဲ့တာပါ။ သူ့ရဲ့ မွေးနေ့မှာ ပေါ့ပ်ကြယ်ပွင့်က ငယ်ဘဝက ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံနဲ့အတူ ပရိသတ်တွေကို တေးအယ်လ်ဘမ်နဲ့ပတ်သက်တဲ့ သတင်းစကားပါးခဲ့တာ ဖြစ်ပါတယ်။ အက်ဒ်ရှီးရန်က သူ့ရဲ့ မွေးနေ့ကို ဆုတောင်းပေးကြတဲ့သူတွေကို ကျေးဇူးတင်ကြောင်းနဲ့ ယခုနှစ်နှောင်းပိုင်းမှာ သူ့ရဲ့စတုတ္ထမြောက် တေးအယ်လ်ဘမ်ကို အွန်လိုင်းပေါ်ကနေတစ်ဆင့် ထုတ်လွှင့်မှုနဲ့အတူ ပရိသတ်တွေနဲ့ ပြန်လည်တွေ့ဆုံမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

**အေးပြည့်**
**စုစည်းသည်။**

# ပထမဆုံးရင်သွေးလေးနဲ့အတူ တွေ့ခဲ့ရတဲ့ ကစ်ဟာရင်တန်နဲ့ ရို့စ်လက်စ်လီ



ဟောလိဝုဒ်ရဲ့ ကျော်ကြားတဲ့ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ မင်းသား ကစ်ဟာရင်တန်နဲ့ မင်းသမီး ရို့စ်လက်စ်လီတို့ဟာ လတ်တလောမှာ ပထမဆုံးရင်သွေးလေးကို ရရှိခဲ့ပြီဖြစ်ပါတယ်။ The Games of Thrones ဇာတ်လမ်းတွဲ ရုပ်ရှင်တွေနဲ့ ကျော်ကြားလာတဲ့ သူတို့နှစ်ဦးဟာ လက်ရှိမှာ လန်ဒန်မှာ သူတို့နှစ်ဦးရဲ့ ရင်သွေးလေးနဲ့အတူရှိနေတာကို တွေ့ခဲ့ရကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လက်ရှိမှာ အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကစ်ဟာရင်တန်နဲ့ ရို့စ်လက်စ်လီတို့ဟာ ဇာတ်လမ်းတွဲရိုက်ရင်း ချစ်သူတွေဖြစ်ခဲ့ကြကာ နောက်ပိုင်းမှာ လက်ထပ်ခဲ့ကြတာပါ။ လက်ရှိမှာတော့ ရင်သွေးရရှိကာ မိသားစုဘဝပိုင်ဆိုင်ချိန်မှာ ပျော်ရွှင်မိကြောင်းနဲ့ သူတို့နှစ်ဦးရဲ့ ပထမဆုံးရင်သွေးလေးမှာ သားလေးဖြစ်ကြောင်း ကစ်ဟာရင်တန်က ထုတ်ဖော်ပြောကြားခဲ့တယ်လို့လည်း သိရပါတယ်။

ရို့စ်လက်စ်လီက ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော်ပြောကြားခဲ့တာပါ။ သူဟာ ကိုယ်ဝန်လွယ်ထားချိန်မှာ Make မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံကို ရိုက်ကူးပေးခဲ့ကြောင်းလည်း သိရပါတယ်။

# ဖက်ရှင်လောကအတွင်း ဝင်ရောက်လာတဲ့ ဂျန်းနီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင် တစ်ဦးဖြစ်သူ ဂျန်းနီဟာ လတ်တလောမှာတော့ ဖက်ရှင် အယ်ဒီတာ တစ်ဦး အဖြစ် ဖက်ရှင်ပိုင်းဆိုင်ရာ နယ်ပယ်မှာ ပါဝင် လုပ်ဆောင်လာတာကို တွေ့ရကြောင်း အောကေပေ့ါပ် ဒေ့ါကွန်းရဲ့ ရေးသား ဖော်ပြချက်တွေအရ သိရပါတယ်။

ဒါဟာ ဂျန်းနီအတွက် ဖက်ရှင်ပိုင်းဆိုင်ရာ နယ်ပယ်မှာ ပွဲဦးထွက် လုပ်ဆောင်မှုဖြစ်ပြီး ကိုရီးယားနိုင်ငံထုတ် Vogue မဂ္ဂဇင်းရဲ့ မတ်လထုတ်မဂ္ဂဇင်းမှာ ပေါ့ပ်ကြယ်ပွင့်က မျက်နှာဖုံးဓာတ်ပုံရိုက်ကူးပေးခဲ့ရင်း သူ့ရဲ့ ဓာတ်ပုံရိုက်ကူးရေးအပိုင်းကို ကိုယ်တိုင်စီစဉ်ခဲ့တာပါ။

အဆိုပါ မဂ္ဂဇင်းမှ တာဝန်ရှိသူတစ်ဦးရဲ့ ပြောကြားချက်အရ ဂျန်းနီဟာ မျက်နှာဖုံး ဓာတ်ပုံတွေအတွက် စိတ်ကူးပိုင်း၊ ဆံပင်နဲ့ မိတ်ကပ်ပြင်ဆင်မှုအပိုင်းအပြင် အခြားအပြင်အဆင်အပိုင်းတွေမှာလည်း ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခဲ့တာဖြစ်တယ်လို့ သိရပါတယ်။

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဗိုလ်မှူးချုပ် စိုးတင့်(ငြိမ်း)

**ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၃၀)၊ သူရတပ်ခွဲ**

**စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး(ဟောင်း)**

### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ စိန်ပန်းမြိုင်ရပ်ကွက်၊ ဇေယျာသုခလမ်းသွယ်(၂)၊ အမှတ် (၂၇/၅၄)နေ ဒေါ်စိုးစိုး(ခ)ဒေါ်စန်းမြင့်၏ ခင်ပွန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ- ဒေါ်မို့မို့စိုးတို့၏ ချစ်လှစွာသောဖခင် ဗိုလ်မှူးချုပ်စိုးတင့်(ငြိမ်း)သည် ၁၃-၂-၂၀၂၁ (စနေနေ့) ည ၈:၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်(ငြိမ်း)-ဒေါ်ခင်သန့်စင်မိသားစု**

---

## ဗိုလ်မှူးကြီးသန်းမြင့်(ငြိမ်း)

**တေဇ အပတ်စဉ်(၂)**

**ပင်လုံနှင်းဆီကိုယ်ပိုင်အထက်တန်းကျောင်း**

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ကြာပဒုမ္မာလမ်း၊ အမှတ်(၆၄)(C)နေ ဦးမြမောင်-ဒေါ်သိန်း၊ ဦးတင်မောင်(ကရမက်)-ဒေါ်စန်းမြင့်တို့၏သား၊ ဒေါ်နီနီစိုး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်အောင်မြင့်မြတ်(Yoma Group)-ဒေါက်တာပြည့်ဖြိုးမြင့်၊ ဒေါက်တာဟိန်းရဲမာန်၊ မချမ်းချမ်းဝသန်တို့၏ ချစ်လှစွာသောဖခင်သည် ၁၈-၂-၂၀၂၁ (ကြာသပတေးနေ့) ညနေ ၃:၁၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၂-၂၀၂၁ (စနေနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

**ကျန်ရစ်သူမိသားစု**

---

## အနိစ္စ

## ဒေါ်ခင်မြသန်း

**(ညောင်ပင်ဆိပ်ကျေးရွာ)**

### အသက်(၆၉)နှစ်

ကျိုက်မရောမြို့နယ်၊ ညောင်ပင်ဆိပ်ကျေးရွာနေ (ဦးရွှေကြူး-ဒေါ်နှင်းကြည်)တို့၏သမီး၊ ဦးရဲမြင့်-ဒေါ်ချိုချိုခိုင်၊ ဦးစံသိန်း-ဒေါ်ညွန့်ရီ၊ (ဒေါ်ခင်သန်းနွယ်)တို့၏ညီမ၊ ဦးသိန်းလွင်-ဒေါ်နုနုရီ၊ ဦးမြင့်လွင်- ဒေါ်အေးအေးစိုး၊ (ဦးတင့်လွင်)-ဒေါ်သန်းသန်းထွေး၊ ဦးခင်မောင်ထွေး-ဒေါ်နီနီဝင်း၊ ဦးသာဦး- (ဒေါ်ဝါဝါဝင်း)တို့၏ အစ်မ၊ [ဦးရဲမြင့် (မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)]၏ဇနီး၊ မောင်စိုးရဲလင်း-မမြင့်မြင့်မော်၊ မောင်မင်းစိုး-မမျိုးသိင်္ဂီစိုးတို့၏ ချစ်လှစွာသောမိခင်၊ မပိုးသန္တာအောင်၊ မရွှေပိုးအိမ်တို့၏ အဘွားသည် ၁၈-၂-၂၀၂၁ ရက် ညနေ ၃:၃၀ နာရီတွင် တပ်မတော်အသည်းဆေးရုံ (မင်္ဂလာဒုံ)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၆ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၂-၂၀၂၁ ရက် နံနက် ၁၀:၃၀ နာရီတွင် တောင်ဒဂုံမြို့နယ်၊ (၁၇)ရပ်ကွက်၊ ဥတ္တဌာရာမကျောင်းတိုက်၊ မောင်းမကန်ကမ်းသာလမ်း၌ ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်း ရေစက်သွန်းချ အမျှဝေပါမည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်သန်းရင်

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၁၄)၊ ဦးပြုံးချိုလမ်း၊ (၄၁)ရပ်ကွက်နေ (ဦးထွန်းရှိန်-ဒေါ်ငွေလှိုင်)တို့၏ သမီး၊ [ဦးကြင်ထွေး (ဆောက်/လျှပ်-ငြိမ်း)]၏ဇနီး၊ ဦးညွန့်လွင်၊ ဦးထိန်ဝင်း (ဒုညွှန်ချုပ်၊ လဝက)-ဒေါ်စန်းစန်းသော်၊ (ဦးအောင်ကျော်မိုး)တို့၏မိခင်၊ မောင်ကောင်းမြတ်သော်၏ အဘွား ဒေါ်သန်းရင်သည် ၁၉-၂-၂၀၂၁ (သောကြာနေ့) နံနက် ၅ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေးမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၂-၂၀၂၁ (ကြာသပတေးနေ့) နံနက်တွင် နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ တိုက်(၄၁၀၁)၊ အခန်း(၁၂) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်အေး(ခ)ဒေါ်တင်ဇ

**B.A,M.A (ဂုဏ်ထူး)**

**ကထိက(ငြိမ်း)၊ သမိုင်းဌာန**

**ရန်ကုန်တက္ကသိုလ်(ပင်မ)၊ ဥက္ကဋ္ဌ၊ သီရိဆောင်၊ ကျောင်းသူဟောင်းများအသင်း**

### အသက်(၉၅)နှစ်

လယ်ဝေးမြို့နယ်၊ ရမည်းသင်းခရိုင်၊ ချောင်းခွ ရွာသူကြီး (ဦးဘိုဉာဏ်-ဒေါ်ပု)တို့၏ အငယ်ဆုံးသမီး၊ ဝဏ္ဏကျော်ထင်(ဗိုလ်မှူးကပ်ကျိုး-ဒေါ်လှန်ငွဲလ်)တို့၏ သမီးချွေးမ၊ အမှတ်(၆၄)၊ အောင်ချမ်းသာ (၂)လမ်း၊ အောင်မြေသာစည်အိမ်ရာဝင်း၊ (၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်နေ [ဦးရောဘတ်စွန်ခါ (တွဲဖက်ညွှန်ကြားရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ အတွင်းရေးမှူး၊ နိုင်ငံခြားဆက်သွယ်ရေး၊ ကျောင်းသားသမဂ္ဂ ရန်ကုန်တက္ကသိုလ်၊ လေထီးဆက်သွယ်ရေးစစ်သည်)]၏ ချစ်လှစွာသောဇနီး၊ C/E ဦးခါမောင်ဦး၊ ဒေါက်တာ ခါမေတင်၊ ဒေါ်သီဒါခါ (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)၊ Capt: ဦးအောင်ခိုင်-ဒေါ်သီရိခါ၊ ဒေါက်တာစန္ဒာခါ (ပါမောက္ခဌာနမှူး၊ ဓာတုဗေဒဌာန၊ ပုသိမ်တက္ကသိုလ်)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဦးခိုင်ထက်ဦး-ဒေါ်အေးသက်တာ၊ ဒေါက်တာခင်ထျုန်းခိုင်ဆုလာဒ်(Gangnam Aestetic Medical Center)၊ မောင်ခိုင်မင်းထွေး (BE(UNSW)တို့၏ အချစ်ဆုံးအဘွား၊ မညီုဆက်ရှင် (Abigail Robin Brown)၏ ချစ်လှစွာသောဘွားဘွားကြီးသည် ၁၇-၂-၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက် ၃:၅၀ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ညနေ ၃နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဝင်းဦး(ကင်းကောင်)

### အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၁၁၇)လမ်း၊ အမှတ်-(၅/ပ) ထပ်နေ (ဦးညွန့်မောင်-ဒေါ်မိုး)တို့၏ အကြီးဆုံးသား၊ (ဦးစိန်ဝင်း-ဒေါ်ထွေးမြိုင်)တို့၏ သားသမက်၊ (ဦးလှသောင်း)၊ ဒေါ်အေးအေးမြင့်၊ ဒေါ်သင်းသင်းဆွေ၊ ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်မင်းမင်းခိုင်တို့၏ အစ်ကိုကြီး၊ ဒေါ်ဆွေဆွေဝင်း (အလယ်တန်းပြ၊ အမက-၁၊ လမ်းမတော်၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ညီညီဖြိုး၊ (မောင်အောင်အောင်ဖြိုး)၊ မောင်အောင်မျိုးသူတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးဝင်းဦးသည် ၁၉-၂-၂၀၂၁ ရက် နံနက် ၃ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## မအေးစန္ဒီခိုင်

### အသက်(၂)နှစ်(၁၀)လ

ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် (၂၆၆)၊ ပထမထပ်နေ ဦးသက်ဝေ- ဒေါ်မိုးမိုးခိုင်တို့၏ ချစ်လှစွာသောသမီး၊ ဦးဦးသာထွန်း-ဒေါ်သင်းကြွယ်တို့၏ တစ်ဦးတည်းသောမြေး၊ ခေတ္တ အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားပြည်နယ်နေ ဦးသိန်းမြင့်-ဒေါ်စန်းစန်းဝေ၊ (ဦးသန်းဝေ)-ဒေါ်ညိုညိုခိုင်တို့၏တူမ မအေးစန္ဒီခိုင်သည် ၁၈-၂-၂၀၂၁ ရက် ညနေ ၃:၁၅ နာရီတွင် တပ်မတော်ဆေးရုံအမှတ်(၂) ခုတင်-၅၀၀ ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၂၀-၂-၂၀၂၁ (စနေ နေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်တင်လှ

### အသက်(၇၄)နှစ်

မြောက်ဥက္ကလာပမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်နေ (ဦးဘိုးကွန်း-ဒေါ်သိန်းနု)တို့၏ သမီး၊ (ဦးမောင်မောင်-ဒေါ်ငွေတင်)၊ (ဦးတင်အောင်-ဒေါ်ငွေကျင်)တို့၏ ညီမ၊ (ဦးသန်းအောင်)-ဒေါ်ခင်ညိုလွင်၊ (ဦးလှဝင်း)၊ ဦးငွေးမြင့်-ဒေါ်ဝေဝေချိုတို့၏ အစ်မ၊ ဦးမျိုးဦး(ညွှန်ကြားရေးမှူး၊ လယ်စီ/စာရင်း)-ဒေါ်ကေသီလှိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုကျော်သူရ-မမိုးသူဇာ၊ မောင်ထွန်းနိုင်ကျော်တို့၏ အချစ်ဆုံးအဘွား၊ မောင်ပြည့်ဖြိုးထွဋ်၊ မောင်အံ့ထူးခန့်တို့၏ ဘွားဘွားကြီး၊ (ဦးဖူးတင်)၏ဇနီးသည် ၁၈-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၀-၂-၂၀၂၁ (စနေနေ့) ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ညနေ ၃ နာရီတွင် ဥတ္တရသီရိမြို့နယ်၊ ရတနာသိဒ္ဓိရပ်ကွက်၊ ကလောလမ်း၊ အမှတ်(ဥ-၃၀၃၉)နေ ဦးမျိုးဦး(ညွှန်ကြားရေးမှူး၊ လယ်စီ/စာရင်း)-ဒေါ်ကေသီလှိုင်တို့၏ နေအိမ်မှ ကွေ့ကြီးသုသာန်သို့ လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌ အိပ်ပျော်ခြင်း**

## Sister နော်အိုင်စီးမာဂျိုး (ကျန်းမာရေး/ ငြိမ်း)

### အသက်(၈၄) နှစ်

အောင်ပန်းမြို့ ရွာသစ်ရပ်ကွက်နေ ( ဦးစောဂျိုး- နော်ပရီးတီး)တို့၏ သမီး၊ (ဦးထွယ်ဘောက်) ၏ ဇနီး၊ ဦးကျော်ထင်အောင်- ဒေါ်ခေါ(န်)ထွယ်(ခ)နော်မူးမူ (ထ/ခွဲ လ-၂) အောင်ပန်း၊ ဦးဂျိုကမ်(ခ)စောအယ်ထူး (F.P.B) တောင်ကြီး- ဒေါ်မွန်းဒင်(ခ)နော်ငယ် (P.G.K)တို့၏ ကျေးဇူးရှင် ချစ်လှစွာသောမိခင်၊ မြေးငါးယောက်တို့၏ အဘွား၊ Sister နော်အိုင်စီးမာဂျိုး (ကျန်းမာရေး/ ငြိမ်း) အသက်(၈၄)နှစ်သည် (၁၉.၂.၂၀၂၁)သောကြာနေ့၊ နံနက် ၃:၄၀ နာရီအချိန်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့်(၂၁.၂.၂၀၂၁)တနင်္ဂနွေနေ့မွန်းလွဲ ၁ နာရီအချိန်တွင် နေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး ညောင်ပင်ထောင်ခရစ်ယာန်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်လှ

### အသက်(၇၄)နှစ်

လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ရုံးချုပ်)၊ မြေယာစီမံခန့်ခွဲရေးဌာနခွဲ ညွှန်ကြား ရေးမှူး ဦးမျိုးဦး-ဒေါ်ကေသီလှိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်တင်လှ အသက်(၇၄)နှစ်သည် ၁၈-၂-၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**

**အရာထမ်း၊ အမှုထမ်းများနှင့်ဌာနမိသားစုများ**

**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

---

## ဒေါ်နီလာကျော်မြင့်(U.S.A)

### အသက်(၆၁)နှစ်

San Jose, California USA နေ [ဗိုလ်မှူးကျော်မြင့်(ငြိမ်း)-ဒေါ်ကြူကြူ]တို့၏ သမီးလတ်၊ Ajan Aungst ၏ဇနီး၊ ဦးကျော်ဒိုက်-(Esteila)၊ ဒေါ်နွယ်နွယ်ကျော်မြင့်-(Robert Ailen)၊ ဦးမျိုးကျော်မြင့်- ဒေါ်ဥမ္မာဝင်းတို့၏ ညီမ၊ (လူလူကျော်မြင့်)- Margaret Hannel၊ မေမေကျော်မြင့်- Phil Weimer၊ ဖြူဝါကျော်မြင့်- Richard Cheung တို့၏ ချစ်လှစွာသောအစ်မ၊ ဖြူစင်မျိုးကျော်မြင့်၊ ဥမ္မာမျိုးကျော်မြင့်၊ သီရိမျိုးကျော်မြင့်၊ Ollie Myint Cheung and Nicholas Myint Cheung တို့၏အဒေါ်၊ ဇေယျာမြင့်၊ သူရိဝင်း၊ သော်မြင့်တို့၏ဘွားလေး ဒေါ်နီလာကျော်မြင့်သည် ၁၂-၂-၂၀၂၁ ရက် ညနေတွင် San Jose, California USA ၌ ကွယ်လွန်အနိစ္စရောက်သွားပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်ဆွေတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးလှထူး (၇၁)နှစ်

**စာရင်းကိုင်(၂)၊ ကညန(ငြိမ်း)**

ဒေါ်သန်းသန်း၏ခင်ပွန်း ဦးလှထူးသည် ၁၈-၂-၂၀၂၁ ရက်တွင် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားပြည်နယ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ**

**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်တင်တင်ထွေး (၆၂)နှစ်

**စာရင်းကိုင်(၄)၊ ကညန(ငြိမ်း)**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်နေ ဦးမြတ်စိုး (လ/ထ ညွှန်မှူး၊ ကညန-ငြိမ်း)၏ ဇနီးသည် ၁၁-၂-၂၀၂၁ ရက် ညနေ ၃:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ကညန အငြိမ်းစားဝန်ထမ်းများ**

**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**













ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာ
ကာကွယ်မှုနဲ့အတူ ဆက်လက် ဆောင်ရွက်စို့

## ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ်ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီးဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**



# ဘုရင့်နောင်ဆိပ်ကမ်းသို့ ရေလမ်းကြောင်းသုံးခုဖြင့် ကုန်စည်များ အဆက်မပြတ်ပို့ဆောင်

**ရန်ကုန် ဖေဖော်ဝါရီ ၁၉**

မြစ်ဝကျွန်းပေါ်ဒေသအပါအဝင် ကုန်စည်ပို့ဆောင်ရေးအတွက် ရေလမ်းခရီးလိုင်းသုံးခုဖြင့် ပို့ဆောင်ပြေးဆွဲနေသော ရန်ကုန်ဘုရင့်နောင်ဆိပ်ကမ်း၏ လုပ်ငန်းလည်ပတ်မှုများသည် ယခုကာလများတွင် လုပ်ငန်းရပ်တန့်သွားခြင်းမျိုးမရှိဘဲ နေ့စဉ် ဆိပ်ကမ်းကုန်တင်/ကုန်ချလုပ်သား ၁၀၀ ကျော်ဖြင့် ကိုဗစ်စည်းကမ်းချက်များကို လိုက်နာကာ ပုံမှန်လည်ပတ်လျက်ရှိကြောင်း ရန်ကုန်မြို့ ဘုရင့်နောင်ဆိပ်ကမ်းကုန်စည်ပို့ဆောင်ရေးမှ သိရသည်။

"ဒီကာလမှာ ကျွန်တော်တို့ ဘုရင့်နောင်ဆိပ်ကမ်းမှာက လုပ်ငန်းလည်ပတ်မှုကတော့ ပုံမှန်ပါပဲ၊ မရပ်သွားပါဘူး။ ရန်ကုန်ကနေ နယ်ကိုဆင်းတဲ့သင်္ဘောတွေရော၊ နယ်ကနေတက်တဲ့ သင်္ဘောတွေရော အဝင်အထွက်ကတော့ ပုံမှန်ပါပဲ။ ဒီကာလတွေမှာ ရပ်တန့်သွားတာမျိုးတော့မရှိပါဘူး။ ဒီလိုလုပ်ငန်းလည်ပတ်မှုလေးအတိုင်း မရပ်သွားဘဲ လည်ပတ်နေမယ်ဆိုရင် ဒီမှာ အလုပ်ဆင်းနေကြတဲ့လုပ်သားတွေလည်း အဆင်ပြေပြေ သွားနိုင်မှာပါ။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ✻


ကြေးမုံ ယနေ့ ဖတ်စရာ

**Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ကိုယ်ဝန်ဆောင်မိခင်များအပေါ် ထိရောက်မှုရှိ၊ မရှိ လက်တွေ့စမ်းသပ်မှုပြုလုပ်**
စာမျက်နှာ » ၁၃

**စာနယ်ဇင်းသမား (သို့မဟုတ်) နှောင်ကြိုးမဲ့နိုင်ငံရေးသမား ဆိုသည်မှာ**
ဆောင်းပါး စာမျက်နှာ » ၁၉

**ရန်ကုန်မြို့ပြ မော်တော်ယာဉ်များနှင့် က.ည.န ဝန်ဆောင်မှုလုပ်ငန်းများ အကြောင်း**
စာမျက်နှာ » ၂၃


# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူများအား သက်ဆိုင်ရာဒေသများသို့ ဆက်လက်ပို့ဆောင်

**ချင်းရွှေဟော် ဖေဖော်ဝါရီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှ ပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူ ၃၅ ဦးအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် ယမန်နေ့က ၁၈ ဦးနှင့် ယနေ့ နံနက် ၁၁ နာရီက ၁၇ ဦး စုစုပေါင်း နေရပ်ပြန်ပြည်သူ ၃၅ ဦးအား လားရှိုးမြို့သို့ ဆက်လက်လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ■





# နေရပ်ပြန် မြန်မာသင်္ဘောသားများအား အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း ဖေဖော်ဝါရီ ၁၉**

နိုင်ငံတကာပင်လယ်ကူးသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်မည့် သင်္ဘောသားများအား ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း သင်္ဘောသားအလွှဲအပြောင်းပြုလုပ်သည့်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိရာ MV.MELATIS-5 သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်မည့် ကပ္ပတိန် ဦးသန့်စင်နှင့်အတူ သင်္ဘောသား ၂၇ ဦး ယမန်နေ့နံနက်ပိုင်းက မြို့မဆိပ်ကမ်းမှတစ်ဆင့် တာဝန်ထမ်းဆောင်မည့်သင်္ဘောရှိရာသို့ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါသင်္ဘောပေါ်မှ တာဝန်ပြီးဆုံး၍ ထွက်လာသည့် သင်္ဘောသား ၂၇ ဦးမှာ အဆိုပါနေ့ညနေပိုင်းက ကော့သောင်းဆိပ်ကမ်းသို့ ရောက်ရှိရာ ကော့သောင်းဆိပ်ကမ်းတွင် တာဝန်ရှိအဖွဲ့အစည်းများက လိုအပ်သည့် စစ်ဆေးမှုများဆောင်ရွက်ကာ ကိုဗစ်-၁၉ ရောဂါ ဆက်လက်ထိန်းချုပ်နိုင်ရေး ဟိုတယ်၌ ၁၄ ရက် ထားရှိစောင့်ကြည့်မှုခံယူကြမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**